The **Commerce** Journal
စီးပွားရေးသတင်းဂျာနယ်
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကိုအခြေခံ
VOL. 24, NO. 12 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | November 4, 2024



# နောင်ရေးကောင်းဖို့ ထောပတ်သီးပင် စိုက်ကြစို့

စာမျက်နှာ - 28 ➤

## အင်းလေးဒေသထွက် ပဒုမ္မာ ကြာချည်ထည်များ

စာမျက်နှာ - 11 ➤

## Myanmar Pay ကို လာမည့် ဒီဇင်ဘာလတွင် စတင် အသုံးပြုနိုင်ရန် လျာထား

စာမျက်နှာ - 20 ➤

## ငွေချေးသက်သေခံလက်မှတ် ငွေကြေးထောက်ပံ့ရေး ကုမ္ပဏီများ

စာမျက်နှာ - 26 ➤




ကောမတ်စ် ပုံနှိပ်လုပ်ငန်း

အောက်ပါလုပ်ငန်းများကိုလက်ခံဆောင်ရွက်ပေးနေပါသည်။

*Pamphlets, Calendar(Table/Wall)*
*Visiting Card, Company Letter Head*
*File Holder, Business Cards*
*Certificates Labels, Voucher, Book,*
*Catalouges, Postcards, Envelopes, Journal*

No.240(A), Upper Pazundaung Road, Setsan, Mingala Taung Nyunt Tsp:

Ph:09 43034879, 09 795679800




**Advansia Agroscience Company Limited.**

တိုက်အမှတ်(၅)၊ (၃)လွှာ၊ ပါရမီလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ (စာတိုက်အမှတ် - ၁၁၀၅၁)၊ ရန်ကုန်မြို့။

Building No.(5), 3rd Floor, Parami Road, (16) Ward, Hlaing Township, (Postal Code : 11051) Yangon Division, Myanmar.

Tel : + 95 9 44643 2385 / Email : myanmar@advansia.com / Website : https://advansiaagroscience.com

Advansia Agroscience Myanmar   Advansia Agroscience Myanmar

# မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တီထွင်မှုမူပိုင်ခွင့် တရားဝင်စတင်လက်ခံခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

တီထွင်မှုမူပိုင်ခွင့် တရားဝင် စတင်လက်ခံခြင်း အခမ်းအနားကို အောက်တိုဘာ ၃၁ ရက် မွန်းလွဲပိုင်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃)၊ အစည်းအဝေးခန်းမ(၂)၌ Hybrid စနစ်ဖြင့် ကျင်းပခဲ့ရာ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြားခဲ့သည်။

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့ခေတ်သည် နည်းပညာများနှင့် ယှဉ်ပြိုင်မှုများ အရှိန်အဟုန်ဖြင့် တိုးတက်လာမှုနှင့်အတူ ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်စီးပွားရေးစနစ် (Global Market) ကို ကျင့်သုံးလာမှုကြောင့် မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များသည် ကဏ္ဍအသီးသီးတွင် ပိုမိုအရေးပါလာကြောင်း၊ မူပိုင်ခွင့်အကာအကွယ်ပေးသည့် စနစ်ကျင့်သုံးဆောင်ရွက်နိုင်ခြင်းဖြင့် ဆန်းသစ်တီထွင်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မား၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အပံ့ကောင်းတစ်ခုဖြစ်စေမည်ဖြစ်ကြောင်း၊ တီထွင်ဆန်းသစ်နိုင်မှုနှင့် ဖန်တီးနိုင်မှုစွမ်းအားများသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် တိုက်ရိုက်အချိုးကျနေသည့်အတွက် တီထွင်ဆန်းသစ်မှုနှင့် ဖန်တီးမှုများ မြင့်တက်စေရန် တီထွင်သူ၊ ဖန်တီးသူတို့၏ လက်ရာများကို ထိထိရောက်ရောက် အကာအကွယ်ပေးမည့် မူပိုင်ခွင့်စနစ်ကို အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး မိမိတို့နိုင်ငံအနေဖြင့် မူပိုင်ခွင့်အကာအကွယ်ပေးသည့်စနစ်တည်ထောင်ခြင်း ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မူပိုင်ခွင့်ဥပဒေ ၄ ရပ်အနက် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေများသည် ၂၀၂၃ ခုနှစ်တွင် အာဏာတည်ခဲ့ပြီး အဆိုပါဥပဒေများအတွက် မူပိုင်ခွင့်လျှောက်ထားခြင်းများကို လက်ခံဆောင်ရွက်လျက်ရှိကြောင်း၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေမှာ ၂၀၂၄ ခုနှစ် မေ ၃၁ ရက်တွင် အာဏာတည်ခဲ့ပြီး ယနေ့တွင် တီထွင်မှု မူပိုင်ခွင့်ဥပဒေအရ တီထွင်မှု လျှောက်ထားချက်များကို တရားဝင် စတင်လက်ခံပြီဖြစ်ရာ မူပိုင်ခွင့်ဥပဒေ လေးခုလုံးကို ပြည့်ဝစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ တီထွင်မှုများကို အကာအကွယ်ပေးလာနိုင်ခြင်းအားဖြင့် နည်းပညာ လွှဲပြောင်းရေးကို မြှင့်တင်နိုင်ခြင်း၊ တီထွင်ဆန်းသစ်မှုများ တိုးမြှင့်နိုင်ခြင်း၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှုများ ဝင်ရောက်လာနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေခြင်း၊ ဝင်ငွေရရှိမှု တိုးတက်နိုင်ခြင်း၊ နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုကို ဖွံ့ဖြိုးတိုးတက်စေခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ရာ တာဝန်ရှိသူများအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး တီထွင်မှုမူပိုင်ခွင့်ဥပဒေကို အာဏာသက်ဝင်ခြင်းနှင့်စပ်လျဉ်း၍ မူပိုင်ခွင့်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း၊ တီထွင်မှု မူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများနှင့် စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့်ဌာနခွဲမှ ညွှန်ကြားရေးမှူးကလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းခြင်းများအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီဝင်များဖြစ်သည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက in person တက်ရောက်ခဲ့ကြပြီး မူပိုင်ခွင့်ဆိုင်ရာပညာရှင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် သက်ဆိုင်ရာအသင်းများမှ တာဝန်ရှိသူများ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု အထောက်အကူပြုစင်တာများမှ ကိုယ်စားလှယ်များနှင့် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ်များမှ အရာထမ်းကိုယ်စားလှယ်များက Virtual ဖြင့် လည်းကောင်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**MOC(IR)**

# အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ် (၁၀) သင်တန်းဖွင့်လှစ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး ရန်ကုန်တိုင်းဒေသကြီးတွင် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံသင်တန်း (စနေ၊ တနင်္ဂနွေ) အမှတ်စဉ် (၁၀) သင်တန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၆ ရက် နံနက် ၉ နာရီတွင် ကျင်းပခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်၊ ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်းမှ သင်တန်းသားဟောင်းများ၊ သင်တန်းနည်းပြများနှင့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု အခြေခံသင်တန်း အမှတ်စဉ်(၁၀) သို့ တက်ရောက်မည့် သင်တန်းသားအသစ်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းမှာ သင်တန်းကာလ လေးလခန့်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၁၀၄ ဦး တက်ရောက်မည်ဖြစ်ကြောင်းသိရသည်။

**TTI**

# ပွင့်လင်းရာသီတွင် ရော်ဘာပိုမိုတင်ပို့နိုင်ရန် ကြိုးပမ်းလျက်ရှိ

တာလေ-ကျိုင်းလပ်လမ်းမှတစ်ဆင့် မြန်မာ-လာအို ချစ်ကြည်ရေး တံတားကို ဖြတ်သန်းပြီး လာအိုနိုင်ငံနှင့် ကုန်သွယ်မှုအား ၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၄ ရက်မှ စတင်ပြုလုပ်ခဲ့သည်။ ကျိုင်းလပ် ကုန်သွယ်ရေးစခန်းသစ်ကို ၂၀၂၃ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် မြန်မာနိုင်ငံမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးတို့က ဦးဆောင်ဖွင့်လှစ်ခဲ့သည်။

မြန်မာနိုင်ငံမှ ပို့ကုန်တင်ပို့မှုအနေဖြင့် ဆန်၊ ပြောင်း၊ ရော်ဘာ၊ ဆိတ်အရှင်၊ နွားအရှင်နှင့် သိုးအရှင်များအား တင်ပို့နိုင်ခဲ့သည်။ ကျိုင်းလပ်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်ပစ္စည်းများ တင်ပို့လျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဆေးရွက်ကြီး ၇၇ တန်၊ ဆီးဆန် ၅၁ တန်၊ ရော်ဘာ ၈၅ တန်၊ ပုစွန်ဖွဲ ၂၁၆၃ တန်ကျော် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၉၅ သန်း ပို့ကုန်ဝင်ငွေ ရရှိခဲ့သည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဝဥခြောက် ၄၂ တန်၊ ဆေးရွက်ကြီး ၁၃၂ တန်၊ ရော်ဘာတန်ချိန် ၄၀ တင်ပို့ခဲ့ပြီး ပို့ကုန်ဝင်ငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၂၉၂ သန်းရရှိခဲ့သည်။

နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်ဖြစ်သည့် နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးအတွက် ပို့ကုန်တိုးမြှင့် တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ပျောက်ကွယ်နေသည့် ပစ္စည်းအမယ်များ ပြန်လည်ရှာဖွေတင်ပို့ခြင်း၊ ပို့ကုန်အမယ်သစ်များ ရှာဖွေတင်ပို့ခြင်းတို့ကို ဝန်ထမ်းများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ယခုဘဏ္ဍာနှစ် စက်တင်ဘာလတွင် အမေရိကန်ဒေါ်လာ ၂၇၀၀၀ တန်ဖိုးရှိ ရော်ဘာတန်ချိန် ၂၀၊ အောက်တိုဘာလတွင် အမေရိကန်ဒေါ်လာ ၂၉၀၀၀ တန်ဖိုးရှိ ရော်ဘာတန်ချိန် ၂၀ တင်ပို့နိုင်ခဲ့၍ ဆက်လက်တင်ပို့နိုင်ရန်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ရော်ဘာတင်ပို့မည့် ပို့ကုန်လုပ်ငန်းရှင်များအတွက် အလားအလာကောင်းများ ရရှိမည်ဖြစ်ကြောင်းနှင့် ပွင့်လင်းရာသီသို့ ရောက်ရှိပါက ပိုမိုတင်ပို့နိုင်မည်ဖြစ်သဖြင့် ရော်ဘာစိုက် တောင်သူများ၊ ရော်ဘာလုပ်ငန်းရှင်များ၊ ရော်ဘာပို့ကုန် ကုန်သည်များအား လာရောက်ပူးပေါင်း ဆောင်ရွက်နိုင်ပါရန် ကျိုင်းလပ်ကုန်သွယ်ရေးစခန်းမှ ဖိတ်ခေါ်လိုက်ရပါသည်။

**ကျိုင်းလပ်ကုန်သွယ်ရေးစခန်း**


Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
သောင်းနိုင်၊ ခင်မောင်လှိုင်၊ နီနီကျော်

**စာတည်းမှူးချုပ်**
ညီညီအောင်

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ကျော်ကျော်

**အုပ်ချုပ်ရေးမှူး**
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး

**သတင်းထောက်များ**
ရီလင်းထွဋ်(မုံရွာ)၊
သဇင်(မအူပင်)
ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)
မင်းမင်းဦး(ပုသိမ်)
ဝင်းဝင်းခိုင်(ပြည်)
သန်းသန်းတင်(မုံရွာ)
စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
အိမ့်သဇင်ခိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (၀၉ ၇၇၇ ၁၂၇၂၇၂)

**ထုတ်ဝေသူ**
ဦးမျိုးခိုင်ဝင်း (၀၀၉၇၇)
အမှတ်-၂၂၈/၂၄၀၊
ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေး**
အုန်းခင်(၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
အိမ့်သဇင်ခိုင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com




# Paing Family International Co., Ltd

**Export & Import Trading Company**
**(Beans and Pulses, Sesame Seeds, Sugar)**



No. BSH 1, Hematite Shop House, Baho Road, Homi Lane Station Quarter, Sanchaung Township, Yangon, Myanmar.
Tel : +95-9-955188885, +95-9-955188886, +95-9-955188887

MFA
MYANMAR FINEST AUTOMOBIL'

# "Enjoyment of driving"

BOSCH Service
Car Service



**Address** : No.25, Baho Road ( Shan Lane Street), Aung Chan Thar Ward, Sanchaung Township, Yangon.

**Contact No** : 09 254282251, 09 777603255

**Email** : marking@myanmarfinestautomobil.com

BIZOL
Made in Germany

A.ONE.TOP & STARLIGHT

MANNOL SCT LUBRICANTS




Head Office
No.C 10/11, Thiri Yadanar Wholesale Market,
North Oakkala Township Yangon

Office : 09 785 411 288
Bizol : 09 772 928 187, 09 250 411 288
Mannol : 09 674 709 699, 09 775 682 911

info@aonetopandstarlight.com


စစ်မှန်တဲ့ COFFEE အရသာကိုခံစား
Feel The WOW
Feel The WOW
CAPPUCCINO CANDY
Feel The WOW
BLACK COFFEE CANDY
WOW CANDY
Feel The WOW
မူလချိုဆိမ့် အရသာအတိုင်း
အသွင်သစ် အမြင်သစ်နဲ့


ခံတွင်းရှင်းရင်ချောင်
Ziiip
MENTHOL CANDY
မင်သော် သကြားလုံး
NEW FLAVOR
ORIGINAL
LIME FRESH FLAVOR
EXTRA STRONG
HONEY LEMON FLAVOR
REFRESHING + COOLING
BEYOND
Food Production

# မကွေးမြို့၏ ပဲမျိုးစုံ ဈေးနှုန်းဈေးကွက်

**မြေပဲ**

မကွေးတိုင်းဒေသကြီး မကွေးဈေးကွက်၌ မကွေးမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် မင်းဘူးခရိုင်အတွင်းရှိ ကျေးရွာများမှ မိုးမြေပဲများ လှိုင်လှိုင်ထွက်ရှိပြီး နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

အောက်တိုဘာလ စတုတ္ထပတ်တွင် မြေပဲ(နီ)တောင့် တစ်တင်းလျှင် ကျပ် ၂၅၀၀၀-၃၀၀၀၀၊ မြေပဲ(ဖြူ)တောင့် တစ်တင်းလျှင် ကျပ် ၂၂၀၀၀-၂၇၀၀၀၊ မြေပဲလုံးဆန်နီ တစ်ပိဿာလျှင် ကျပ် ၇၈၀၀-၈၀၀၀၊ မြေပဲလုံးဆန်ဖြူ တစ်ပိဿာလျှင် ကျပ် ၇၃၀၀-၇၇၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ဈေးကွက်အနေဖြင့် ဒေသတွင်း ဆီကြိတ်ခွဲထုတ်လုပ်သည့် လုပ်ငန်းရှင်များနှင့် မြေပဲဆားလှော်လုပ်ငန်းများမှ ဝယ်ယူကြကြောင်း၊ ရန်ကုန်၊ မန္တလေးနှင့် ပြည်မြို့များသို့ တင်ပို့ကြောင်း၊ မြေပဲအရည်အသွေးကောင်းမွန်မှုကြောင့် ဈေးနှုန်းမြင့်တက်လာကြောင်း သိရသည်။

**ပဲတီစိမ်း**

မကွေးခရိုင် မကွေးမြို့နယ်ရှိ ကျေးရွာများ၌ ဩဂုတ်လတွင် ပဲတီစိမ်းသီးနှံကို စိုက်ပျိုးပြီး အောက်တိုဘာလလယ်တွင် စတင်ခူးဆွတ်ကြကြောင်း သိရသည်။ အောက်တိုဘာလ စတုတ္ထပတ်တွင် ပဲတီစိမ်း တစ်တင်းလျှင် ငွေကျပ် ၇၅၀၀၀-၇၇၀၀၀ ပေါက်ဈေးရှိကြောင်း၊ ဈေးကွက်အနေဖြင့် တောင်တွင်းကြီးမြို့နှင့် မကွေးမြို့သို့ သွားရောက်ရောင်းချပြီး ထိုမှတစ်ဆင့် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချကြောင်း၊ ယခုရာသီတွင် မိုးရွာသွန်းမှု များပြားခြင်းကြောင့် သီးနှံအထွက်နှုန်း လျော့နည်းသော်လည်း ပဲစင်းငုံသီးနှံကို သီးညှပ်အဖြစ် စိုက်ပျိုးကြသည့်အတွက် တောင်သူများအနေဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကုလားပဲ**

မကွေးဈေးကွက်၌ မကွေးမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် မင်းဘူးခရိုင်အတွင်းရှိ ကျေးရွာများမှ ထွက်ရှိသည့် ကုလားပဲသီးနှံများ နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ အောက်တိုဘာလ စတုတ္ထပတ်တွင် ကုလားပဲဝါ(929) တစ်တင်းလျှင် ငွေကျပ် ၉၉၀၀၀၊ ကုလားပဲဝါ(HL) တစ်တင်းလျှင် ငွေကျပ် ၉၇၀၀၀၊ ကုလားပဲဝါသေး တစ်တင်းလျှင် ငွေကျပ် ၉၂၀၀၀ ပေါက်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း၊ ဈေးကွက်အနေဖြင့် ရန်ကုန်၊ မန္တလေးနှင့် ပြည်မြို့များသို့ တင်ပို့လျက်ရှိကြောင်းနှင့် ပြည်ပပို့ကုန်အဖြစ် တရုတ်၊ အိန္ဒိယနိုင်ငံများသို့ တင်ပို့ကြောင်း သိရသည်။

**ထောပတ်ပဲ**

မကွေးခရိုင် မကွေးမြို့နယ် ကရင်ကျေးရွာတွင် နှမ်း၊ မြေပဲနှင့် ပဲမျိုးစုံသီးနှံတို့ကို စိုက်ပျိုးလျက်ရှိရာ ထောပတ်ပဲ(ဆောင်း)သီးနှံကို စက်တင်ဘာလတွင် စတင်စိုက်ပျိုးကြပြီး ဇန်နဝါရီလတွင် ရိတ်သိမ်းကြကြောင်းသိရသည်။ ဈေးနှုန်းအနေဖြင့် အောက်တိုဘာလ စတုတ္ထပတ်တွင် ထောပတ်ပဲ(ဖြူ) တစ်တင်းလျှင် ငွေကျပ် ၁၁၂၀၀၀-၁၃၅၀၀၀ ပေါက်ဈေးရှိပြီး ဈေးကွက်အနေဖြင့် ဒေသတွင်းပွဲရုံများနှင့် ပဲကြော်၊ ပဲလှော်လုပ်ငန်းရှင်များမှ ဝယ်ယူကြကြောင်း၊ ထို့အပြင် ပွဲရုံများမှတစ်ဆင့် ရန်ကုန်၊ မန္တလေးမြို့များသို့ တင်ပို့ရောင်းချကြောင်း၊ ယခုအချိန်တွင် ထောပတ်ပဲသီးနှံများ ဖူးပွင့်ဝေဆာ၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိသောကြောင့် အထွက်နှုန်း ကောင်းမွန်ပြီး ဈေးကောင်းရရှိပါက အကျိုးအမြတ်များ ပိုမိုရရှိနိုင်ကြောင်း သိရသည်။

**တင့်တင့်ထွန်း(မကွေး)**

# မကွေးတိုင်းဒေသကြီးတွင် ဖြစ်ပေါ်လျက်ရှိသော စပါး၊ ဆန်ဈေးနှုန်းနှင့် စီးဝင်မှုအခြေအနေ

မကွေးတိုင်းဒေသကြီးသည် ဆီထွက်သီးနှံ နှမ်း/မြေပဲတို့အား အဓိကစိုက်ပျိုးကြသော်လည်း ဆန်လိုတိုင်းဒေသကြီးဖြစ်၍ စပါးအဓိကစိုက်ပျိုးထွက်ရှိရာ အခြားတိုင်း/ပြည်နယ်များမှ တင်သွင်းရသည်။

မကွေးတိုင်းဒေသကြီးအတွင်း ဧရာပဒေသာစပါးကို အဓိကစိုက်ပျိုးကြပြီး အောက်တိုဘာလ နောက်ဆုံးပတ်တွင် ဖြစ်ပေါ်နေသော စပါးဈေးနှုန်းများမှာ ဧည့်မထ(နွေ)တစ်တင်းလျှင် ကျပ် ၁၇၀၀၀ ဖြစ်ပြီး ဆန်ဈေးနှုန်းများမှာ မကွေးခရိုင်တွင် ပေါ်ဆန်းမွှေး(၂၄)ပြည် တစ်အိတ်လျှင် ကျပ် ၁၅၉၀၀၀၊ ဧရာပဒေသာ ကျပ် ၁၃၉၀၀၀၊ မနောသုခ ကျပ် ၁၀၃၀၀၀၊ ရတနာတိုး ကျပ် ၇၅၀၀၀၊ မင်းဘူးခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၅၅၀၀၀၊ ဧရာပဒေသာ ကျပ် ၁၄၀၀၀၀၊ မနောသုခ ကျပ် ၈၇၀၀၀၊ သရက်ခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၅၅၀၀၀၊ ဧရာပဒေသာ ကျပ်၁၁၂၀၀၀၊ မနောသုခ ကျပ် ၈၅၀၀၀၊ အောင်လံခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၅၉၀၀၀၊ ဧရာပဒေသာ ကျပ် ၁၄၅၀၀၀၊ မနောသုခ ကျပ် ၁၀၀၀၀၀၊ ရတနာတိုး ကျပ် ၈၁၀၀၀၊ ချောက်ခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ်၁၅၅၀၀၀၊ ဧရာပဒေသာ ကျပ် ၁၃၉၀၀၀၊ မနောသုခ ကျပ်၈၅၀၀၀၊ ပခုက္ကူခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၅၀၀၀၀၊ ဧရာပဒေသာ ကျပ် ၁၄၆၀၀၀၊ မနောသုခ ကျပ် ၈၇၀၀၀၊ ရတနာတိုး ကျပ် ၇၈၀၀၀၊ ဂန့်ဂေါခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၁၅၆၀၀၀၊ ဧရာပဒေသာ ကျပ် ၁၄၅၀၀၀၊ မနောသုခ ကျပ် ၉၂၆၀၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

စက်တင်ဘာလထက် အောက်တိုဘာလတွင် အောင်လံခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၄၀၀၀၊ ဧရာပဒေသာ ကျပ် ၁၀၀၀၀၊ မနောသုခ ကျပ်၁၅၀၀၀၊ ရတနာတိုး ကျပ် ၄၀၀၀၊ ချောက်ခရိုင်တွင် ဧရာပဒေသာ ကျပ် ၄၀၀၀၊ ဆန်ဈေးနှုန်းများ မြင့်တက်လျက်ရှိပြီး ပခုက္ကူခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၅၀၀၀၊ ဂန့်ဂေါခရိုင်တွင် ပေါ်ဆန်းမွှေး ကျပ် ၃၀၀၀ဈေးလျော့လျက်ရှိကြောင်း သိရသည်။ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့သို့ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၈ ရက်အထိ အခြားတိုင်းဒေသကြီး၊ ပြည်နယ်များမှ ဆန်စီးဝင်မှုမှာ စပါး အဓိကစိုက်ပျိုးထွက်ရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ ဆန် ၂၅၃၂၅ အိတ်၊ မန္တလေးတိုင်းဒေသကြီးမှ ဆန် ၁၁၆၄ အိတ်၊ ရန်ကုန်တိုင်းဒေသကြီးမှ ဆန်အိတ် ၁၁၀၀၊ စုစုပေါင်း ဆန် ၂၇၅၈၉ အိတ်၊ ၁၃၇၉ ဒသမ ၄၅ တန်စီးဝင်ခဲ့ကြောင်း သိရသည်။

**ရဲမင်းသာ(မကွေး)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြစ်ပေါ်နေသော စပါး/ ဆန်ဈေးနှုန်းများအခြေအနေ

စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း အောက်တိုဘာလ စတုတ္ထပတ်တွင်ဖြစ်ပေါ်နေသော စပါး/ ဆန် ဈေးနှုန်းများမှာ ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်နှင့် ရေဦးမြို့နယ်တို့တွင် ရွှေဘိုပေါ်ဆန်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၄၄၀၀၀၀၀၊ ပေါ်ဆန်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀၊ ဧရာမင်း(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၃၃၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကလေးခရိုင် ကလေးမြို့နယ်တွင် ဧည့်မထ(စပါး) တင်း ၁၀၀ လျှင် ၂၇၀၀၀၀၀၊ ဧည့်မထ (ဆန်) ၂၄ပြည်ပါ တစ်အိတ်လျှင် ကျပ် ၈၅၀၀၀၊ ငစိန် (စပါး)တင်း ၁၀၀လျှင် ကျပ် ၂၀၀၀၀၀၀၊ ငစိန် (ဆန်)(သစ်)၂၄ပြည်ပါ တစ်အိတ်လျှင် ၇၅၀၀၀၊ ဧရာမင်း(စပါး) တင်း ၁၀၀ လျှင် ကျပ် ၃၀၀၀၀၀၀၊ ဧရာမင်း (ဆန်)၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကသာခရိုင် အင်းတော်မြို့နယ်တွင် ဆင်းကေရီ(၃)(စပါး) တင်း ၁၀၀ လျှင် ကျပ် ၂၀၀၀၀၀၀၊ ဆင်းကေရီ-၃ ဆန် ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၉၁၀၀၀၊ ဧရာမင်း(စပါး) တင်း ၁၀၀ လျှင် ကျပ် ၂၈၀၀၀၀၀၊ ဧရာမင်း (ဆန်) ၂၄ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၃၂၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

မုံရွာခရိုင် မုံရွာမြို့တွင် ဧရာမင်း (စပါး)တင်း ၁၀၀ လျှင် ကျပ် ၃၀၀၀၀၀၀၊ ဧရာမင်း(ဆန်)(သစ်) ၂၄ပြည် တစ်အိတ်လျှင် ကျပ် ၁၃၃၀၀၀၊ ရွှေဘိုပေါ်ဆန်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၄၆၀၀၀၀၀၊ ရွှေဘိုပေါ်ဆန်း (ဆန်)(သစ်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀၊ မနောသုခ(မိုး) (စပါး)တင်း ၁၀၀ လျှင် ကျပ် ၂၃၀၀၀၀၀၊ မနောသုခ(မိုး) (ဆန်)(သစ်) ၂၄ပြည် တစ်အိတ်လျှင် ကျပ် ၉၈၀၀၀၊ ရွှေဝါထွန်း (စပါး)(သစ်)တင်း ၁၀၀ လျှင် ကျပ် ၁၈၀၀၀၀၀ ရွှေဝါထွန်း (ဆန်)(သစ်) ၂၄ပြည် တစ်အိတ်လျှင် ကျပ် ၈၀၀၀၀၊ ရွှေ သွယ်ရင် (စပါး)(သစ်)တင်း ၁၀၀ လျှင် ကျပ် ၁၇၀၀၀၀၀၊ ရွှေသွယ်ရင် (ဆန်)(သစ်) ၂၄ပြည် တစ်အိတ်လျှင် ကျပ် ၈၀၀၀၀၊ ငစိန် (စပါး)(သစ်) တင်း ၁၀၀ လျှင် ကျပ် ၁၈၀၀၀၀၀၊ ငစိန် (ဆန်)(သစ်) ၂၄ပြည် တစ်အိတ်လျှင် ကျပ် ၈၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ထုတ်ပြန်သည့် စိုက်ပျိုးသူ တောင်သူများအပါအဝင် ကုန်သွယ်ရောင်းဝယ်သိုလှောင်ကြသူများအထိ သင့်တင့်မျှတသော ရည်ညွှန်းဈေးနှုန်းများအပေါ် မူတည်၍ အောက်တိုဘာလ စတုတ္ထပတ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စပါး/ဆန် ဈေးနှုန်းများမှာ ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရသည်။

**ခင်မို့မို့ငြိမ်း(မုံရွာ)**

### မွန်ပြည်နယ်၏ ပဲမျိုးစုံဈေးနှုန်းနှိုင်းယှဉ်ချက် (၂၀၂၄ ခုနှစ်)

ပိဿာ ၂၀ (တစ်တင်း) /ကျပ်

| စဉ် | အမျိုးအမည် | စက်တင်ဘာလ | အောက်တိုဘာလ | နှိုင်းယှဉ်ချက် |
|---|---|---|---|---|
| ၁ | ပဲတီစိမ်း(ရွှေဝါ) | ၈၃၀၀၀ | ၉၀၀၀၀ | ↑ ၇၀၀၀ |
| ၂ | ပဲတီစိမ်း | ၇၂၀၀၀ | ၇၇၀၀၀ | ↑ ၅၀၀၀ |
| ၃ | မတ်ပဲ | ၁၁၆၀၀၀ | ၁၂၃၀၀၀ | ↑ ၇၀၀၀ |
| ၄ | ပဲလွမ်းဖြူ | ၇၉၀၀၀ | ၁၀၁၀၀၀ | ↑ ၂၂၀၀၀ |
| ၅ | ဗိုလ်ကိတ်ပဲ | ၈၃၀၀၀ | ၁၁၈၀၀၀ | ↑ ၃၅၀၀၀ |
| ၆ | ပဲပုပ် | ၁၃၂၀၀၀ | ၁၄၈၀၀၀ | ↑ ၁၆၀၀၀ |
| ၇ | မြေပဲ | ၁၆၈၀၀၀ | ၁၆၆၀၀၀ | ↓ ၂၀၀၀ |

ခင်ကြည် (မွန်)

### ပြည်ကုန်စည်ဒိုင်၏အောက်တိုဘာလ ပဲမျိုးစုံဈေးနှုန်း (၂၀၂၄ ခုနှစ်)

တင်း/ကျပ်

| စဉ် | အမျိုးအမည် | အောက်တိုဘာ | | | | ရန်ကုန်/မြို့တွင်း အဝယ်တစ်ရက်/ အိတ် |
|---|---|---|---|---|---|---|
| | | ပထမပတ် | ဒုတိယပတ် | တတိယပတ် | စတုတ္ထပတ် | |
| ၁ | မတ်ပဲ | ၁၂၆၅၀၀ | ၁၂၂၅၀၀ | ၁၂၃၀၀၀ | ၁၂၃၅၀၀ | ၂၀၀ |
| ၂ | ပဲစင်းငုံ | ၁၅၂၀၀၀ | ၁၅၂၀၀၀ | ၁၅၂၀၀၀ | ၁၅၂၀၀၀ | ၂၀၀ |
| ၃ | ကုလားပဲ( HL ) | ၁၀၃၀၀၀ | ၁၀၂၀၀၀ | ၁၀၃၀၀၀ | ၁၀၂၀၀၀ | ၂၀၀ |
| ၄ | ကုလားပဲ (မြကြေးမုံ) | ၁၁၄၀၀၀ | ၁၁၃၀၀၀ | ၁၁၃၀၀၀ | ၁၁၄၀၀၀ | ၂၀၀ |
| ၅ | ပဲကြီး(ရွှေကျွန်း) | ၉၂၀၀၀ | ၉၂၀၀၀ | ၉၂၀၀၀ | ၉၂၀၀၀ | ၃၀၀ |
| ၆ | ပဲကြီး (ကုန်းပဲ) | ၈၇၀၀၀ | ၈၇၀၀၀ | ၈၇၀၀၀ | ၈၇၀၀၀ | ၂၅၀ |
| ၇ | ဗိုလ်ကိတ်ပဲ | ၁၀၀၀၀၀ | ၁၀၀၀၀၀ | ၁၀၀၀၀၀ | ၁၀၀၀၀၀ | ၁၅၀ |
| ၈ | ပဲတီစိမ်း | ၅၀၀၀၀ | ၅၀၀၀၀ | ၅၀၀၀၀ | ၇၀၀၀၀ | ၂၀၀ |

**မိမိအေး (ပြည်)**

# အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေအကြောင်း သိကောင်းစရာ

အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းနှင့် ဆက်စပ်နေသော အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေကို ၂၀၁၂ ခုနှစ် ဩဂုတ်လ ၁၀ ရက် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၃)ဖြင့်ပြဋ္ဌာန်းခဲ့ရာ အခန်း ငါးခန်းနှင့် ပုဒ်မ-၁၂ ခုပါရှိပြီး အခန်း(၁) အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်တွင် အရေးကြီးကုန်စည်ဆိုသည်မှာ ဤဥပဒေအရ ဝန်ကြီးဌာနတစ်ခုခုက အခါအားလျော်စွာ သတ်မှတ်သော သက်ရှိကုန်စည်တစ်မျိုးမျိုးကို ဆိုလိုကြောင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ(ခ)အရ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ခွင့်ကို ကုန်သွယ်ရေးဦးစီးဌာနအား ၂၀၂၃ ခုနှစ် ဇူလိုင် ၂၁ ရက် အမိန့်ကြော်ငြာစာ(၄၉/၂၀၂၃)ဖြင့် အပ်နှင်းခဲ့ပြီးဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ-၄ ပုဒ်မခွဲ (ဂ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ရက် အမိန့်ကြော်ငြာစာအမှတ်(၅၀/၂၀၂၃)ဖြင့် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီး ဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်သည့်အမိန့်ကို ထုတ်ပြန်ခဲ့ပြီး ၎င်းအမိန့်တွင် မည်သူမဆို အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို မှတ်ပုံတင်လက်မှတ် လျှောက်ထားရရှိပြီးမှ လုပ်ကိုင်ရမည်ဟု ပြဋ္ဌာန်းခဲ့သည်။

အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း မှတ်ပုံတင်ခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာတွင် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လိုသူသည် ဦးစီးဌာနက သတ်မှတ်သော လျှောက်လွှာပုံစံတွင် ဖြည့်သွင်း၍ အွန်လိုင်းစနစ်ဖြင့် ဦးစီးဌာနသို့ မှတ်ပုံတင်လက်မှတ် လျှောက်ထားရမည် ဖြစ်သည်။

မှတ်ပုံတင်ကြေးနှင့် အွန်လိုင်းဝန်ဆောင်ခကို ဦးစီးဌာနက သတ်မှတ်သည့် ဒီဂျစ်တယ်ငွေပေးချေမှုဖြင့် ပေးရမည်ဖြစ်ပြီး အွန်လိုင်းမှတစ်ဆင့် မှတ်ပုံတင်လက်မှတ်ထုတ်ပေးမည်ဖြစ်သည်။ မှတ်ပုံတင်လက်မှတ်၏ သက်တမ်းသည် စတင်ထုတ်ပေးသည့် နေ့ရက်မှ နှစ်နှစ်တိတိ ပြည့်မြောက်သည့်နေ့အထိဖြစ်ပြီး မှတ်ပုံတင်လက်မှတ်၏ သက်တမ်းမကုန်မီ ရက်ပေါင်း ၆၀ ကြိုတင်၍ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုး လျှောက်ထားရမည်ဖြစ်သည်။ သက်တမ်းတိုး လျှောက်ထားခြင်းမရှိပါက မှတ်ပုံတင်လက်မှတ် သက်တမ်းကုန်ဆုံးသည့် နေ့ရက်တွင် အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်။

မှတ်ပုံတင်လက်မှတ်မရှိဘဲ အွန်လိုင်းစနစ်ဖြင့်ရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ပါက အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ(၅)အရ အနည်းဆုံး ထောင်ဒဏ် ခြောက်လမှ အများဆုံး ထောင်ဒဏ် သုံးနှစ်ထိ ချမှတ်နိုင်သည့်အပြင် ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်လည်း ချမှတ်ခြင်းခံရမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းလုပ်ကိုင်သူတိုင်း မှတ်ပုံတင်လက်မှတ်လျှောက်ထားကြရန် လိုအပ်ကြောင်း အသိပေးလိုက်ရပါသည်။

**သန်းသန်းတင် (မုံရွာ)**

## မြန်မာ့ဆိပ်ကမ်းတွင် ၃၀ . ၁၀ . ၂၀၂၄ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

(က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| အေးရှားဝေါလ်ဆိပ်ကမ်းအမှတ်(၃) | HE LE | ကုန်သေတ္တာ ၅၂၀တင် ၄၄၇ချဆဲ |
| | UNI - ACTIVE | ကုန်သေတ္တာ ၆၅၀တင်၃၂၁ ချဆဲ |
| | ISEACO WISDOM | ကုန်သေတ္တာ၁၁၂၇ တင်ဂ၁၅ချဆဲ(ပူးတွဲလုပ်ဆောင်) |
| | MSC KANU F | ကုန်သေတ္တာ ၅၃၉ တင် ၄၄၉ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| အလုံဆိပ်ကမ်း အမှတ်(၁) | DANNY BOY | ဆန်တန်ချိန် ၂၄၅၀၀ တန်တင်ဆဲ |
| အလုံဆိပ်ကမ်း အမှတ်(၂) | ZHONG YU 28 | ဆန်တန်ချိန် ၁၁၀၀၀ တန်တင်ဆဲ |
| အလုံဆိပ်ကမ်း အမှတ်(၃) | OU PU LAI-18 | ဆန်တန်ချိန် ၁၅၁၀၀ တန်တင်ဆဲ |
| Yangon Int'l Gateway Terminal | TRUONG MINH DRAGON | ဆန်တန်ချိန် ၁၂၁၀၀ တင်ဆဲ |
| စက်မှုဆိပ်ကမ်းအမှတ်(၂) | THAI BINH-05 | ဆန်တန်ချိန် ၂၀၀၀၀ တင်ဆဲ |
| စက်မှုဆိပ်ကမ်းအမှတ်(၃) | SINAR BUKITTINGGI | ကုန်သေတ္တာ ဂဂ၃ တင် ၆၅၉ ချဆဲ (ပူးတွဲလုပ်ဆောင်) |
| စက်မှုဆိပ်ကမ်းအမှတ်(၄) | LUDWIG SCHULTE | ကုန်သေတ္တာ ၆၂၆ တင် ၆၅၄ ချဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၂) | CD FORTUNE | ဆန်တန်ချိန် ၁၅၀၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၄) | MINANUR CEBI-1 | ဆန်တန်ချိန် ၁၃၃၂၂ တင်ဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၅) | HPC ATLANTIC | ဆန်တန်ချိန် ၃၀၀၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၇) | OCEAN ROSE | Urea တန်ချိန် ၂၅၀၀၀/၁၀၀၀၀ ချဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်းအမှတ်(၁) | AL AMAL | Urea တန်ချိန် ၉၅၉၅ တန်ချဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်းအမှတ်(၂) | MV MCL-4 | ကုန်သေတ္တာ ၄၃ တင် ၉၆ ချဆဲ(ပူးတွဲလုပ်ဆောင်) |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်းအမှတ်(၃) | BMC ENDORA | ဆန်တန်ချိန် ၁၅၀၀၀ တန်တင်ဆဲ |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၁) | UDWIG SCHULTE | ကုန်သေတ္တာ ၂၄၄တင် ၄၇၅ ချဆဲ (ပူးတွဲလုပ်ဆောင်) |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၂) | FAROUK M | ဆန်တန်ချိန် ၃ဂ၀၀၀ တန်တင်ဆဲ |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၅) | SEA PLAIN-8 | Steel &Equipment ၂၀၀၂၂ တန်ချရန် |
| သီလဝါဘက်စုံသုံးဆိပ်ကမ်းအမှတ်(၂) | ATLANTIS DISCOVERY | ဆန်တန်ချိန် ၂၀၃၀၆ တန်တင်ဆဲ |

(ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| JADE CASTLE | ဆန်တန်ချိန် ၆၇၀၀ တင်ရန် | INDONESIA | ၃၁-၁၀-၂၀၂၄ |
| SEA FOREST | ပဲမျိုးစုံ တန်ချိန် ၉၂၀၀ တင်ရန် | INDIA | ၃၁-၁၀-၂၀၂၄ |
| BMC PANDORA | ဆန်တန်ချိန် ၁၅၁၀၀ တင်ရန် | INDONESIA | ၂-၁၁-၂၀၂၄ |
| SKY HEIGHT | ဆန်တန်ချိန် ၁၀၃၀၀ တင်ရန် | NDONESIA | ၆-၁၁-၂၀၂၄ |
| TREASURE OCEAN | Steel &Equipment တန်၁၂၁၂၄ ချရန် | CHINA | ဂ-၁၁-၂၀၂၄ |
| BBC KIBO | 6 Units Rail Cars ၁၉၃ ချရန် | SPAIN | ၁၀-၁၁-၂၀၂၄ |

(ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| MSC KANU F | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၁-၁၀-၂၀၂၄ |
| ISEACO WISDOM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၁-၁၀-၂၀၂၄ |
| KOTA TENAGA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂-၁၁-၂၀၂၄ |
| TORESS STRAIT | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၂-၁၁-၂၀၂၄ |
| BLPL FAITH | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂-၁၁-၂၀၂၄ |
| HONG JIA-21 | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃-၁၁-၂၀၂၄ |
| BL PL TRUST | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃-၁၁-၂၀၂၄ |
| CAPE FELTON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄-၁၁-၂၀၂၄ |
| METHI BHUM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄-၁၁-၂၀၂၄ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၅-၁၁-၂၀၂၄ |
| MCC SHENZHEN | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၅-၁၁-၂၀၂၄ |
| SITC YUANMING | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၅-၁၁-၂၀၂၄ |
| BANGKOK | SINGAPORE | စက်မှုဆိပ်ကမ်း | ၅-၁၁-၂၀၂၄ |
| SITC ZHENGDE | SINGAPORE | သီလဝါဆိပ်ကမ်း | ၆-၁၁-၂၀၂၄ |
| MSC ANDREA F | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၇-၁၁-၂၀၂၄ |
| ISEACO FORTUNE | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၇-၁၁-၂၀၂၄ |
| SITC WENDE | SINGAPORE | သီလဝါဆိပ်ကမ်း | ၉-၁၁-၂၀၂၄ |
| SINAR BUKITTNGGI | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၉-၁၁-၂၀၂၄ |
| UNI ACTIVE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၀-၁၁-၂၀၂၄ |
| ISEACO WISDOM | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၂-၁၁-၂၀၂၄ |
| SITC CHENMING | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၂-၁၁-၂၀၂၄ |

## ကရင်ပြည်နယ်ဒေသထွက် ဝဥများ ဈေးကောင်းရလျက်ရှိ



ဝဥ တူးဖော်ရောင်းချသည့် ရာသီချိန် ကုန်ဆုံးရန် နီးကပ်လာမှုနှင့်အတူ ကရင်ပြည်နယ်ဒေသထွက် ဝဥများမှာ ယမန်နှစ်ထက် ဈေးပိုရ၍ ပြည်တွင်းဈေးကွက်သို့ ဆက်လက်တင်ပို့ရောင်းချလျက်ရှိကြောင်း ကရင်ပြည်နယ် ဝဥလုပ်ငန်းရှင်များထံမှ သိရသည်။ ဝဥရောင်းဝယ်မှုအား နှစ်စဉ်စက်တင်ဘာလဆန်းမှ ဈေးကွက်ဖွင့်လှစ်၍ နိုဝင်ဘာလဆန်းပိုင်းအထိ အရောင်းအဝယ် ပြုလုပ်ကြပြီး ယခင်နှစ်က ကရင်ပြည်နယ်ဒေသထွက် ဝဥဈေးနှုန်းမှာ အစိုတစ်ပိဿာလျှင် အဖွင့်ဈေး ကျပ် ၈၀၀၊ အပိတ်ဈေး ကျပ် ၁၀၅၀ သာရှိခဲ့ရာမှ ယခုနှစ် ဈေးကွက်ဖွင့်ချိန်တွင် မြို့ပေါ်အထိုင်ဝယ်ဈေး ဝဥအစိုတစ်ပိဿာလျှင် ကျပ် ၁၈၀၀ နှုန်းဖြင့်စတင်ဖွင့်လှစ်၍ ယခုနှစ်အောက်တိုဘာလ တတိယပတ်တွင် ကျပ်၂၅၀၀နှုန်းထိ ဈေးနှုန်းရရှိခဲ့ကာ မော်လမြိုင်၊ မန္တလေး၊ ကျောက်ဆည်မြို့များရှိ ဝဥစက်ရုံများသို့ အများဆုံး တင်ပို့ရောင်းချနိုင်ခဲ့ကြောင်းနှင့် ဝဥစက်ရုံများအနေဖြင့် ဝဥအခြောက်အဖြစ် ပြုလုပ်၍ လည်းကောင်း၊ အမှုန့်ပြုလုပ်၍လည်းကောင်း တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံများသို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။

ယခုနှစ် ဝဥဈေးနှုန်းဈေးကွက် အခြေအနေနှင့်ပတ်သက်၍ ကရင်ပြည်နယ် ဝဥ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးမင်းသူက "ဒီနှစ်က ဝဥဈေးကွက်မှာ တစ်ခါမှ မကြုံဖူးတဲ့ ဝယ်လိုအားနဲ့ ဈေးနှုန်းကိုရခဲ့တာပါ၊ နိုင်ငံခြားငွေဈေးနဲ့ တွက်မယ်ဆိုရင်တော့ ထင်သလောက် ဈေးတက်တယ်လို့ မခေါ်နိုင်ပေမယ့် ဝဥစိုက် တောင်သူ၊ ကုန်သည်နဲ့ စက်ရုံသမားတွေ အားလုံးအဆင်ပြေနိုင်တဲ့ ဈေးတစ်ခုလို့ ပြောလို့ရပါတယ်"ဟု ပြောကြားသည်။

ဝဥကို နည်းမျိုးစုံဖြင့် ပြုပြင်စားသောက်နိုင်ပြီး ဝဥတွင် Glucomannan အပါအဝင် အာဟာရတန်ဖိုးများစွာ ပါဝင်သည်။ ကရင်ပြည်နယ် ဒေသထွက် ဝဥသည် Glucomannanဓာတ် ပေါကြွယ်ဝစွာ ပါဝင်သည်။ ဝယ်လိုအားမြင့်မားသော ဒေသထွက်ကုန်တစ်ခုဖြစ်ပြီး နိုင်ငံခြားငွေ ရှာဖွေပေးနိုင်သော အလားအလာရှိသည့် သီးနှံတစ်ခုဖြစ်ကာ ကရင်ပြည်နယ်တွင် မြဝတီခရိုင်ကြာအင်းဆိပ်ကြီး၊ ကျိုက်တုံ၊ ကော့ကရိတ်၊ လှိုင်းဘွဲ့၊ ရွှေဂွန်းမြို့နယ်များမှ ဝဥအများဆုံးထွက်ရှိ၍ တစ်နှစ်လျှင် ပိဿာချိန် ခုနစ်သန်းခန့် ထွက်ရှိကြောင်း သိရသည်။

**မျိုးဝင်းနိုင် (DOCA Kayin)**

## ၁-၁၀-၂၀၂၄ မှ ၂၉-၁၀-၂၀၂၄ ရက်အထိ Online CO Application မှ CO / Product Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 1946 | 18 | - | - | - | 1964 |
| | Form AANZ | 32 | 1 | - | - | - | 33 |
| | Form AHK | 1 | - | - | - | - | 1 |
| | Form AI | 589 | 6 | - | - | - | 595 |
| | Form AJ | 69 | - | - | - | - | 69 |
| | Form AK | 705 | 10 | - | - | - | 715 |
| | Form CHINA | - | - | - | - | - | 0 |
| | Form D | - | - | - | - | - | 0 |
| | Form DFTP | 36 | 1 | - | - | - | 37 |
| | Form E | 1422 | 19 | - | - | 1 | 1442 |
| | Form Korea | 97 | - | - | - | - | 97 |
| | E Form D | 782 | - | - | - | - | 782 |
| 2. | Product Card | - | - | - | - | - | 0 |
| 3. | Certified Exporter | - | - | - | - | - | 0 |
| | Total | 5680 | 55 | - | - | 1 | 5736 |

# စီးပွားဖြစ် စိုက်ပျိုးထုတ်ယူကြရမည့် မြန်မာ့အကေးရှား ဆီနီဂေါ ရှားဖြူပင်

**ဒေါက်တာမေယုခိုင် - ဆေးဝါးစက်ရုံ(စစ်ကိုင်း)**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်အတွင်းရှိ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဌာန သစ်တောဦးစီးဌာနပိုင် စိုက်ခင်းများတွင် အကေးရှား ဆီနီဂေါ ရှားဖြူပင်များ ရှိသည်။ ဒေသအခေါ် ဆူးဖြူပင်ဟုခေါ်ကြောင်း သိရသည်။ မြင်းမူမြို့နယ် ဘိုမင်းကြီး စိုက်ခင်း၊ သစ်တောရွာစိုက်ခင်း၊ ခြေတော်ရာစိုက်ခင်းနှင့် အခြား မိုးနည်းရေရှားရပ်ဝန်းဒေသများတွင် ပေါက်ရောက်သည်။

မုံရွာ-မန္တလေး လမ်းဘေး ဝဲ/ယာ တစ်လျှောက် ထိုဆူးပင်များကိုတွေ့ရှိရပြီး နေအပူကို အံတုကာ ရေရှားသည့်အရပ်တွင် အဆိုပါဆူးပင်များ အလေ့ကျ ပေါက်ရောက်နေသည်ကို လေ့လာသိရှိရသည်။ ထိုရှားဖြူပင်များကို အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးနှင့် မြေဆီလွှာများ ခန်းခြောက်မှု လျော့နည်းစေရန်အတွက် သစ်တောဌာနမှ နှစ်စဉ် တိုးချဲ့စိုက်ပျိုးထားကြောင်း သိရှိရသည်။ မြန်မာ အမည် 'ဆီနီဂေါရှားဖြူ' ဟုခေါ်ဆိုပြီး ရုက္ခဗေဒအမည်မှာ 'Acacia SenegalL(Wild)' ဖြစ်သည်။ ဒေသအခေါ်(ဆူးဖြူပင်)သည် မြေဆီလွှာမပျက်အောင် ကာကွယ်သည့်အပြင် သဘာဝပတ်ဝန်းကျင် ရာသီဥတုကိုလည်း ထိန်းညှိပေးနိုင်စွမ်းရှိကြောင်း သိရသည်။

### ဆီနီဂေါရှားဖြူ၏ အသုံးဝင်ပုံ

'ဆီနီဂေါရှားဖြူ' အပင်မှထွက်ရှိသော အစေးသည် ဆေးဝါးလုပ်ငန်းများတွင် အဓိကထား၍ အသုံးပြုသော တွယ်ဆက်ပစ္စည်း(Binder) အဖြစ် အသုံးပြုနိုင်သည်။ အလှကုန်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း ထုတ်လုပ်ရာတွင်လည်း အသုံးပြုကြသည်။ ပုံနှိပ်လုပ်ငန်းတွင်လည်း ထည့်သွင်းအသုံးပြုကြသည်ဟု သိရသည်။

ပြည်ပမှဝယ်ယူတင်သွင်း အသုံးပြုနေကြသည့် ကော်စေးခဲ (Gum Arabic)များကို ဤဆူးဖြူပင်များမှ စီးပွားဖြစ် ထုတ်လုပ်နိုင်ပါက ပြည်ပသွင်းကုန် အစားထိုးအနေဖြင့် အသုံးပြုပြီး ပြည်တွင်းဝင်ငွေ ရှာဖွေပေးနိုင်သည့်အပြင် အလုပ်အကိုင် အခွင့်အလမ်းများလည်း ပေါ်ထွက်လာနိုင်သည်။

### အပင်သက်တမ်းနှင့် အစေးထွက်ရှိမှု

မြန်မာနိုင်ငံ၏ ရာသီဥတုနှင့်အညီ ကုန်ကြမ်း(ဆူးဖြူပင်)များစွာကို မြန်မာပြည်အထက်ပိုင်းတွင် များစွာ ပေါက်ရောက်နေသည်ကို တွေ့ရှိနိုင်သည်။ စိုက်ပျိုးပင်များဖြစ်ပြီး နှစ်ပေါင်း(၃၀)အထိ ရှင်သန်နိုင်သည်။ စိုက်ပျိုးပြီး(၃-၄)နှစ်မှစတင်၍ အစေးများထုတ်ယူ ရရှိနိုင်သည်။ အပင်သက်တမ်းရင့်သည်နှင့်အမျှ အစေးရရှိနိုင်မှုပိုများသည်။ အပင်၏အစေးများသည် နိုဝင်ဘာလမှ မေလအထိထွက်ရှိပြီး ပူပြင်းခြောက်သွေ့သော ရာသီဥတုဖြစ်သည့် ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်၊ ဧပြီနှင့် မေလအတွင်း အစေးပိုမိုထွက်ရှိကြောင်းသိရသည်။

### အစေး (Acacia Senegal Gum)ထုတ်ယူခြင်း

ဆီနီဂေါရှားဖြူပင်များ၏ ပင်စည်များကို နိုဝင်ဘာလမှစတင်၍ ဧပြီလအထိ ဒဏ်ရာပေးနိုင်ပြီး ဒဏ်ရာမှအစေးများသည် သုံးပတ်မှ ရှစ်ပတ်အတွင်း ထွက်ရှိသည်။ အစေးထွက်ချိန်တွင် လိုအပ်သော အပူချိန်မရခြင်း၊ လေတိုက်ခတ်ခြင်း၊ မိုးရွာခြင်း၊ မိုးအုံ့ခြင်း၊ ရွက်နုဝေခြင်းတို့ဖြစ်ပေါ်ပါက အစေးထွက်နှုန်း လျော့ကျနိုင်သည်။ ပင်စည်အကိုင်းများနှင့် အကိုင်းခွဆုံများရှိ အက်ကွဲကြောင်းမှ သဘာဝအလျောက် အစေးများ စိမ့်ထွက်လာသည်ကို စုယူနိုင်သည်။

### ဒဏ်ရာပေးအစေးထုတ်ခြင်း

(၃-၄)နှစ်သားအရွယ်ရှိ ဆူးဖြူပင်များ၏ ပင်စည်အခေါက်ကို ဓား၊ ပဲကွတ်၊ V ပုံသဏ္ဌာန် ဆူးကောက်များဖြင့် ကန့်လန့်ထစ်၍ ဒဏ်ရာရအောင်ပြုလုပ်ပြီး ထိုဒဏ်ရာမှနေ၍ သစ်ခေါက် (Outer Bark)အား ရှည်လျားကျဉ်းမြောင်းသော မျက်နှာပြင်တစ်ခု ပင်စည်ပေါ်တွင်ပေါ်လာစေရန် အောက်ဘက်သို့ ခွာချရမည်။ ထိုခွာချထားသောနေရာမှ ထွက်လာသည့် အစေးများကို စုဆောင်းထုတ်ယူခြင်းနည်းဖြစ်သည်။ နေရောင်ရသောဘက်တွင် အစေးပိုထွက်သည်။ ယခင်နှစ်ဒဏ်ရာဟောင်းများအားပြန်၍ ဒဏ်ရာပေးပါက အစေးပိုထွက်ကြောင်း သိရသည်။

### ဆီနီဂေါ ရှားဖြူပင်မှ ရောင်းတန်းဝင် ထုတ်ကုန်များ

ဆီနီဂေါရှားဖြူပင်မှ သစ်သားဇွန်းများ၊ သစ်သားဘုတ်ချပ်များ၊ ပါကေးတုံးများပြုလုပ်ပြီး ရောင်းချနိုင်သည်။

### ဆေးဖက်ဝင် ထုတ်ကုန်များ

ရှားဖြူပင်အစေးမှ အိမ်သုံးဆေးဝါးများ ထုတ်လုပ်ရာ၌ ဆေးပြားရိုက်ရာတွင် တွဲကပ်နိုင်သော အမှုန့် တွယ်ဆက်ပစ္စည်း (Binder) အနေဖြင့် အသုံးပြုနိုင်သည်။ အစေးမှုန့် (Gum Acacia) သည် အစာနှင့်ဆိုင်သော အမျှင်တန်းများ အဓိကပါဝင်ပြီး ရေတွင်ပျော်ဝင်နိုင်ကြောင်း သိရှိသည်။ အစေးမှုန့် (Gum Acacia )သည် သွေးအတွင်း အဆီ (Cholesterol Level )ကို လျှော့ချပေးနိုင်သဖြင့် ကိုယ်အလေးချိန်ကို ကျစေသည်။

### သုံးသပ်တင်ပြချက်

မြန်မာ့ရေ မြေနှင့်ကိုက်ညီသော ဆီနီဂေါရှားဖြူပင် (Acacia Senegal)ကို ရေရှည်ကုန်ကြမ်း ရရှိနိုင်ရန်၊ သစ်သား အသုံးပြု ထုတ်လုပ်နိုင်ရန် ရေရှည်စီမံချက်ဖြင့် စိုက်ပျိုးကြရမည်။ ပေါက်ရောက်ပြီးဖြစ်သော ရှားဖြူပင်များကိုလည်း ထင်းအဖြစ်သာ အသုံးပြုနေရာမှ အပင်ကြီးများ ဖြစ်လာအောင် စနစ်တကျ စောင့်ရှောက်ထိန်းသိမ်းကြရမည်။

ဆီနီဂေါရှားဖြူပင်များ စိုက်ပျိုးခြင်းဖြင့် မြေဆီလွှာပျက်စီးပြုန်းတီးမှုကို ကာကွယ်ရန်နှင့် သဘာဝပတ်ဝန်းကျင် အကျိုးသက်ရောက်မှုရှိပြီး အပူပိုင်း စိမ်းလန်းစိုပြည်ရေး အထောက်အကူ ရရှိစေသည်။ ဆီနီဂေါရှားဖြူပင်များ၏ သစ်သားများ အသုံးဝင်မှုကြောင့် လူသုံးကုန်ပစ္စည်းများအဖြစ် ဆောက်လုပ်ရေးကဏ္ဍတွင် ထုတ်လုပ်ရောင်းချနိုင်ပါမည်။ ဆီနီဂေါရှားဖြူပင်များမှ အရည်အသွေး ပိုမိုကောင်းမွန်ပြီး နိုင်ငံတကာ သတ်မှတ်စံချိန်စံညွှန်းနှင့်ကိုက်ညီသော သစ်စေး (Gum Arabic) ထုတ်လုပ်ခြင်းဖြင့် စက်မှုသွင်းကုန်အဖြစ် အစားထိုးနိုင်၍ နိုင်ငံခြားငွေ ကုန်ကျစရိတ် သက်သာစေမည်။ Myanmar Export ထုတ်ကုန်တစ်ခုအဖြစ် စီးပွားရေးကဏ္ဍတစ်ခု ထူထောင်နိုင်စေရေးအတွက် အညာမြေတစ်ခွင် ဆီနီဂေါ ရှားဖြူပင်များကို အကျိုးရှိစွာ စိုက်ပျိုးအသုံးချနိုင်ခြင်းဖြင့် ဒေသခံ မြန်မာပြည်သူများ တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိကာ ကောင်းကျိုးခံစားနိုင်ကြပါစေရန် ရည်ရွယ်၍ လေ့လာရေးသား တင်ပြလိုက်ရပါသည်။

**အာရှ နိုင်ငံများ၏ FOB ဆန်စျေးနှုန်းများ ၃၁-၁၀-၂၀၂၄**

တန်ဖိုး-ဒေါ်လာ

| စဉ် | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၅၄၅ | ၅၂၂ | ↓ | | | | | | | | | |
| ဆန်ဖြူ ၅% | ၅၂၉ | ၅၀၇ | ↓ | ၅၄၁ | ၅၂၈ | ↓ | ၄၅၂ | ၄၄၈ | ↓ | ၄၈၅ | ၄၆၇ | ↓ |
| ဆန်ဖြူ ၁၀% | | | | | | | | | | | | |
| ဆန်ဖြူ ၂၅ % | ၅၁၃ | ၄၉၁ | ↓ | ၅၁၃ | ၅၀၂ | ↓ | ၄၈၅ | ၄၃၈ | ↓ | ၄၄၄ | ၄၂၈ | ↓ |
| ပေါင်းဆန် | ၅၆၀ | ၅၂၂ | ↓ | | | | ၄၉၄ | ၄၄၃ | ↓ | ၅၀၄ | ၄၈၇ | ↓ |

## ပြည်ပဆန်ဈေးနှုန်းများ

**မြန်မာနိုင်ငံဆန် စပါးအသင်းချုပ်မှ (၃၀-၁၀-၂၀၂၄ မှ ၅-၁၁-၂၀၂၄) ထိ ဆန်ဈေးနှုန်းများ**

| စဉ် | အမျိုးအမည် | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 490 - 495 | |
| 2 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 480 - 485 | |
| 3 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 475 - 480 | |
| 4 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 460 - 470 | |
| 5 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 420 - 430 | |
| 6 | Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed) | 490 - 495 | |
| 7 | Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed) | 485 - 490 | |
| 8 | Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed) | 475 - 480 | |
| 9 | Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed) | 460 - 470 | |
| 10 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 490 - 495 | |
| 11 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 485 - 490 | |
| 12 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 480 - 485 | |
| 13 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 460 - 470 | |
| 14 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Softexed) | 485 - 490 | |
| 15 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Softexed) | 480 - 485 | |
| 16 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Softexed) | 475 - 480 | |
| 17 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Softexed) | 460 - 465 | |
| 18 | Myanmar White Rice Tun Pu(or)Bike Phyu 5% Broken (Well Milled Double Polished Softexed) | 485 - 490 | |
| 19 | Myanmar White Rice Tun Pu(or)Bike Phyu 10% Broken (Well Milled Double Polished Softexed) | 480 - 485 | |
| 20 | Myanmar White Rice Tun Pu(or)Bike Phyu 15% Broken (Well Milled Double Polished Softexed) | 475 - 480 | |
| 21 | Myanmar White Rice Tun Pu(or)Bike Phyu 25% Broken (Well Milled Double Polished Softexed) | 460 - 465 | |
| 22 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 625 - 635 | |
| 23 | Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 615 - 625 | |
| 24 | A-1 , 2 (Sortexed) | 380 - 395 | |
| 25 | B-1 , 2 (Sortexed) | 365 - 375 | |
| 26 | B-1,2 (Non-Sortexed) | 320 - 330 | |

**Source : မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်**

# မြဝတီကုန်သွယ်ရေးဇုန်၏ တစ်ပတ်အတွင်း ကုန်သွယ်မှုအခြေအနေ

မြဝတီကုန်သွယ်ရေးဇုန်၏ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁၉ ရက်မှ ၂၅ ရက်ထိကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုမှာ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ဒသမ ၂၅၃ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၃၆ သန်း ဖြစ်၍ ကုန်သွယ်မှုပမာဏမှာ တန်ဖိုး အမေရိကန်ဒေါ်လာ ၃ဒသမ ၁၈၉ သန်းဖြစ်သည်။

အနီးစပ်ဆုံးယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် တန်ဖိုးအမေရိကန်ဒေါ်လာ သုညဒသမ ၀၅၀ သန်းပိုမိုခဲ့သော်လည်း သွင်းကုန်ပိုင်းတွင် တန်ဖိုး အမေရိကန် ဒေါ်လာ သုညဒသမ ၀၆၄ သန်း လျော့နည်းခဲ့သဖြင့် ကုန်သွယ်မှုပမာဏမှာ တန်ဖိုး အမေရိကန်ဒေါ်လာ သုညဒသမ ၀၁၄ သန်းလျော့နည်းခဲ့ကြောင်းသိရသည်။

အနီးစပ်ဆုံးထက် ပို့ကုန်ပိုင်းတွင် ပိုမိုတင်ပို့ခဲ့ခြင်းမှာ ရေထွက်ပစ္စည်းအုပ်စုတွင်တင်ပို့မှု လျော့နည်းခဲ့သော်လည်း လယ်ယာထွက်ပစ္စည်းအုပ်စု၊ စက်မှုကုန်ချောပစ္စည်းအုပ်စုတို့တွင် တင်ပို့မှုပိုမိုခဲ့ခြင်းကြောင့် ဖြစ်သည်။

သွင်းကုန်ပိုင်းတွင် အနီးစပ်ဆုံးထက် လျော့နည်းခြင်းမှာ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၁၉၃ သန်းနှင့် လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၁၄၂ သန်း ပိုမိုတင်သွင်းခဲ့သော်လည်း လူသုံးကုန်ပစ္စည်းအုပ်စုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ သုညဒသမ ၃၉၉ သန်း လျော့နည်း တင်သွင်းခဲ့ခြင့်ကြောင့် ဖြစ်သည်။

**အိမ့် (DOT)**

# မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူးရုံးဝင်းအား အနာဂတ် Commercial Complex အဖြစ် စိတ်ကူးပုံဖော်ကြည့်ခြင်း

**ခမ်လျှန်စွမ်း (စီးပွား/ကူးသန်း)**

မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံးသည် မကွေးမြို့ အချက်အလက်ကျသော နေရာတွင် တည်ရှိပြီး ငါးဧကနီးပါးခန့် ကျယ်ဝန်းသည်။ ကုန်သည်လုပ်ငန်းရှင်များ အလွယ်တကူရှာဖွေ လာရောက်နိုင်သော နေရာဖြစ်ခြင်း၊ ကုန်တင်ယာဉ်ကြီးများ ဝင်ထွက်သွားလာနိုင်ခြင်း စသည့် အားသာချက်များရှိသည်။

မကွေးတိုင်းဒေသကြီးသည် ရှေးယခင်ကတည်းက ဆီအိုးကြီးဟုတင်စားခြင်းခံရသည့် တိုင်းဒေသကြီးဖြစ်သည့်အားလျော်စွာ မြေပဲ၊ နှမ်း၊ နေကြာနှင့် ဝါစေ့များမှ စားသုံးဆီ အမြောက်အမြား ထုတ်လုပ်နိုင်သည်။ သို့သော် ဆီထွက်သီးနှံများ ဆီကြိတ်ခွဲထုတ်လုပ်ခြင်းထက် ကုန်ကြမ်းအဖြစ် တင်ပို့ရောင်းချခြင်းက ပိုမိုတွက်ခြေကိုက်သဖြင့် တိုင်းဒေသကြီး ပြင်ပသို့ တင်ပို့မှု တစ်နှစ်ထက်တစ်နှစ် ပိုမိုများလာကြောင်း တွေ့ရသည်။

မကွေးတိုင်းဒေသကြီးမှ ထွက်ရှိသော မြေပဲ၊ နှမ်း၊ ပဲစင်းငုံတို့ကို ကုန်ကြမ်းအဖြစ်နှင့် တန်ဖိုးမြင့် ထုတ်ကုန်များအဖြစ် ထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများမှတစ်ဆင့် တင်ပို့ခဲ့ကြပြီး ကုန်သည်လုပ်ငန်းရှင်များ ဝင်ငွေရရှိခဲ့ကြသည်။

ထို့ကြောင့် ကုန်သည်လုပ်ငန်းရှင်များက ကိုယ်တိုင် ကုမ္ပဏီထူထောင်ခြင်း၊ ပို့ကုန်သွင်းကုန် လက်မှတ်ရယူ၍ တိုက်ရိုက်ကုန်သွယ်ခြင်း၊ နိုင်ငံတော်သို့ ပေးရမည့် အခွန်အခများ ကိုယ်တိုင်ပေးဆောင်ခွင့်ရရှိခြင်းများဖြင့် တိုင်းဒေသကြီးအတွက် ဝင်ငွေရရှိလာစေခြင်း စသည့် အကျိုးကျေးဇူးများအတွက် မကွေးမြို့တွင် One stop services စနစ်ဖြင့် ဆောင်ရွက်နိုင်ရေး စဉ်းစားတီထွင်ရန် လိုအပ်လာသည်။

နိုင်ငံတကာတွင် Commercial Complex များ ထားရှိလေ့ရှိသည်။ ဥပမာ တရုတ်နိုင်ငံ၏ စက်ရုံ အမြောက်အမြားတည်ရှိသော Chonqing မြို့သည် စက်မှုမြို့တော်တစ်ခုဖြစ်ပြီး ယာဉ်အမျိုးမျိုးအပါအဝင် စက်ပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းမျိုးစုံကို ရှန်ဟိုင်း ဆိပ်ကမ်းသို့ ကွန်တိန်နာကြီးများဖြင့် ပို့ဆောင်ပြီး ၎င်းမှတစ်ဆင့် ပြည်ပသို့ တင်ပို့ခဲ့သည်။ ပြည်ပတင်ပို့သည့် စာရွက်စာတမ်းနှင့် စစ်ဆေးခြင်းများကို ၎င်း Chonqing မြို့တွင် One stop services ဖြင့် ဆောင်ရွက်ပြီး ဆိပ်ကမ်းမြို့သို့ တင်ပို့ခြင်းဖြစ်သည်။ အကျိုးကျေးဇူးမှာ ဆိပ်ကမ်းတွင် အချိန်ကြန့်ကြာမှုသက်သာခြင်း၊ ဒေသခံများ အလုပ်အကိုင်ပိုမိုရရှိစေခြင်း၊ ဒေသဖွံ့ဖြိုးတိုးတက်မှုဖြစ်စေခြင်း၊ ကုန်ကြမ်းရရှိသည့်နေရာတွင် စက်ရုံအလုပ်ရုံများ တည်နိုင်သဖြင့် ကုန်ထုတ်လုပ်ငန်း ပိုမိုသွက်လက် မြန်ဆန်လာစေခြင်း စသည့်အကျိုးများစွာ ရရှိစေသည်။

မကွေးမြို့တွင် ပြည်ပသို့တိုက်ရိုက်တင်ပို့ တင်သွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မည့် Commercial Complex တစ်ခု တည်ဆောက်နိုင်ပါက မြန်မာနိုင်ငံ အလယ်ပိုင်း၊ အနောက်ပိုင်းနှင့် အနောက်မြောက်ဘက်ရှိ ချင်းပြည်နယ်အထိပါ ဒေသဖွံ့ဖြိုးရေး အထောက်အကူပြုလာမည်ဖြစ်သည်။

မကွေးတိုင်းဒေသကြီးသည် ဆီထွက်သီးနှံသာမက ကုန်းဇောင်းဆန်ဟု ဒေသကခေါ်ဝေါ်သော ဧရာပဒေသာဆန်၊ ကုလားပဲ၊ မတ်ပဲ၊ ပဲကြီး၊ ကြက်သွန်နီနှင့် အာလူးများ စီးပွားဖြစ်ထွက်ရှိပြီး ဧရာဝတီ စားသုံးဆီသန့်များနှင့် စားသောက်ကုန် လုပ်ငန်းများသည် ကုန်သွယ်ရေးကဏ္ဍတွင် မရှိမဖြစ် အရေးပါသည့် ပို့ကုန်များအဖြစ် တည်ရှိလာမည်မှာ မြေကြီးလက်ခတ် မလွဲနိုင်ပါ။

မကွေးတိုင်းဒေသကြီးတွင် ၂၀၂၀ ပြည့်နှစ် နောက်ပိုင်းကာလများမှစ၍ မြေပဲဆန်ကို သန့်စင်ပြီး ပြည်ပနိုင်ငံများသို့ ရန်ကုန်နှင့် မန္တလေးမြို့များမှတစ်ဆင့် တင်ပို့ခြင်းများရှိနေသည်။ ထို့ပြင် နှမ်းကိုလည်းသန့်စင်ပြီး ပြည်ပသို့ ကုန်ကြမ်းအဖြစ် တင်ပို့ခြင်း၊ နှမ်းလှော်စက်များတည်၍ နှမ်းလှော် တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ပြည်ပနိုင်ငံများသို့ တင်ပို့ခြင်းများ ဆောင်ရွက်လာကြသည်။

ထို့အပြင် ပဲကြော်လုပ်ငန်းသည်လည်း တစ်နိုင်ငံလုံးတွင် အများဆုံးထုတ်လုပ်ပြီး ပြည်ပရှိ မြန်မာလူမျိုးတို့၏ အဓိကအစားအစာအဖြစ် တင်ပို့လျက်ရှိပါသည်။ မကွေးတိုင်းဒေသကြီးမှ လစဉ် ပဲကြော်များကို တိုင်းဒေသကြီးပြင်ပ ရန်ကုန်၊ မန္တလေး၊ ရှမ်းပြည်နယ် စသည့်ဒေသများသို့ တင်ပို့လျက်ရှိသည်။

အိမ်တွင်းမှု လုပ်ငန်းငယ်လေးများမှလည်း နှမ်းပျစ်၊ ပဲအစာသွပ်မုန့်များ၊ ပဲကိတ်များ၊ မြေပဲ ဆန်ကြော်၊ မြေပဲနှင့်ပြုလုပ်သော မုန့်အမျိုးမျိုးတို့ကို တိုင်းဒေသကြီးပြင်ပသို့ လစဉ်တင်ပို့လျက်ရှိသည်။

ပခုက္ကူစောင်သည်လည်း နောက်ပိုင်းတွင် ဒီဇိုင်းဆန်းသစ်လာမှုနှင့်အတူ ပြည်တွင်း၊ ပြည်ပမှ လူကြိုက်များလာပြီး ရောင်းအားကောင်းသော ကုန်ပစ္စည်းတစ်ခုအဖြစ် တည်ရှိလာသည်။ ယခင်က အိန္ဒိယ၊ တရုတ်နှင့် အနောက်နိုင်ငံများသို့ တင်ပို့သော်လည်း ယခုအခါ အိန္ဒိယနိုင်ငံသို့သာ တင်ပို့ခဲ့ကြောင်း တွေ့ရ သည်။

နာမည်ကြီးထုတ်ကုန်မှာ စားသုံးဆီဖြစ်ပြီး မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ ဝါစေ့ဆီ အစရှိသည်ဖြင့် မကွေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ဆီစက်ပေါင်း ၅၆၉ စက်မှ ထုတ်လုပ်လျက်ရှိသည်။ ကျေးလက်ဒေသများတွင် ဆုံဆီ ထုတ်လုပ်လျက်ရှိပြီး ပြည်တွင်းဈေးကွက်တွင် လူကြိုက်များခဲ့သည်။ မြေလတ် လက်ဆောင်အဖြစ် ဆုံဆီကို ယနေ့ထိအသုံးပြုလျက်ရှိသည်။

မကွေးတိုင်းဒေသကြီးသည် ပူပြင်းခြောက်သွေ့သည့် အရပ်ဒေသဖြစ်သော်လည်း ဆည်တမံများ တည်ဆောက်လာခြင်း၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် မိုးရေရရှိမှု ပိုမိုလာသဖြင့် စိုက်ပျိုးရေးကဏ္ဍအား များစွာ အထောက်အကူဖြစ်စေသည်။ ဆီထွက်သီးနှံများအပြင် ပြည်ပဈေးကွက်ဝင် သီးနှံများစွာ ထွက်ရှိလျက်ရှိသည်။ အထူးသဖြင့် ပဲစင်းငုံ၊ မတ်ပဲ၊ ကုလားပဲ၊ ပဲတီစိမ်းတို့သည် မကွေးတိုင်းဒေသကြီးအတွက် ဆီထွက်သီးနှံပြီးလျှင် ဒုတိယ ဝင်ငွေ အများဆုံးရှာဖွေပေးသည့် သီးနှံများဖြစ်ကြသည်။ ၎င်းအပြင် မကွေးဒေသထွက် ဧရာပဒေသာ( ကုန်းဇောင်းဆန်)သည် ပြည်တွင်းတွင် အရောင်းသွက်လျက်ရှိသည်။ မကွေးတိုင်းဒေသကြီး မြောက်ပိုင်းမှ ထွက်သော သီးနှံအများစုကို မန္တလေးမြို့ရှိ ပွဲရုံများ၊ Exporter များထံ ရောင်းချလျက်ရှိကြောင်းသိရသည်။

မကွေးတိုင်းဒေသကြီးသည် နောင်တစ်ချိန်ချိန်တွင် တိုင်းပြည်အတွက် အဓိကဝင်ငွေရှာပေးသည့် ဒေသကြီးတစ်ခု ဖြစ်လာပါလိမ့်မည်။

မကွေးမှ ရန်ကုန်ဆိပ်ကမ်းသို့ ကုန်စည်တိုက်ရိုက်တင်ပို့ခြင်းနှင့် တင်သွင်းခြင်းများ ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသခံ တောင်သူများနှင့် လုပ်ငန်းရှင်များအတွက် အကျိုးရှိမည်ဖြစ်သည်။ ဤသို့ ဆောင်ရွက်နိုင်ရန်အတွက် One stop service ဖြင့် ဆောင်ရွက်နိုင်ရန် လိုအပ်မည်ဖြစ်သည်။

Commercial Complex ရပ်ဝန်း တည်ထောင်လာပါက လုပ်ငန်းစိန်ခေါ်မှု အများအပြားတွေ့ရနိုင်သည်။ စိန်ခေါ်မှုများအား One stop service စနစ်ဖြင့် Commercial Complex အစီအမံ အောင်မြင်ရေးအား ရှင်းလင်းခြင်း၊ ကုန်သွယ်ရေးဆိုင်ရာ ဗဟုသုတများအား ရှင်းလင်းခြင်းနှင့် စည်းရုံးပြောဆိုခြင်းများ စားသုံးသူရေးရာ တိုင်းဒေသကြီး ဦးစီးမှူးရုံးက ယခုကတည်းကဆောင်ရွက်ရမည်ဖြစ်သည်။

မကွေးတိုင်းဒေသကြီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုထက် အဆပေါင်းများစွာ တစ်ရှိန်ထိုးထပ်မံတိုးတက်လာခြင်း၊ တောင်သူလုပ်ငန်းရှင်များ ပိုမိုအားစိုက်လာခြင်း၊ စိုက်ပျိုးရေးနည်းစနစ်များ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ တိုင်းဒေသကြီးအတွင်းရှိ တောင်သူနှင့် လုပ်ငန်းရှင်များက ကုန်သွယ်ရေးသဘောတရားများ မိုမိုသိရှိနားလည်လာသည်နှင့်အမျှ ဝင်ငွေတိုးလာခြင်း၊ နိုင်ငံတော်က အခွန်အခငွေ ပိုမိုရရှိလာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။

မကွေးတိုင်းဒေသကြီးမှ မြန်မာနိုင်ငံ အရပ်ရပ်သို့ အလွယ်တကူ သွားလာနိုင်ခြင်း၊ ဆည်မြောင်းတမံများ ဖွံ့ဖြိုးတိုးတက်လာသည့်အတွက် စိုက်ပျိုးရေးကဏ္ဍရပ်တွင် တိုးတက်လာခြင်း၊ ပြည်ပပို့ကုန် အမယ်စုံထွက်ရှိခြင်း၊ ကုန်သွယ်ရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသည့် ကုန်သည်ဦးရေများပြားသဖြင့် မကွေးတိုင်းဒေသကြီး၏ ထုတ်ကုန်များ ပြည်ပနိုင်ငံများသို့ တိုက်ရိုက်တင်ပို့မည့် ကုန်သွယ်မှုလုပ်ငန်း အောင်မြင်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးစားကြမည်ဖြစ်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။

# ပျဉ်ပုံကြီး၊ ကိုင်းတာရွာသစ်မှ သံရည်ကျိုလုပ်ငန်း

ပဲခူးခရိုင် ပျဉ်ပုံကြီးရှိ ကိုင်းတာရွာသစ်တွင် သံရည်ကျိုပုံလောင်းလုပ်ငန်းကို အများဆုံး လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ သံရည်ကျိုလုပ်ငန်းအား လုပ်ဆောင်ရာတွင် ကုန်ကြမ်းအနေဖြင့် သံကြွပ်၊ ကားအင်ဂျင်ဟောင်း၊ သံအထည်ဟောင်းများကို အသုံးပြုကြောင်း၊ ကုန်ကြမ်းများအား ဒေသအတွင်းမှပင် ဝယ်ယူကြောင်း သိရှိရသည်။ တစ်ရက်လျှင် နန်းဆွဲ တစ်တန်ခွဲ ထုတ်လုပ်လျက်ရှိပြီး တစ်လလျှင် ပျမ်းမျှ ရက် ၃၀ ခန့်ထုတ်လုပ်ကြောင်း သိရှိရသည်။

တစ်နေ့ သံရည်ကျို ၄ တန်ထုတ်လုပ်ပြီး တစ်လပျမ်းမျှ ၂၄ ရက်ခန့် ထုတ်လုပ်ကြောင်း သိရသည်။ သံနန်းဆွဲ အနေဖြင့် အိမ်ဆောက် အုတ်ဖိနပ်တိုင်တွင်ထည့်၍ အသုံးပြုသော ကျင်တွယ် တစ်ပိဿာလျှင် ကျပ် ၅၀၀၀မှ ၅၅၀၀ ထိရောင်းချသည်။ ထုတ်ကုန်အနေဖြင့် လယ်ယာသုံးပစ္စည်း ထွန်စက်နောက်တွဲတွင် အသုံးပြုသောဘောအိမ်များ၊ အိုးစည်များ၊ ထည်ပိတ်များအား ထုတ်လုပ်လျက်ရှိပြီး တစ်ပိဿာလျှင် ကျပ် ၉၀၀၀၊ ခြံစည်းရိုးသံပန်းများတွင် အသုံးပြုလျက်ရှိသော သံကြွပ်ပန်း တစ်ပိဿာလျှင် ကျပ် ၄၅၀၀ ခန့် ရောင်းချကြောင်း သိရသည်။

လုပ်သားဦးရေအနေဖြင့် ၆၀ ခန့်ရှိပြီး လက်ရှိ သံရည်ကျိုနှင့် သံနန်းဆွဲများအား ကျင်တွယ်နှင့် ဖလပ်ပြား၊ ဓား၊တံစဉ်၊သံ၊ စက်သွားသံများကိုသာ ပြုလုပ်နိုင်ပြီး သံရည်ကျိုနှင့် သံနန်းဆွဲများကို အဆင့်မြှင့် ထုတ်လုပ်မည်ဆိုပါက ဆောက်လုပ်ရေးတွင် အသုံးပြုသော ဟောလိုထုတ်လုပ်ရန်စက်များ၊ သွပ်လိပ်ထုတ်လုပ်ရန် စက်များကို လိုအပ်လျက်ရှိပြီး ၎င်းစက်များကိုသာ အသုံးပြုနိုင်ပါက ဟောလိုများ၊ သွပ်များကို ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထပ်မံအဆင့်မြှင့်ပါက ကြံစစ်သံချောင်းများအား ပြုလုပ်နိုင်ရေး ထပ်မံတိုးချဲ့ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း သံနန်းဆွဲနှင့် သံရည်ကျို ကုန်ချောများကို ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနား၊ ကော့သောင်းမြို့များသို့ တင်ပို့ရောင်းချကြောင်း သိရှိရသည်။

အရောင်းအဝယ်အနေဖြင့် ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ထိုက်သင့်သော အကျိုးအမြတ်ရရှိပြီး ပဲခူးတိုင်းဒေသကြီး၏ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းရှင်ဖြစ်သည့် သံရည်ကျိုပုံလောင်းလုပ်ငန်းရှင်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**စိုးမိုး (ပဲခူး)**

# အင်းလေးဒေသထွက် ပဒုမ္မာ ကြာချည်ထည်များ

**စောဝင်းကျော် (တောင်ကြီး)**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အတွင်းရှိ အင်းလေးကန်ဒေသအနေဖြင့် ကမ္ဘာကျော်နာမည်ကြီးမှုနှင့်အတူ ဒေသတွင်း ဖောင်တော်ဦးစေတီ၊ ရိုးရာရက်ကန်းအလုပ်ရုံများ၊ ရေပေါ်ကျွန်းမျှောစိုက်ခင်းများ၊ ပန်းပဲ၊ ငွေပန်းထိမ်လုပ်ငန်းများရှိသည့်အတွက် ပြည်တွင်းနှင့် ပြည်ပ ခရီးသွားများ လာရောက်လည်ပတ်သည့် မြန်မာနိုင်ငံ၏ အထင်ကရနေရာတစ်ခုဖြစ်သည့်အတွက် ခရီးသွားများမှ ဒေသတွင်းထုတ်ကုန်များဖြစ်သည့် ရိုးရာအဝတ်အထည်၊ချည်ထည်၊ ကြာထည်များကို အလုပ်ရုံများတွင် ရက်ကန်း ရက်လုပ်မှုအားကိုယ်တိုင်လေ့လာ၍ ဝယ်ယူခြင်းများနှင့် မြန်မာနိုင်ငံ အနှံ့ဈေးကွက်များ ပြည်ပအမှာရှိသည့် ဈေးကွက်များသို့လည်း တင်ပို့ရောင်းချလျက်ရှိသည်။

အင်းလေးကန်အတွင်း ရက်ကန်းလုပ်ငန်းကို လွန်ခဲ့သော နှစ်ပေါင်း ၁၅၀ ခန့်မှ ရှားစေးဖြင့် သက်န်းရောင် သဘာဝဆိုးဆေးများ အသုံးပြု၍ ရက်ကန်းလုပ်ငန်းများ စတင်ခဲ့ကြသည်။ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် ရက်ကန်းပညာရှင်များမှ နည်းပညာအသုံးပြု၍ သဘာဝဆိုးဆေးအရောင် ၄၄ မျိုးကို စမ်းသပ်ရရှိပြီး ၎င်းနည်းပညာများဖြင့် ဒေသတွင်းရှိ သစ်ပင်များ၏ (အရွက်၊ စေ့၊ အခေါက်၊ အသီး၊ အသား၊ အခွံ)တို့ဖြင့် သဘာဝဆိုးဆေးများကို ပြုလုပ်၍ သဘာဝဆိုးဆေး ချည်ထည်၊ ကြာချည်ထည်များ ထုတ်လုပ်ခဲ့သည်။ ထို့ပြင် ပုံမှန်ဓာတု ဆိုးဆေးအသုံးပြု၍လည်း ပိတ်အုပ်၊ ရိုးရာအကျီ၊ ဘောင်းဘီ၊ လွယ်အိတ်၊ လုံချည်၊ ခြုံပဝါ၊ ကြာသက်န်းဒိုစုံတို့ကို ထုတ်လုပ်၍ ဈေးကွက်များသို့ ရောင်းချကြသည်။

၂၀၀၀ ပြည့်နှစ်မတိုင်မီ အစောပိုင်း ကာလများ၌ လက်ရက်ကန်း အလုပ်ရုံ ၁၀၀၀ ကျော်ရှိခဲ့ပြီး ယခုအခါ အနည်းငယ်သော လုပ်ငန်းများသာ လည်ပတ်လျက်ရှိပြီး မိရိုးဖလာ လုပ်ကိုင်ကြသည့် လုပ်ငန်းရှင်များမှသာ ဆက်လက်ထိန်းသိမ်းပြီး ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။ အင်းလေးဒေသ မှ ရက်ကန်းလုပ်ငန်းများအနေဖြင့် အလုပ်ရုံအကြီးအသေးပေါ် မူတည်ပြီး လုပ်သားအင်အားအနေဖြင့် ၁၀ မှ ၂၀ ဦးခန့်ထိရှိသည်။ ပျမ်းမျှအနေဖြင့် နေ့စား၊ လုပ်သားအနေဖြင့် တစ်နေ့လျှင် ကျပ် ၈၀၀၀ မှ ၁၁၀၀၀ နှင့် ကျွမ်းကျင်သူများအနေ ဖြင့် လခစားအဖြစ် ဆောင်ရွက်ကြသည်။ ချည်ထည်များ အတွက် ချည်ကုန်ကြမ်းများကို ပြည်တွင်းမှ တစ်တိုင်ချည်များ ဝယ်ယူပြီး နှစ်တိုင်ချည် ၂/၈၀ ကို အိန္ဒိယမှ တင်သွင်းသည်။

ကြာချည်ကို အင်းလေးကန်ထဲမှ ပဒုမ္မာကြာ ပန်းပင်များမှသာ ရယူပြီး အလုပ်ရုံများမှ ကိုယ်တိုင်ကုန်ကြမ်းထုတ်လုပ်ခြင်းဖြစ်သည်။ ပန်းရောင်အပွင့် ပွင့်သောအပင်မှ ကြာချည်သည် ပိုမိုခိုင်ခံ့သည်ဟု သိရသည်။ ပဒုမ္မာကြာပန်းသည် ကောင်းမွန်သော အဓိပ္ပာယ်ရှိ၍ မြတ်စွာဘုရားအား လှူဒါန်းခြင်း၊ မင်္ဂလာရှိခြင်း၊ အေးမြခြင်း၊ လာဘ်လာဘရရှိခြင်းတို့ကြောင့် ပဒုမ္မာကြာချည်နှင့် ရက်လုပ်သော အဝတ်အထည်များ အသုံးပြုပါက ကံကောင်းခြင်းများ ရရှိသည်ဟုဆိုကြသည်။ ထိုပဒုမ္မာကြာပင်မှရရှိသော ကြာချည်များကို ရက်ကန်း ရက်လုပ်နိုင်သည့် အဆင့်အထိကို လုပ်သားများကိုယ်တိုင် ချည်ငင်ခြင်း၊ ချည်ဆိုးဆေးများကို သစ်ပင်၊ သစ်ခေါက်၊ သစ်သီးများမှ ရရှိသော သဘာဝဆိုးဆေးများကိုသာ အသုံးပြုခြင်း၊ ပဒုမ္မာကြာသက်န်းတစ်စုံကို ရက်လုပ်ပါက ကြာရိုးပေါင်း နှစ်သိန်းခန့် အသုံးပြုရခြင်း၊ လက်မှုပညာ (Hand Made)စစ်ဖြစ်ခြင်းတို့ကြောင့် ဈေးနှုန်းမြင့်ရခြင်းဖြစ်ကြောင်း သိရသည်။

ကြာချည်ဖြင့်ရက်လုပ်သော အဝတ်အထည်များကို ဝတ်ဆင်ပါက ကျန်းမာရေးကောင်းမွန်ခြင်း၊ ပေါ့ပါး၍အေးမြမှုရှိခြင်း၊ လူ၏ ခန္ဓာကိုယ်နှင့် လိုက်လျောညီထွေမှု ရှိခြင်းတို့အပြင် မင်္ဂလာရှိသည်ဟု ယူဆကြသောကြောင့် ပြည်တွင်းသာမက ပြည်ပမှပါ ဝယ်ယူအသုံးပြုကြခြင်းဖြစ်သည်။ ကြာချည်ဖြင့် ရက်လုပ်သော ပစ္စည်းများအနက် ကြာချည်သက်န်းဒိုစုံသည် ထင်ရှားပြီး တစ်စုံလျှင် ကျပ် ၂၂ သိန်းမှ ၂၇ သိန်းခန့်ထိရှိသည်။ ကြာပဝါများမှာ အရွယ်အစားအလိုက် ကျပ် ၁၈၀၀၀၀ မှ ကျပ် ၄၀၀၀၀၀ ခန့်ထိရှိသည်။

ဓာတုဆိုးဆေးများဖြင့် ရက်လုပ်သော ချည်ထည်များဖြစ်သည့် ရိုးရာဘောင်းဘီ၊ အကျီ၊ လုံချည်နှင့် လွယ်အိတ်များသည် ဈေးကွက်အသင့် အတင့်ရှိကြောင်းသိရသည်။ အခြားအသုံးအဆောင်များမှာ ပိုးကြာလက်ကိုင်အိတ်၊ ပိုးကြာလုံချည်၊ ပိုးကြာထဘီ၊ ကြာခြုံထည်တို့ဖြစ်သည်။ သဘာဝဆိုးဆေးများသည် သဘာဝအရောင်အတိုင်းဖြစ်၍ ဓာတုဆိုးဆေးများကဲ့သို့ အရောင်တောက်ပမှု မရှိသော်လည်း ပြည်တွင်းဈေးကွက်တွင် ဖက်ရှင်ရေစီးကြောင်းအရ သဘာဝဆိုးဆေးချည်ထည်များကို ပိတ်အုပ်အတိုင်းရောင်းချမှု ပိုမိုများပြားလျက်ရှိကြောင်း သိရသည်။

ခရီးသွားရာသီရောက်ရှိပါက ပြည်တွင်း ခရီးသွားဈေးကွက်တွင် ပိုမိုရောင်းချနိုင်ကြောင်းသိရသည်။ ချည်သားများ အရည်အသွေးကောင်းမွန်စေရန် ချည်သားပေါင်းကြိတ်စက်များနှင့် နည်းပညာများ လိုအပ်လျက်ရှိပြီး လုပ်ငန်းရှင်များမှာ ဒီဇိုင်းနှင့် အရည်အသွေးများ ပိုမိုကောင်းမွန်အောင် ကြိုးစားပါက ပြည်ပမှ အမှာရှိသည့် နိုင်ငံများသာမက အခြားဈေးကွက်များသို့လည်း တင်ပို့နိုင်မည်ဖြစ်ကြောင်း အင်းလေးဒေသ၏ ရိုးရာရက်လုပ်ငန်းများနှင့် ပဒုမ္မာကြာချည်များ အကြောင်း လေ့လာရေးသားလိုက်ပါသည်။

စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ
(၂၈-၁၀-၂၀၂၄)ရက်နေ့မှ (၃-၁၁-၂၀၂၄)ရက်နေ့အထိ ရည်ညွှန်းဈေးနှုန်းထုတ်ပြန်ရန်
ခန့်မှန်းကုန်ကျစရိတ်စာရင်းနှင့် အရင်းဈေးတွက်ချက်မှု

| | |
|---|---|
| Quantity (MT) | 1000 |
| CIF Price (USD/MT) | 1129 |
| ငွေလဲနှုန်း | 3054 |
| Customs ငွေလဲနှုန်း | 2100 |

| စဉ် | အကြောင်းအရာ | တွက်ချက်နှုန်း | ၁၀၀၀ တန် ကုန်ကျစရိတ် | (၁) ပိဿာကုန်ကျစရိတ် |
|---|---|---|---|---|
| ၁ | သွင်းကုန်လိုင်စင်ကြေး | | 93,600 | 0.15 |
| ၂ | TT ဘဏ်စရိတ်ငွေလွှဲခ | 1000 MT x CIF x ငွေလဲနှုန်း x 0.125% | 4,309,958 | 7.04 |
| ၃ | စားအုန်းဆီအလျော့ | 1000 MT x 0.5% x CIF x ငွေလဲနှုန်း | 17,239,830 | 28.15 |
| ၄ | ဆိပ်ကမ်းသိုလှောင်ထိန်းသိမ်းခ | 1000 MT x 612.39 Viss x MMK 20 | 12,247,800 | 20.00 |
| ၅ | ကုန်သွယ်လုပ်ငန်းခွန် | | 118,545,000 | 193.58 |
| ၆ | MITS စစ်ဆေးခ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၇ | FDA + Lab Test | | 440,000 | 0.72 |
| ၈ | ဆိပ်ကမ်းကပ်ခ | 1000 MT x USD 3.15 x ငွေလဲနှုန်း | 9,620,100 | 15.71 |
| ၉ | ဆီအသင်းရန်ပုံငွေ | 1000 MT x MMK 600 | 600,000 | 0.98 |
| ၁၀ | Agent fee | | 250,000 | 0.41 |
| ၁၁ | ကြိုတင်ဝင်ငွေခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 2% | 47,418,000 | 77.43 |
| ၁၂ | ကန်ပြောင်းစရိတ် | 1000 MT x 612.39 Viss x MMK 25 | 15,309,750 | 25.00 |
| ၁၃ | အထွေထွေကုန်ကျစရိတ် | 1000 MT x 612.39 Viss x MMK 30 | 18,371,700 | 30.00 |
| ၁၄ | ဘဏ်အတိုးနှုန်း | | 40,237,763 | 65.71 |
| | **အထွေထွေစရိတ်ပေါင်း** | | **285,283,501** | **465.85** |
| ၁၅ | CIF Cost (1000 MT x CIF Price x ငွေလဲနှုန်း) | | **3,447,966,000** | **5,630.34** |
| | **စရိတ်စုစုပေါင်း** | | **3,733,249,501** | **6,096.20** |

## ရန်ကုန်တိုင်းရွှေအသင်း ရွှေဈေးနှုန်း ကျပ်သိန်း ၅၆ သိန်းကျော်တွင်ရှိနေ

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း(YGEA) မှ ထုတ်ပြန်လျက်ရှိသည့် အကယ်ဒမီ မီးလင်းရွှေ တစ်ကျပ်သား ဈေးနှုန်းမှာ ကျပ် ၅၆ သိန်းကျော်တွင်ရှိနေကြောင်း အဆိုပါအသင်းမှ သိရသည်။ YGEA မှ နေ့စဉ်ရောင်းချရမည့် ရွှေဈေးနှုန်းကို တစ်နေ့သုံးကြိမ် ထုတ်ပြန်ပေးလျက်ရှိကြောင်း၊ ရွှေရောင်းချသည့်အခါတွင် သတ်မှတ်သည့်ဈေးနှုန်းအတိုင်း ရောင်းချပါရန် အသိပေးထားပြီး ရွှေဆိုင်များကိုလည်း နေ့စဉ်ဖွင့်လှစ်၍ အရောင်းအဝယ်ပြုလုပ်ရန် ပန်ကြားထားသည်။

လက်ရှိတွင် ရွှေနှင့် ငွေကြေးဈေးကွက် စောင့်ကြည့်ထိန်းသိမ်း ကြပ်မတ်ရေးလုပ်ငန်းကော်မတီနှင့် သက်ဆိုင်ရာဌာနများအနေဖြင့် ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှုကြောင့် ရွှေဈေး ကျဆင်းလာလျက်ရှိသည်။ ယင်းအပြင် ရွှေဈေးနှုန်းတည်ငြိမ်စေရေးအတွက် ရွှေဆိုင်များအနေဖြင့် နေ့စဉ် ရွှေဆိုင်များအား ဖွင့်လှစ်ခြင်း၊ သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချခြင်းများကို ဆောင်ရွက်ပေးပါရန် အသိပေးအပ်ကြောင်း၊ ရွှေဆိုင်များ ရွှေလုပ်ငန်းရှင်များအားလုံးအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း၏ သတ်မှတ်ဈေးဖြင့်သာ အရောင်းအဝယ်ပြုလုပ်ရန် YGEA မှ အသိပေးထုတ်ပြန်ထားသည်။

လက်ရှိတွင် YGEA အနေဖြင့် အကယ်ဒမီ မီးလင်းရွှေဈေးနှုန်းအား ကမ္ဘာ့ရွှေဈေး၊ လိုင်စင်ရဘဏ်များဖြင့် ရည်ညွှန်းဈေးများဖြင့် တွက်ချက်ကာ ရည်ညွှန်းဈေးအား နေ့စဉ် ဖွင့်လှစ်ပေးလျက်ရှိသည်။

## ပြည်တွင်းငွေကြေးဈေးကွက် အရောင်းအဝယ် ပုံမှန်အတိုင်းသာရှိ

လက်ရှိ ပြည်တွင်း နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း အရောင်းအဝယ် ပုံမှန်အတိုင်းသာရှိကြောင်း နိုင်ငံခြားငွေကြေး ရောင်းဝယ်သူများထံမှ သိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်းသို့ ပို့ကုန်သွင်းကုန်လုပ်ငန်း ရှင်များအတွက် Fx Trading Platform မှတစ်ဆင့် နိုင်ငံခြားငွေများ ဆက်တိုက်ထုတ်ရောင်းပေးလျက်ရှိသည်။

လက်ရှိတွင် နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်စေရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်းသို့ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအတွက် Fx Trading Platform မှတစ်ဆင့် နိုင်ငံခြားငွေများ ဆက်တိုက်ထုတ်ရောင်းပေးလျက်ရှိပြီး ယင်းသို့ နိုင်ငံခြားဈေးကွက်အတွင်း အမေရိကန်ဒေါ်လာများ ဆက်တိုက်ထုတ်ရောင်းပေးခြင်းကြောင့် နိုင်ငံခြားငွေလဲနှုန်းမှာ သိသိသာသာ ကျဆင်းလာလျက်ရှိကာ အရောင်းအဝယ်ပုံမှန်ဖြစ်ပေါ်လျက်ရှိသည်။

ယင်းအပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ဘဏ်များအား ဘဏ်လုပ်ငန်းလိုင်စင်ထုတ် ပေးထားပြီး ဥပဒေ၊နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိ စောင့်ကြည့်ကြပ်မတ်ကွပ်ကဲလျက် ရှိသည်။ လက်ရှိတွင်လည်း နိုင်ငံခြားသုံးငွေများ ရောင်းဝယ် ဖောက်ကားသည့်လုပ်ငန်း (AD)လိုင်စင်ရ ဘဏ်များမှလည်း ငွေလဲကောင်တာများတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရောင်းဝယ်ခွင့်ပြုထားသည့် ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ၊ ထိုင်းဘတ်၊ မလေးရှားရင်းဂစ်၊ တရုတ်ယွမ်နှင့် ဂျပန်ယန်း နိုင်ငံခြားငွေကြေးတို့အား ပုံမှန်ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

## စတော့ရှယ်ယာ တန်ဖိုး ကျပ်သန်း ၁၃၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့

ပြီးခဲ့သည့်ဩဂုတ်လနှင့် စက်တင်ဘာလ နှစ်လတာကာလအတွင်း စာရင်းဝင်ကုမ္ပဏီများ၏ စတော့ရှယ်ယာ အရောင်းအဝယ်ဖြစ်မှု တန်ဖိုး ကျပ်သန်း ၁၃၀၀ ကျော်ရှိခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်း (YSX) မှ သိရသည်။

အဆိုပါကာလအတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် ရှယ်ယာ အစောင်ရေ စုစုပေါင်း ၄၉၆၁၁၅၆ စောင်ရှိပြီး တန်ဖိုးအားဖြင့် ကျပ် ၁၃၉၈ဒသမ ၀၉၉ သန်းရှိခဲ့ခြင်း ဖြစ်သည်။

ယင်းနှစ်လတာကာလအတွင်း ကုမ္ပဏီတစ်ခုချင်းစီ၏ အစုရှယ်ယာရောင်းချနိုင်မှုအနေဖြင့် First Myanmar Investment(FMI) က အစုရှယ်ယာ ၂၃၀၀၇ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၂၀၄ ဒသမ ၅၄ သန်း၊ Myanmar Thilawa SEZ Holdings Public (MTSH) က အစုရှယ်ယာ ၁၃၂၂၀၄ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၄၅၈ ဒသမ ၆၁ သန်းရရှိခဲ့ကြောင်း သိရသည်။

အလားတူ မြန်မာနိုင်ငံသားများဘဏ် (MCB) က အစုရှယ်ယာ ၃၄၇၆ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် ကျပ် ၂၉ ဒသမ ၈၈ သန်း၊ ပထမပုဂ္ဂလိကဘဏ် (FPB) က အစုရှယ်ယာ ၂၇၆၆၀၂ စောင်ရောင်း ချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၄၂၇ ဒသမ ၈၆ သန်းရရှိခဲ့သည်။

ထို့အတူ TMH Telecom Public(TMH) က အစုရှယ်ယာ ၁၃၃၃၂၂ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၃၇၁ဒသမ ၂၇၀ သန်း၊ Ever Flovw River Group Public(EFR) က အစုရှယ်ယာ ၄၁၉၉၃ စောင် ရောင်းချနိုင်ခဲ့ပြီး တန်ဖိုး ကျပ် ၇၂ ဒသမ ၀၄၈ သန်းရရှိခဲ့သည်။

ကိုတိုး - စုစည်းသည်

# စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ကမ္ဘာ့နိုင်ငံရေး အခြေအနေများကြောင့် ကမ္ဘာ့ရွှေဈေးသည် အပြောင်းအလဲများစွာ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသည်။ ကမ္ဘာ့ရွှေဈေးသည် အောက်တိုဘာ ၂၄ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၇၃၇ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ အောက်တိုဘာ ၂၉ ရက်တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၇၅၄ ဒေါ်လာဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။ ပြည်တွင်းရွှေဈေးသည်လည်း အောက်တိုဘာ ၂၄ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၆၆၅၀၀၀၀ ပေါက်ဈေးရှိခဲ့ရာမှ အောက်တိုဘာ ၂၉ ရက်တွင် ကျပ် ၆၄၀၀၀၀၀ သို့ အတက်အကျ ဖြစ်ပေါ်ခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှ သိရသည်။

Trading Economics တွင် ဖော်ပြချက်အရ မြန်မာနိုင်ငံတွင် GDP သည် ၂၀၂၄ ခုနှစ် နှစ်ကုန်တွင် USD ၆၄ ဒသမ ၇၅ ဘီလီယံရှိလာရန် မျှော်မှန်းထားကြောင်း Trading Economics global macro model နှင့် ဆန်းစစ်လေ့လာသူများ၏ ခန့်မှန်းချက်အရ သိရသည်။ Econometric Model အရ မြန်မာနိုင်ငံ၏ GDP သည် ၂၀၂၅ ခုနှစ်တွင် USD ၆၆ ဒသမ ၀၅ ဘီလီယံနှင့် ၂၀၂၆ ခုနှစ်တွင် USD ၆၇ ဒသမ ၃၇ ဘီလီယံဝန်းကျင်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရှိရသည်။

၂၀၂၃ ခုနှစ်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ စက်တင်ဘာလ အစီရင်ခံစာ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု (GDP) တိုးတက်မှုနှုန်းသည် ၂ဒသမ ၈ ရာခိုင်နှုန်း ဖြစ်ပြီး ၂၀၂၄ ခုနှစ်အတွက် GDP တိုးတက်မှုနှုန်းသည် ၃ ဒသမ ၂ ရာခိုင်နှုန်း ရှိလာမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်ကို တွေ့ရသည်။

အောက်တိုဘာ ၂၄ ရက်မှ အောက်တိုဘာ ၂၉ ရက်အထိ ရက်အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂၄-၁၀-၂၀၂၄ | ၂၅-၁၀-၂၀၂၄ | ၂၈-၁၀-၂၀၂၄ | ၂၉-၁၀-၂၀၂၄ | တစ်ပတ်အတွင်း ဒေါ်လာငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၂၁၀၀.၀ | ၀.၀၀ | - |
| ၂ | Thai Baht | THB | ၃၃.၇၆၅ | ၃၃.၇၈၅ | ၃၃.၇၈၀ | ၃၃.၇၈၀ | ၀.၀၄ | ⬆ |
| ၃ | Singapore Dollar | SGD | ၁.၃၂၁ | ၁.၃၂၀ | ၁.၃၂၄ | ၁.၃၂၄ | ၀.၂၃ | ⬆ |
| ၄ | Malaysian Ringgit | MYR | ၄.၃၅၄ | ၄.၃၄၀ | ၄.၃၅၉ | ၄.၃၇၀ | ၀.၃၇ | ⬆ |
| ၅ | Indonesian Rupiah | IDR | ၁၅၅၉၃ | ၁၅၆၄၀ | ၁၅၇၃၃ | ၁၅၇၆၀ | ၁.၀၇ | ⬆ |
| ၆ | Chinese Yuan | CNY | ၇.၁၁၇ | ၇.၁၂၄ | ၇.၁၂၉ | ၇.၁၃၈ | ၀.၃၀ | ⬆ |
| ၇ | Indian Rupee | INR | ၈၄.၀၇၇ | ၈၄.၀၇၄ | ၈၄.၀၇၁ | ၈၄.၀၇၄ | ၀.၀၀ | - |
| ၈ | Japanese Yen | JPY | ၁၅၂.၀၇၅ | ၁၅၂.၀.၄၂ | ၁၅၃.၄၇၅ | ၁၅၃.၄၀၈ | ၀.၈၈ | ⬆ |
| ၉ | Australian Dollar | AUD | ၁.၅၀၄ | ၁.၅၀၈ | ၁.၅၁၆ | ၁.၅၂၁ | ၁.၁၃ | ⬆ |
| ၁၀ | Euro | EUR | ၀.၉၂၇ | ၀.၉၂၄ | ၀.၉၂၆ | ၀.၉၂၄ | -၀.၃၂ | ⬇ |
| ၁၁ | Pound Sterling | GBP | ၀.၇၇၃ | ၀.၇၇၀ | ၀.၇၇၂ | ၀.၇၇၀ | -၀.၃၉ | ⬇ |

Source- Central Bank of Myanmar

ပြည်တွင်းရှိ ပြင်ပဒေါ်လာ ငွေကြေးဈေးကွက်၌ ဝယ်လိုအားပြောင်းလဲမှုပေါ်လိုက်၍ အောက်တိုဘာ ၂၄ ရက်မှ အောက်တိုဘာ ၂၉ ရက်ထိ ရက်သတ္တပတ်အတွင်း ကျပ် ၄၆၄၀- ၄၆၅၀ ကြား ရှိနေကြောင်း သိရသည်။

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက အောက်တိုဘာ ၃၀ ရက်တွင် Thai Rice Exporter Association Website တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၆၇ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၈ ဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည်။ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၂ ဖြင့်လည်းကောင်း၊ ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၇ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၁ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၂ ဖြင့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို သိရသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၈ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ ရာခိုင်နှုန်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၂ ဖြင့် လည်းကောင်းရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ပေါင်းဆန် ၅ ရာခိုင်နှုန်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၄၃ ဖြင့် လည်းကောင်း အသီးသီးရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ Thai Rice Exporter Association တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ထိုင်းနိုင်ငံ၌ ၁၀၀ ရာခိုင်နှုန်း ဘီဂရိတ်ဆန်၊ ဧည့်မထ ၅ ရာခိုင်နှုန်းဆန်၊ ဧည့်မထ ၂၅ ရာခိုင်နှုန်း ဆန်ဈေးနှုန်းများမှာ ကျဆင်းလျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။ ဗီယက်နမ်၊ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့၏ ဆန်ဈေးနှုန်းများမှာလည်း ကျဆင်းလျက်ရှိကြောင်း သိရှိရသည်။

ပြည်ပဆန်ဈေးကွက်သတင်းအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အဓိကစားသုံးကုန်ဖြစ်သော ဆန်တင်သွင်းမှုကို တွန်းအားပေးရန်နှင့် ပြည်တွင်းဈေးကွက်တွင် ရောင်းလိုအားကို တိုးမြှင့်ရန်အတွက် ဆန်တင်သွင်းမှုအပေါ် ကောက်ခံလျက်ရှိသော အခွန်နှုန်းထားကို သိသိသာသာလျှော့ချခဲ့ကြောင်း သိရှိရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမျိုးသားအခွန်ကြီးကြပ်မှုအဖွဲ့ (NBR) ၏ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၀ ရက်၌ ထုတ်ပြန်သည့် ဥပဒေစည်းမျဉ်းအရ ကုန်သည်များအနေဖြင့် ဆန်တင်သွင်းရာ၌ ယခင်က သွင်းကုန်အခွန်စုစုပေါင်း ၆၂ ဒသမ ၅ ရာခိုင်နှုန်း ပေးဆောင်ခဲ့ရာမှ ယခု ၂၅ ရာခိုင်နှုန်းသို့ လျှော့ချ၍ တင်သွင်းနိုင်ပြီဖြစ်ကြောင်း သိရသည်။ မကြာသေးမီက ဖြစ်ပေါ်ခဲ့သော ရေကြီးရေလျှံမှုများကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဒုတိယအကြီးဆုံး စပါးသီးနှံရာသီဖြစ်သည့် Aman paddy ခေါ် မိုးစပါးစိုက်ပျိုးမှုကို ထိခိုက်ခဲ့ပြီးနောက် ဆန်ရောင်းလိုအား ကျဆင်းမည့်အရေး စိုးရိမ်မှုများ မြင့်တက်လာသောကြောင့် အကောက်ခွန်နှုန်းထားများ လျှော့ချခံရခြင်းဖြစ်သည်။ ယင်းသို့ လျှော့ချခြင်းကြောင့် ဆန်တစ်ကီလိုဂရမ်အတွက် တင်သွင်းမှုကုန်ကျစရိတ်မှာ တာကာငွေ ၁၄ ဒသမ ၄၀ လျှော့နည်းသက်သာမှုရှိမည်ဖြစ်ကြောင်း၊ နိုင်ငံတွင်း စားနပ်ရိက္ခာဖူလုံမှုကို အာမခံချက်ရှိစေပြီး ဆန်ဈေးနှုန်းကို သင့်တင့်သော အခြေအနေတွင် ထိန်းသိမ်းထားနိုင်ရန်အတွက် အခွန်လျှော့ချခြင်းဖြစ်ကြောင်း၊ ၎င်းနှုန်းထားအသစ်မှာ ချက်ချင်းလက်ငင်း သက်ရောက်မှုရှိမည် ဖြစ်သော်လည်း တင်သွင်းသူများအနေဖြင့် အဆိုပါ အကျိုးဖြစ်ထွန်းမှုကို ရယူခံစားနိုင်ရန်အတွက် စားနပ်ရိက္ခာဝန်ကြီးဌာန၏ အတည်ပြုချက် ရယူရန် လိုအပ်သည်။

ပြည်တွင်း ဆန်ဈေးကွက်သတင်းအနေဖြင့် မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ ဆန်ဈေးကွက်(လက်ကားဈေး) တွင် ပေါ်ဆန်းနယ်စုံ (ဖျာပုံ၊ မြောင်းမြ၊ ဒေးဒရဲ)တို့မှ ဆန်တစ်အိတ်လျှင် ကျပ် ၁၁၅၀၀၀ မှ ၁၂၅၀၀၀ ပေါက်ဈေးရှိပြီး ရွှေဘိုပေါ်ဆန်းမှာ ဆန်ဟောင်း တစ်အိတ်လျှင် ကျပ် ၁၄၀၀၀၀ မှ ၁၅၀၀၀၀ ပေါက်ဈေးရှိသည်။ ဆန်ကြမ်းဖြစ်သော ဧည့်မထ ၂၅ မှတ်တန်ဆန်နှင့် ငစိန်ဆန် တစ်အိတ်လျှင် ကျပ် ၇၁၀၀၀ မှ ၇၃၀၀၀ ကြား ပေါက်ဈေးရှိကြောင်း သိရှိရသည်။

ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ဆန်၊ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၇၁၅၀၀၀ကျော်ပိုမိုခဲ့ပြီး ယခုတစ်ပတ်တွင် ဧည့်မထဆန်၊ ပေါင်းဆန်နှင့် ပေါ်ဆန်းဆန် အမျိုးအစားတို့ တင်ပို့ခဲ့ပြီး ဆန်အမျိုးအစားများ၏ ပြည်ပပို့ကုန် ဆန်ဈေးနှုန်းတွင်လည်း ယခင်နှစ်ကာလတူ အောက်တိုဘာလ နောက်ဆုံးပတ်ထက် ၄ ရာခိုင်နှုန်းခန့် ပိုမိုရရှိသဖြင့် ဆန်နှင့်ဆန်ကွဲတင်ပို့မှုမှာ တန်ဖိုးအားဖြင့် ကာလတူထက် အမေရိကန်ဒေါ်လာ ၁၄၆ သန်းကျော် ပိုမိုရရှိသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် အောက်တိုဘာ ၂၉ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ဆန်ချောတစ်အိတ်လျှင် ၂၇၉ ယွမ် ဝန်းကျင်ရှိပြီး (ပြင်ပငွေလဲနှုန်း ၁ ယွမ်လျှင် ၆၄၈ ကျပ်နှုန်းရှိသောကြောင့် ဆန်တစ်အိတ်လျှင် ၁၈၀၀၀၀ ကျပ်ကျော်) ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် အောက်တိုဘာ ၂၉ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ဘတ်လျှင် ၁၃၆ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရသည်။

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက ဧည့်မထဆန် တစ်ပြည်လျှင် လွိုင်ကော်မြို့တွင် ကျပ် ၅၀၀၀ ဖြင့် အမြင့်ဆုံး ဈေးနှုန်းဖြစ်ပေါ်ခဲ့ပြီး ပဲခူးနှင့် ပြည်မြို့တို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၃၀၀၀ ဖြင့် အနိမ့်ဆုံး ဈေးနှုန်းများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၀၉ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းလျက်ရှိ ကြောင်း သိရှိရသည်။ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ နောက်ဆုံးပတ်တွင် နိုင်ငံတကာ ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများ ရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

## ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ်နှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးတို့ နှစ်နိုင်ငံအရေး တွေ့ဆုံဆွေးနွေး

ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားနှင့် နိုင်ငံတကာပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီး Sok Chenda Sophea သည် ဂျပန်နိုင်ငံခြားရေးဝန်ကြီးအသစ်ဖြစ်သူ Iwaya Takeshi နှင့် အောက်တိုဘာ ၂၁ ရက်တွင် အကျိုးရှိသော တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၏ အဆိုအရ ဒုတိယဝန်ကြီးချုပ်သည် Iwaya Takeshi အား ခေါ်ယူတွေ့ဆုံစဉ် ၎င်း၏ဝန်ကြီးရာထူး ခန့်အပ်ခံရမှုအပေါ် ဝမ်းမြောက်ကြောင်းပြောကြားခဲ့သည်။ ဝန်ကြီးများသည် နှစ်နိုင်ငံ ဆက်ဆံရေးကို ကျယ်ပြန့်စွာဆွေးနွေးခဲ့ကြပြီး ရေရှည်တည်တံ့သော ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်မှု တိုးတက်မှုအပေါ် ကျေနပ်အားရကြောင်းဖော်ပြခဲ့သည်။

ဒုတိယဝန်ကြီးချုပ်က ကမ္ဘောဒီးယားငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်တွင် ဂျပန်နိုင်ငံ၏ အရေးပါသော ပံ့ပိုးကူညီမှုအား ပြောကြားခဲ့ပြီး ကမ္ဘောဒီးယား၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုကို စဉ်ဆက်မပြတ် ပံ့ပိုးကူညီမှုအတွက် ဂျပန်နိုင်ငံအား ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

Iwaya Takeshi က ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ ပညာရေး၊ ကျန်းမာရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေး၊ သတ္တုတူးဖော်ရေးနှင့် ချိတ်ဆက်မှုတို့တွင် ကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်သွားရန် ကတိပြုခဲ့ပြီး နှစ်နိုင်ငံဝန်ကြီးများသည် ဒေသတွင်းနှင့် နိုင်ငံတကာ ဘုံစိုးရိမ်မှုဆိုင်ရာ ကိစ္စရပ်များကိုလည်း ထပ်မံဆွေးနွေးခဲ့ကြသည်။

**Source : Khmer Time, ချစ်လင်ဦး (DOCA YGN)**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် အောက်တိုဘာ ၂၈ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၂၅ နိုင်ငံအနက် ဆူရီနမ်နိုင်ငံသည် ယခုတစ်ပတ်တွင် ၃ ဒသမ ၉၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး ဩစတြေးလျနိုင်ငံတွင် ၁ ဒသမ ၉၀ ရာခိုင်နှုန်း၊ နယူးဇီလန်နိုင်ငံတွင် ၁ ဒသမ ၈၀ ရာခိုင်နှုန်းနှင့် အိုင်ယာလန်နိုင်ငံတွင် ၁ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၂၈ နိုင်ငံရှိကြောင်း တွေ့ရှိရသည်။

Global Petrol Prices Website ၏ ယခုတစ်ပတ်အတွက် အောက်တိုဘာ ၂၈ ရက် ဖော်ပြချက်၌ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ်၊ ဟောင်ကောင်၊ ဂျပန်၊ ပါကစ္စတန်၊ အီတလီ၊ ဂျော်ဒန်၊ ကင်ညာ၊ သီရိလင်္ကာနှင့် ဇင်ဘာဘွေ စသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၇၂ နိုင်ငံတွင် ယခင်အပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် မြန်မာ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ထိုင်ဝမ်၊ နော်ဝေ၊ ကနေဒါ၊ နယ်သာလန်၊ ပီရူးနှင့် ဘူလ်တန် စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၂၅ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၆ ဒသမ ၃၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ အောက်တိုဘာ ၂၈ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ထိုင်း နိုင်ငံတွင် သုည ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး မြန်မာနိုင်ငံတွင် သုည ဒသမ ၅၀ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံတို့တွင် သုည ဒသမ ၃၀ ရာခိုင်နှုန်းနှင့် ဖိလစ်ပိုင်နိုင်ငံတွင် သုည ဒသမ ၈၀ ရာခိုင်နှုန်း ဖြင့် ဈေးနှုန်းများ ကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် အောက်တိုဘာ ၂၈ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၂၅ နိုင်ငံအနက် ဆူရီနမ်နိုင်ငံသည် ယခုတစ်ပတ်တွင် ၃ ဒသမ ၈၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ခဲ့ပြီး အာဂျင်တီးနားနိုင်ငံတွင် ၃ ဒသမ ၇၀ ရာခိုင်နှုန်း၊ နယူးဇီလန်နိုင်ငံတွင် ၂ ဒသမ ၇၀ ရာခိုင်နှုန်းနှင့် တူရကီ(တူကီယဲ) နိုင်ငံတွင် ၂ ဒသမ ၁၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၂၆ နိုင်ငံရှိကြောင်း တွေ့ရသည်။

Global Petrol Prices Website ၏ ဖော်ပြချက်၌ ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဟောင်ကောင်၊ ဂျပန်၊ နီပေါ၊ ကိုလံဘီယာ၊ အီတလီ၊ ဂျော်ဒန်၊ ကင်ညာ၊ သီရိလင်္ကာနှင့် ဇင်ဘာဘွေ စသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၇၅ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဒီဇယ်ဈေးနှုန်း တည်ငြိမ်နေကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် မြန်မာ၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ထိုင်ဝမ်၊ နော်ဝေ၊ နယ်သာလန်နှင့် ဖင်လန် စသည့် နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၂၆ နိုင်ငံရှိပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုညဒသမ ၁၀ ရာခိုင်နှုန်း မှ ၄ ဒသမ ၆၀ ရာခိုင်နှုန်းထိ ဈေးနှုန်းကျဆင်းခဲ့ ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ အောက်တိုဘာ ၂၈ ရက် Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းများအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် ၂ ဒသမ ၇၀ ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံတွင် သုည ဒသမ ၄၀ ရာခိုင်နှုန်းနှင့် ဗီယက်နမ်နိုင်ငံတွင် ၁ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းများ ကျဆင်းခဲ့ပြီး ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာတွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ အောက်တိုဘာ ၂၈ ရက်တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၁.ဝ၄ | ဝ.၈၃ |
| ၂ | အင်ဒိုနီးရှား | လီတာ | ဝ.၇၈ | ဝ.၈၄ |
| ၃ | ထိုင်း | လီတာ | ၁.၃၄ | ဝ.၉၈ |
| ၄ | ဗီယက်နမ် | လီတာ | ဝ.၈၄ | ဝ.၇၂ |
| ၅ | စင်ကာပူ | လီတာ | ၂.ဝ၇ | ၁.၈၇ |
| ၆ | မလေးရှား | လီတာ | ဝ.၄၇ | ဝ.၆၇ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.ဝ၁ | ဝ.၉၂ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၁၃ | ဝ.၉၃ |
| ၉ | လာအို | လီတာ | ၁.၃၉ | ဝ.၉ဝ |
| ၁ဝ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၁၄ | ၁.ဝ၁ |
| ၂ | ဂျပန် | လီတာ | ၁.၁၄ | ၁.ဝ၁ |
| ၃ | အိန္ဒိယ | လီတာ | ၁.၂ဝ | ၁.ဝ၈ |

ပြည်တွင်းဈေးကွက်အတွင်း ရောင်းချလျက်ရှိသော စက်သုံးဆီ ဈေးနှုန်းများမှာ အောက်တိုဘာ ၂၉ ရက်တွင် အောက်တိန်း-92 တစ်လီတာလျှင် ကျပ် ၃ဝ၈ဝ၊ အောက်တိန်း-95 တစ်လီတာလျှင် ကျပ် ၃၂၉ဝ၊ ဒီဇယ်တစ်လီတာလျှင် ၂၆၁၅ ကျပ်နှင့် ပရီမီယံဒီဇယ် တစ်လီတာလျှင် ကျပ် ၃၂၆ဝ အသီးသီး ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၄၂၅ဝ၊ ဒီဇယ် တစ်လီတာလျှင် ကျပ် ၄၁ဝဝ၊ ကလေးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၄ဝဝဝ၊ ဒီဇယ်တစ်လီတာလျှင် ကျပ် ၃၃၂ဝ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ရန်ကုန်မြို့တွင် ဓာတ်ဆီတစ်လီတာလျှင် ကျပ် ၃၂၉ဝ၊ ဒီဇယ် တစ်လီတာလျှင် ၂၆၁၅ ကျပ်၊ ပဲခူးမြို့တွင် ဓာတ်ဆီ တစ်လီတာလျှင် ကျပ် ၃၃ဝဝ၊ ဒီဇယ်တစ်လီတာလျှင် ၂၆၂၅ ကျပ်ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ ပြည်တွင်းစက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဓာတ်ဆီတစ်လီတာလျှင် ၁၅ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၇၅ ကျပ် ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။

DOT (P&S)

## ဗဟိုဘဏ်၏ အတိုးနှုန်းဖြတ်တောက်မှု အစည်းအဝေးမှတ်တမ်းများနှင့် ထိုင်းပေါ်လစီနှုန်းထားများဖော်ပြ

ပြန်လည်နာလန်ထူမှုများ မညီမျှသည့် အခြေအနေတွင် ကြုံတွေ့ရပြီး ဘဏ္ဍာရေးအခြေအနေများ တင်းကျပ်လာသောကြောင့် ထိုင်းနိုင်ငံ၏ မူဝါဒအတိုးနှုန်းသည် လုံလောက်သောအဆင့်တွင် ရှိနေသည်ဟု ထိုင်းဘဏ်၏ အောက်တိုဘာ ၁၆ ရက်တွင်ကျင်းပခဲ့သည်။ ငွေကြေးမူဝါဒ အစည်းအဝေးမှတ်တမ်းများတွင် ဖော်ပြခဲ့သည်။ အစည်းအဝေးတွင် ငွေရေးကြေးရေးမူဝါဒ ကော်မတီသည် တစ်ရက်တာ ဝယ်ယူမှုနှုန်းကို ၂၅ မှတ်မှ ၂ ဒသမ ၂၅ ရာခိုင်နှုန်းသို့ လျှော့ချရန် မဲခွဲ ဆုံးဖြတ်ခဲ့ရာ ၂ဝ၂ဝ ခုနှစ် နောက်ပိုင်း ပထမဆုံး လျှော့ကျသွားခဲ့သည်။



နှုန်းထားကို တည်ငြိမ်စေရန် အဖွဲ့ဝင်နှစ်ဦးက မဲပေးခဲ့ကြသည်။ အတိုးနှုန်း ဖြတ်တောက်မှုသည် အိမ်ထောင်စု ကြွေးမြီများကို သက်သာရာရစေပြီး အလုံးစုံကြွေးမြီ ဝန်ထုပ်ဝန်ပိုးများကို လျှော့ချပေးခြင်းဖြင့် တင်းကျပ်သောဘဏ္ဍာရေး အခြေအနေများ စီးပွားရေးကို ထိခိုက်စေနိုင်သည့် အန္တရာယ်ကို လျော့ပါးသက်သာစေရန် မျှော်လင့်ထားကြောင်း Bank of Thailand (BOT) မှ ထုတ်ပြန်သော သတင်းများတွင် ဖော်ပြထားသည်။

စီးပွားရေး၊ ငွေကြေးဖောင်းပွမှုနှင့် ငွေကြေးတည်ငြိမ်မှုတို့အတွက် အလားအလာရှိသော အန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းရန် လက်ရှိပေါ်လစီ နှုန်းထားမှာ လုံလောက်နေကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ အိမ်ထောင်စုကြွေးမြီများ လျော့ပါးသွားခြင်းတွင် တဖြည်းဖြည်း တိုးတက်မှုရှိကြောင်း ကော်မတီက ပြောသည်။ ထိုင်းနိုင်ငံ၏ အိမ်ထောင်စုကြွေးမြီနှင့် GDP အချိုးသည် ဒုတိယ သုံးလပတ်အကုန်တွင် ၈၉ ဒသမ ၆ ရာခိုင်နှုန်း သို့မဟုတ် အာရှတိုက်တွင် အမြင့်ဆုံးအကြွေးဘတ် ၁၆ ဒသမ ၃ ထရီလီယံ (ဒေါ်လာ ၄၈၃ ဘီလီယံ) ဖြစ်သည်။ ကော်မတီက မူဝါဒနှုန်းထားသည် ကြားနေဖြစ်ပြီး စီးပွားရေးအလားအလာနှင့် ကိုက်ညီသင့်သည်ဟု ဆုံးဖြတ်ခဲ့ပြီး ရေရှည်တွင် ငွေကြေးမညီမျှမှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် အလွန်နိမ့်ကျသင့်သည်ဟု BOT မှ အစည်းအဝေးအပြီးတွင် ပြောကြားခဲ့သည်။

နောက်လာမည့်နှုန်းထား ပြန်လည်သုံးသပ်မှုသည် ဒီဇင်ဘာ ၁၈ ရက်တွင်ဖြစ်သည်။ စီးပွားရေးကို ပြည်တွင်း ဝယ်လိုအားနှင့် ခရီးသွားလုပ်ငန်းဖြင့် တွန်းအားပေးမည်ဖြစ်ကြောင်း BOT မှ ထုတ်ပြန်ပြီးနောက် မကြာမီစတင်မည့် မူဝါဒဖိုရမ်တစ်ခုအတွက် ပြင်ဆင်သည့်စာတမ်းတွင် ဖော်ပြထားသည်။ အောက်တိုဘာ ၁၆ ရက် ဆွေးနွေးပွဲတွင် BOT သည် ၎င်း၏ 2024 GDP တိုးတက်မှုခန့်မှန်းချက်ကို ၂ ဒသမ ၇ ရာခိုင်နှုန်းမှ ၂ ဒသမ ၇ သို့ မြှင့်တင်ခဲ့သော်လည်း ၂ဝ၂၅ မျှော်မှန်းချက်ကို ၃ ရာခိုင်နှုန်းမှ ၂ ဒသမ ၉ ရာခိုင်နှုန်းသို့ လျှော့ချခဲ့သည်။ ယမန်နှစ်က တိုးချဲ့မှု သည် ဒေသဆိုင်ရာလုပ်ဖော်ကိုင်ဖက်များထက် ၁ ဒသမ ၉ ရာခိုင်နှုန်း နောက်ကျကျန်ခဲ့သည်။

Sources-Reuters

အေးငြိမ်းစံ(mdy DOCA)

# မအူပင်မြို့နယ်မှ ငါးရံ့ခြောက်လုပ်ငန်း

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ငါးရံ့ခြောက်များကို ရန်ကုန်မြို့ဈေးကွက်သို့ နှစ်စဉ်တင်ပို့လျက်ရှိပြီး တစ်ပတ်လျှင် ငါးရံ့ခြောက် ပိဿာချိန် ၅၀မှ၁၅၀ ထိတင်ပို့ရောင်းချနေကြောင်း သိရသည်။ ယခုနှစ် ငါးရံ့ပေါ်ချိန်တွင်လည်း ယခင်နှစ်ကထက် ဈေးကောင်းရနိုင်မည်ဖြစ်ကြောင်း ခန့်မှန်းရသည်ဟု ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံတစ်ခုမှ သိရသည်။

မအူပင်မြို့နယ်တွင် မလတ်တိုကျေးရွာနှင့် ထနီးကျေးရွာများသည် မြစ်ကမ်းဘေးတွင်ရှိသော ကျေးရွာများဖြစ်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ကိုင်သူများပြားသည်။

မအူပင်မြို့နယ်တွင် မြစ်ချောင်းများ၊ ရေချိုအင်းအိုင်များစွာရှိပြီး တစ်နှစ်ပတ်လုံး ငါးရရှိသော်လည်း ငါးရံ့အများဆုံး ရရှိသည့်ကာလမှာ အောက်တိုဘာလနှင့် နိုဝင်ဘာလများဖြစ်ပြီး သဘာဝအတိုင်းဖမ်းဆီးရမိသော ငါးရံ့များ၊ အင်းပေါ်ချိန်တွင် ရရှိသော ငါးရံ့များကိုငါးခြောက်ခွဲနေလှုန်းကာ ရောင်းတန်းဝင်အောင် လုပ်ကိုင်ကြသည်။ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် အရောင်းအဝယ် ပိုမိုကောင်းမွန်ပြီး နွေရာသီဖြစ်သော မတ်လနှင့် ဧပြီလတို့တွင် ငါးအစိုထွက်ရှိမှု လျော့နည်း၍ ငါးရံ့ခြောက်ခွဲလှုန်းခြင်းမျိုးမရှိကြောင်း သိရသည်။ မလတ်တိုကျေးရွာတွင် ငါးရံ့ခြောက်လုပ်ကိုင်သူ လုပ်ငန်းရှင် ၁၀ ဦးခန့်ရှိပြီး ငါးရံ့ငါးအစို အကောင်ကြီး တစ်ပိဿာလျှင် ကျပ် ၆၀၀၀၊ ငါးရံ့အကောင်လတ်၊ သေး တစ်ပိဿာ ကျပ် ၅၀၀၀ ဖြင့် ဝယ်ယူပြီး ငါးရံ့ခေါင်းနှင့် ငါးရံ့အူများကို ခုတ်ထစ်ဖယ်ရှားပြီး ငါးရံ့များကို ဆားဖြင့်နယ်ပြီး လှုပအောင်ခွဲ၍ အဝိုင်းချပ်သဏ္ဌာန်နေလှုန်းသည်။ နေပူပူတွင် သုံးရက်နေလှုန်းပြီးသော အခါ ငါးရံ့ခြောက်များ ရရှိသည်။

ငါးရံ့အစို တစ်ပိဿာ နေလှုန်းလျှင် ၃၅ ကျပ်သားခန့်ရှိသော ငါးရံ့ခြောက်များရရှိပြီး အောက်တိုဘာလ ဒုတိယပတ်အတွင်း ငါးရံ့ခြောက် တစ်ပိဿာလျှင်ကျပ် ၉၀၀၀၀၊ အောက်တိုဘာလ စတုတ္ထပတ်တွင် တစ်ပိဿာလျှင် ကျပ် ၁၁၀၀၀၀ ဖြင့် ဈေးကောင်းရပြီး ရောင်းချနေကြောင်း ငါးရံ့ခြောက်လုပ်ကိုင်သူများထံမှ သိရသည်။

မအူပင်မြို့ မလတ်တိုကျေးရွာမှ နေ့စဉ်ငါးရံ့ခြောက်ကုန်ချိန် ၃၅ ပိဿာမှ ပိဿာ ၅၀ ခန့်အထိများဖြစ်ပြီး မအူပင် ငါးရံခြောက်မျိုးစုံရောင်းဝယ်ရေးဒိုင်မှတစ်ဆင့် ရန်ကုန်သို့ နေ့စဉ်တင်ပို့လျက်ရှိကြောင်း သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချသည့် ငါးရံ့ခြောက်များမှာ အချိုခြောက်များဖြစ်ပြီး ငါးရံ့ခြောက် အကြီး၊ အသေးပေါ်မူတည်၍ တစ်ပိဿာလျှင် အကြီးဆုံး ကျပ် ၁၁၀၀၀၀၊ ကျပ် ၉၀၀၀၀၊ အလတ် ကျပ် ၇၀၀၀၀၊ အသေး ကျပ် ၅၀၀၀၀ တို့ဖြင့် ပေါ်ဦးပေါ်ဖျား ဈေးကောင်းရလျက်ရှိကြောင်း သိရှိရသည်။

**သဇင် (မအူပင်)**



## ရွှေတောင်ဒေသထွက် ကျွဲကောသီးနှင့် ရေညှိ

### ကျွဲကောသီး

ရွှေတောင်ဒေသမှထွက်ရှိသော ကျွဲကောသီးများသည် အောက်တိုဘာလအတွင်း အရောင်းအဝယ်ဖြစ်၍ ဈေးကောင်းရရှိနေသည်။ မြန်မာတို့၏ ရိုးရာပွဲတော်သီတင်းကျွတ်ကာလတွင် ဘုရား၊ ကျောင်းကန်များတွင် အလှူအတန်းပြုလုပ်ခြင်း၊ မိဘ၊ ဆရာ သမားများအား ကန်တော့ခြင်း၊ လက်ဆောင်ပေးခြင်းများအတွက် ကျန်းမာရေးနှင့်ညီညွတ်သော ကျွဲကောသီးများ အရောင်းသွက်နေသည်။

အောက်တိုဘာလတွင် ကျွဲကောသီး အများဆုံး ထွက်ရှိပြီး ရောင်းချသော ဈေးနှုန်းများမှာ ပန်းရောင်သီးအလုံးကြီး တစ်လုံးလျှင် ကျပ် ၂၅၀၀၊ အဝါရောင်အလုံးကြီး တစ်လုံးလျှင် ကျပ် ၂၀၀၀ နှုန်းဖြစ်သည်။

ကျွဲကောပင်များကို နေရာဒေသအလိုက် စိုက်ပျိုးကြပြီး ရွှေတောင်မြို့နယ်အတွင်းရှိ ဒေသများဖြစ်သော တောင်လုံးညိုရွာတွင် အများအပြား စိုက်ပျိုးကြသည်။ ကျွဲကောသီးများကို မြို့တွင်း ရောင်းချခြင်းနှင့် ရန်ကုန်သို့ ကုန်စည်ဒိုင်များမှတစ်ဆင့် တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

### ရေညှိ

ရေညှိကို ရွှေတောင်ဒေသတွင်သာမက ပြည်မြို့အနီးတစ်ဝိုက်ရှိ ကျေးရွာများတွင် ရေသန့်ကန်များရှိသောနေရာတိုင်းလိုလို ရရှိနိုင်သည်။ ရေညှိကို ဈေးများတွင် ရောင်းချပြီး လူအများ ဝယ်ယူစားသုံးကြသည်။ စားဖူးသူများကြိုက်နှစ်သက်ကြ၍ မစားဖူးသူများက ဝယ်ယူစားသုံးလေ့မရှိကြပါ။

ဈေးကွက်တွင် ရောင်းချသော ရေညှိဈေးနှုန်းများမှာ နို့ဆီဘူးတစ်ဘူးလျှင် ကျပ် ၂၅၀ ဖြင့်ရောင်းချပြီး ချက်ပြုတ်စားသောက်ရာတွင် ပထမဦးစွာ ရေညှိများကို ရေထဲတွင်ထည့်ပြီး ရေစစ်ဆန်ခါဖြင့် ဆယ်ယူကာ အချိန်အနည်းငယ်မျှကြာအောင် ရေစစ်ထားရသည်။ ထို့နောက် ကြက်သွန်ဖြူ/နီ ကြော်တို့အား ဆီသတ်ပြီးရေညှိများကိုထည့်၍ အိုးချကာနီးတွင် ရှောက်ရွက်အနည်းငယ် ထည့်ပေးပြီးပါက အသင့်စားသောက်နိုင်သော ရေညှိချက်ကို အရံဟင်းအဖြစ်အသုံးပြုနိုင်သည့်အတွက် ဒေသထွက်စားသောက်ကုန်အဖြစ် ကုန်ကျစရိတ်သက်သာ၍ မစားဖူးသူများဝယ်ယူစားသုံးနိုင်ကြောင်း ဈေးကွက်ဖော်ထုတ်လိုက်ပါသည်။

**ခင်ဆွေဦး၊ ဆွေဆွေမင်း (ပြည်)**

# ဈေးကွက်ဝင် စားကုန်ဖြစ်လာသည့် ဟင်္သာတမုန့်ဟင်းခါးအနှစ်ထုပ်

**မောင်မောင်မြတ်ခိုင်**

မုန့်ဟင်းခါးသည် မြန်မာ့ရိုးရာအစားအစာတစ်ခုဖြစ်ပြီး မြန်မာလူမျိုးအများစု ကြိုက်နှစ်သက်သည့် အစားအစာတစ်ခုဖြစ်သည်။ မုန့်ဟင်းခါးချက်ရာတွင်လည်း ဒေသအလိုက် ကြိုက်နှစ်သက်မှုအပေါ်မူတည်၍ ဟင်းရည်ချက်ပြုတ်နည်းစနစ် အနည်းငယ်ကွာခြားသည်။ ဟင်းရည်ချက်ရာတွင် အဓိကအသုံးပြုရသော ငါးနှင့် ကုလားပဲအချိုးကိုမူတည်၍ ငါးပေါသောဒေသများဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိမြို့အမည်များကို စွဲ၍ခေါ်တွင်သော ဟင်္သာတမုန့်ဟင်းခါး၊ မြောင်းမြမုန့် ဟင်းခါးတို့မှာ နာမည်ကြီး လူကြိုက်များလှသည်။

ဟင်္သာတမြို့နယ်သည် လူဦးရေ သုံးသိန်းကျော် နေထိုင်သောမြို့ဖြစ်ပြီး ကျေးရွာ အုပ်စု ၁၀၃ အုပ်စု၊ ရပ်ကွက် ၃၁ ရပ်ကွက်ဖြင့် ဖွဲ့စည်းထားကာ ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းတွင် တည်ရှိသောမြို့ဖြစ်သည်။

အလှူအတန်းနှင့် ဆွမ်းပတ်များတွင် အပြိုင်အဆိုင် မုန့်ဟင်းခါးချက်ပြုတ်ကျွေးမွေးလှူဒါန်းရာမှ ဟင်္သာတမုန့်ဟင်းခါးမှာ နာမည်ကြီးလာပြီး မုန့်ဟင်းခါးမှာ အလှူပွဲများတွင် မပါမဖြစ် စားစရာဖြစ်လာခဲ့သည်။ ယခုအချိန်တွင် ဟင်္သာတမုန့်ဟင်းခါးမှာ အိမ်ဆိုင်၊ ဈေးဆိုင်များမှ တစ်ဆင့် Super Market ပေါ်ထိ ရောက်ရှိလာပါပြီ။ ဆိုင်များတွင် ပြင်ဆင်ရောင်းချသောအဆင့်မှ အသင့်စားသုံးနိုင်သော Ready Made မုန့်ဟင်းရည် အနှစ်ထုပ်များ ပြုလုပ်ရောင်းချလာကြသည်။ ဟင်္သာတမြို့မှ ထုတ်လုပ်သော မုန့်ဟင်းခါးအနှစ်ထုပ်များသည် စားသုံးသူများ ကြိုက်နှစ်သက်သော အသင့်စား မုန့်ဟင်းခါးအနှစ်ထုပ်များဖြစ်သည်။ မုန့်ဟင်းခါးအနှစ်ထုပ် လုပ်ငန်းသည် အိမ်တွင်းမှုလုပ်ငန်းဖြစ်ပြီး Digital Marketing အရ ရောင်းအားကောင်းသည့်ထုတ်ကုန်လည်းဖြစ်သည်။ ပြည်တွင်း ထုတ်ကုန်ကြမ်းများဖြစ်သည့် ငါးကြင်း၊ ကြက်သွန် အဖြူ အနီ၊ ချင်း၊ နနွင်း၊ ငရုတ်ကောင်း၊ ငါးငံပြာရည်၊ ကုလားပဲခွဲခြမ်း၊ ဆန်မှုန့်၊ အရောင်တင်မှုန့်၊ နေကြာဆီတို့ကို အသုံးပြု၍ သတ်မှတ် အချိုးအစားအတိုင်း ရောစပ်၍ သဘာဝနည်းစဉ်များအတိုင်း ကျန်းမာရေးနှင့်အညီ မုန့်ဟင်းခါးအနှစ်ကို ထုတ်လုပ်ထားကြောင်း သိရသည်။

ကုန်ကြမ်းများကို အနှစ်ထုပ်ရရန် အချိုးအစားမှာလည်း အလှူပွဲများတွင် ချက်လုပ်သော ဟင်္သာတမုန့်ဟင်းခါး ချက်နည်းအတိုင်း ပြုလုပ်ပြီး ဟင်းအနှစ်ရအောင်ပြုလုပ်ကာ လှပသေသပ်သော ထုပ်ပိုးမှုများနှင့် ဈေးကွက်တင်ရောင်းချခြင်းဖြစ်သည်။ မုန့်ဟင်းခါးအနှစ်ထုပ်များသည် ပုံမှန် (ပတ်ဝန်းကျင်) အပူချိန်တွင် သုံးရက်ခန့်အထားခံပြီး၊ အနုတ် 4°C တွင် ထားသိုသိမ်းဆည်းပါက ခြောက်လခန့်အထားခံသည်ကိုလည်း လေ့လာသိရသည်။ မုန့်ဟင်း ခါးအနှစ် ၅၀၀ ဂရမ်၊ ၂၅၀ ဂရမ်ပါ အနှစ်ထုပ်များ ထုတ်လုပ်ပြီး မုန့်ဟင်းခါးအနှစ် အလေးချိန် ၅၀၀ ဂရမ်အထုပ်ကို ရေနွေး တစ်လီတာခန့်နှင့်ချက်ပါက မုန့်ဟင်းခါးဖတ် ငါးဆယ်သားဖြင့် စားသုံးနိုင်သည်။ လုပ်ငန်းများအနေဖြင့် စည်ပင်လိုင်စင်နှင့် အသေးစား စက်မှုလက်မှုလုပ်ငန်းလိုင်စင်များလည်းရရှိထားပြီး သတ်မှတ်ထုတ်ပြန်ထားသော နည်းစဉ်များအတိုင်း ထုတ်လုပ်လျက်ရှိကြသည်။ မုန့်ဟင်းခါး အနှစ်ထုပ် ၂၅၀ ဂရမ် တစ်ထုပ်လျှင် ကျပ် ၇၀၀၀၊ ၅၀၀ ဂရမ် တစ်ထုပ်လျှင် ကျပ် ၁၃၀၀၀ ဖြင့်ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

မုန့်ဟင်းခါးသည် လူမျိုးဘာသာမရွေးစားသုံးနိုင်သည့် အစားအစာတစ်ခုဖြစ်သည်။ မုန့်ဖတ်အဖြစ် မုန့်ဟင်းခါးဖတ်၊ ခေါက်ဆွဲဖတ်တို့ဖြင့် ကြိုက်နှစ်သက်ရာ စားသုံးနိုင်ပြီး အိုးဘဲဥ၊ ပဲကြော်၊ ဘူးသီးကြော်၊ ငါးဖယ်ကြော်တို့ကို ထည့်လျက်စားသုံးနိုင်သော မြန်မာ့ရိုးရာ အစားအစာတစ်ခုလည်းဖြစ်သည်။ ယခုအခါ ပြည်ပနိုင်ငံများရှိ မုန့်ဟင်းခါးကြိုက်နှစ်သက်သူ မြန်မာလူမျိုးများကလည်း မှာယူစားသုံးကြသည့်အတွက် ပြည်ပ အမြန်ချောပို့ အေးဂျင့်များမှတစ်ဆင့် ပြည်ပမုန့်ဟင်းခါးချစ်သူများထံ ရောက်ရှိစားသုံးကြပြီး ပြည်ပနိုင်ငံများရှိမြန်မာ Convenience Store များတွင်လည်း ဝယ်ယူစားသုံးနိုင်လာပြီဖြစ်သည်။ ယခုအခါ အလှူမင်္ဂလာပွဲများတွင် နာမည်ကြီးသော ဟင်္သာတမုန့်ဟင်းခါးသည် Street Market မှ Super Market သို့ တက်လှမ်းလာပြီး ဈေးကွက်ဝင် ဒေသထုတ်ကုန်တစ်ခုဖြစ်လာကြောင်း လေ့လာတင်ပြအပ်ပါသည်။

# ပခုက္ကူဒေသထွက်ကုန် သီးနှံများ

မြင့်မြင့်သန်း(ပခုက္ကူ)



**မြေပဲ**

ဆိပ်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သည့် တပေါင်းအုပ်စု ကူရှည်၊ ရွာမအုပ်စု ကိုးတောင့်အုပ်စုအတွင်းရှိ ကျေးရွာများတွင် အောက်တိုဘာလဆန်းပိုင်းမှစ၍ မြေပဲ သီးနှံများ စတင်ထွက်ပေါ်လျက်ရှိပြီး မြေပဲတောင့် S1 တစ်တင်းလျှင် ငွေကျပ် ၃၆၀၀၀-၃၄၄၀၀-၂၀၀၀၀၊ မြေပဲလုံးဆန်တစ်ပိဿာလျှင် ကျပ် ၈၀၀၀-၇၀၀၀၊ မြေပဲဆီတစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀ ဈေးအသီးသီးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ရှစ်သိန်းခန့် ကုန်ကျပြီး အထွက်တင်းအနေဖြင့် ပျမ်းမျှ တင်း ၅၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဆိပ်ဖြူမြို့နယ်အတွင်းရှိ တောင်သူအများစုသည် ဆီထွက်သီးနှံများကို ကြိတ်ခွဲ၍ မြို့ပေါ်ရှိ ဆီစက်များ၊ ဆားလှော်လုပ်ငန်းရှင်များ၊ ဒေသခံစားသုံးသူများနှင့် ချောက်မြို့ အဝေမ်းပွဲရုံသို့လည်း ရောင်းချလျက်ရှိကြောင်း၊ စိုက်တောင်သူများအနေဖြင့် ယခုနှစ် မြေပဲအထွက်ကောင်းပြီး ငွေကျပ် ၁၀ သိန်းခန့် အကျိုးအမြတ် ရရှိကြောင်း ဆိပ်ဖြူမြို့နယ်၊ ကူရှည် အလယ်စုကျေးရွာအတွင်းရှိ စိုက်တောင်သူတစ်ဦးထံမှ သိရှိရသည်။

**စားတော်ပဲ**

ပခုက္ကူမြို့ ပဲဈေးကွက်တွင် ပြည်တွင်းစားသုံးမှုမြင့်မားလျက်ရှိသော စားတော်ပဲများ စက်တင်ဘာလ ဒုတိယပတ်မှစ၍ ဈေးတက်ပြီး အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ ယခုအချိန်တွင် သီးနှံအသစ်ပေါ်ချိန် မရောက်ရှိသေး၍ ကျွန်းစားတော်ပဲ(အဟောင်း)များကိုသာ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း၊ စိုက်ပျိုးရာသီရောက်ချိန်နီး၍ စိုက်တောင်သူများမှလည်း မျိုးအဖြစ် ပြန်လည်ဝယ်ယူမှု များကြောင်း သိရှိရသည်။ ဈေးကွက်သို့ ကျွန်းစားတော်ပဲ စိုက်ပျိုးမှုများသော ဂန့်ဂေါ၊ ထီးလင်း၊ ဆော၊ ကျောက်ထုလောင်းရှည် ဒေသများနှင့် ရေနံချောင်းမြို့မှ ထွက်ရှိသော စားတော်ပဲများ ပွဲရုံများသို့ ဝင်ရောက်ကြောင်း၊ ထိုမှတစ်ဆင့် ဒေသတွင်း စားသုံးသူများသို့ တစ်ဆင့်ပြန်လည်ရောင်းချကြောင်း သိရသည်။

ဈေးနှုန်းအနေဖြင့် စက်တင်ဘာ ဒုတိယပတ်တွင် ကျွန်းစားတော်ပဲ တစ်တင်းလျှင် ကျပ် ၉၅၀၀၀ အောက်တိုဘာလ စတုတ္ထပတ်တွင် စားတော်ပဲတစ်တင်းလျှင် ကျပ် ၁၄၅၀၀၀ ဈေးဖြင့် အရောင်း အဝယ်ဖြစ်ကြောင်း၊ ဈေးနှုန်းနှိုင်းယှဉ်ပါက တစ်လတွင်း စားတော်ပဲ တစ်တင်းလျှင် ကျပ် ၅၀၀၀၀ ခန့်ဈေးတက်ပြီး အရောင်း အဝယ်ဖြစ်ကြောင်း၊ ဈေးကွက်အတွင်း၌ စားတော်ပဲ လက်ကျန်နည်း၍ တစ်ပတ်အတွင်း ပိဿာ ၃၀ ဝင်အိတ် ၁၅ အိတ်မှ ၂၀ ထိ အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရသည်။

**နွေနှမ်း**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံမျိုးစုံရောင်းဝယ်ရေး ဈေးကွက်တွင် နွေနှမ်းသီးနှံများ နေ့စဉ် အရောင်းအဝယ်ဖြစ်လျက်ရှိရာ စိုက်ပျိုးမှုများသော ပခုက္ကူ မြိုင်၊ ပေါက်၊ ရေစကြို၊ ယောနယ်ဒေသများ၊ အခြားမြို့နယ်များမှ နွေနှမ်းသီးနှံများ နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ တစ်ရက်လျှင် ပိဿာ ၃၀ ဝင်အိတ် ၃၀၀-၄၀၀ ဝင်ရောက်၍ တစ်ပတ်အတွင်း အိတ် ၂၀၀၀ ခန့် ဝင်ရောက်ကြောင်း၊ ယခုရာသီတွင် မိုးရွာသွန်းမှုများ၍ သီးနှံအရည်အသွေးအနည်းငယ်ညံ့၍ ဈေးကျဆင်းကြောင်း၊ နှမ်းဖြူနှင့် နှမ်းနက်(စမုန်)နှစ်မျိုးမှာ အများဆုံး အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရသည်။

ဈေးနှုန်းအနေဖြင့် အောက်တိုဘာစတုတ္ထပတ်တွင် နှမ်းအရည်အသွေးလိုက်၍ နှမ်းနက်(စမုန်)တစ်တင်းလျှင် ကျပ် ၂၂၀၀၀၀-၁၉၅၀၀၀-၁၈၀၀၀၀ ဈေးနှုန်းဖြင့်လည်းကောင်း၊ နှမ်းဖြူတစ်တင်းလျှင် ကျပ် ၁၃၂၀၀၀-၁၂၀၀၀၀-၁၁၂၀၀၀ ဈေးအသီးသီးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ သီးနှံပေါ်ချိန်ဖြစ်၍ ဈေးကွက်သို့ ကုန်ဝင်ရောက်မှုများကြောင်း၊ ယောနယ်ဒေသ ထီးလင်း၊ ဂန့်ဂေါ၊ ဆော၊ ကျောက်ထုဒေသထွက် နှမ်းများ အများဆုံး ဝင်ရောက်ကြောင်း၊ ဈေးကွက်သို့ ရောက်ရှိသည့် နှမ်းများကို မြို့ပေါ်ရှိ ဆီစက်လုပ်ငန်းရှင်များ၊ နှမ်းလှော်လုပ်ငန်းရှင်များနှင့် အခြားစားသောက်ကုန်လုပ်ငန်းရှင်များမှ ဝယ်ယူမှုများကြောင်း၊ ရန်ကုန်၊ မန္တလေးဈေးကွက်သို့လည်း တင်ပို့လျက်ရှိကြောင်း၊ ဈေးကွက်သို့ ကုန်ဝင်သလောက် အရောင်းအဝယ်ဖြစ်ကြောင်း မြို့ပေါ်ရှိ ဆီထွက်သီးနှံရောင်းဝယ်ရေးဈေးကွက်မှ သိရသည်။

**မိုးနှမ်း**

ဆိပ်ဖြူမြို့နယ် ဆီထွက်သီးနှံနှမ်းစိုက်ခင်းများ အဓိက အများဆုံးစိုက်ပျိုးသော အောက်ဆိပ်နှင့် မြင်ကဝအုပ်စုများတွင် (မိုး)နှမ်းစိုက်ဧက ၇၀၀ ခန့်စိုက်ပျိုးကြောင်း၊ ဂျပန်နှမ်းဖြူ (ပတ်လည်)သီးမျိုးနှင့် နှမ်းနက်(စမုန်)ကို စိုက်ပျိုးကြောင်း၊ ဂျပန်နှမ်းဖြူမျိုးကို မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့မှ တစ်ပြည်လျှင် ကျပ် ၁၀၀၀၀ နှုန်းဖြင့် ဝယ်ယူစိုက်ပျိုးရကြောင်း၊ နှမ်းနက်(စမုန်)ကို မိမိစိုက်ခင်းထွက်မျိုးကိုသာ တောင်သူအများ စိုက်ပျိုးကြောင်း၊ (မိုး)နှမ်းကို စက်တင်ဘာလတွင် စတင်စိုက်ပျိုးပြီး ယာမြေများတွင် စိုက်ပျိုးခြင်းဖြစ်၍ ၇၅ ရက်သားခန့်တွင် သီးနှံရိတ်သိမ်းရ၍ နိုဝင်ဘာလတွင် ရိတ်သိမ်းကြောင်း၊ စိုက်ပျိုးချိန် မိုးရွာသွန်းမှုမရှိပါက မြစ်ရေတင်စနစ်ဖြင့် စိုက်ပျိုးကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် ကျပ်ခြောက်သိန်းခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးရာတွင် ထွန်ချောင်းဆွဲပြီး နွားရှဉ်းနောက်ဖြူးချစနစ်ဖြင့် စနစ်တကျစိုက်ပျိုးခြင်းဖြစ်၍ သီးနှံအထွက်နှုန်း ကောင်းမွန်ကြောင်း သိရှိရသည်။

အောက်တိုဘာလ စတုတ္ထပတ် ဈေးကွက်တွင် ဂျပန်နှမ်းဖြူ တစ်တင်းလျှင် ငွေကျပ် ၁၃၅၀၀၀-၁၃၂၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဒေသတွင်း ထွက်ရှိသည့် နှမ်းများကို မြို့ပေါ်ရှိ ဆီစက်လုပ်ငန်းရှင်များ၊ နှမ်းလှော်လုပ်ငန်းရှင်များမှ ဝယ်ယူခြင်းအပြင် ချောက်မြို့ အဝေမ်းပွဲရုံနှင့် ဆင်ဖြူကျွန်း၊ စလင်းမြို့ပေါ်ရှိ ပွဲရုံများသို့လည်း ရောင်းချလျက်ရှိကြောင်း၊ (မိုး)နှမ်းသီးနှံသည် ယာမြေများတွင် စိုက်ပျိုးရ၍ သက်တမ်းတိုမျိုးဖြစ်၍ ကုန်ကျစရိတ် သင့်တင့်မှုတစ္စာရှိပြီး တောင်သူများအနေဖြင့် အများဆုံးစိုက်ပျိုးသင့်သည့် သီးနှံတစ်မျိုးဖြစ်ကြောင်း ဒေသခံ တောင်သူတစ်ဦးထံမှ သိရသည်။

# ပခုက္ကူခရိုင်ဒေသထွက် ကြက်သွန်နီများ ဈေးကောင်းရနေ

ပခုက္ကူခရိုင် ကြက်သွန်နီ စိုက်ပျိုးရာဒေသများဖြစ်သော ပေါက်၊ ဆိပ်ဖြူ၊ ရေစကြို၊ ကမ္မ၊ ရေပြာနယ်များတွင် ဆောင်းစိုက်(ပင်စိုက်) ကြက်သွန်နီများနှင့် မိုးစိုက်(ဥစိုက်) ကြက်သွန်နီများ စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ယခုအချိန်တွင် ဆောင်းစိုက် (ပင်စိုက်) ကြက်သွန်နီမှာ လက်ကျန် နည်းနေပြီး မိုးစိုက်(ဥစိုက်)များ စတင်စိုက်ပျိုးလျက်ရှိသည်။ ပခုက္ကူကြက်သွန်နီ ကုန်စည်ဒိုင်သို့ ပခုက္ကူမြို့နယ်သာမက အခြားမြို့နယ်များဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပုလဲ၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တောင်သာနယ်ထွက် ကြက်သွန်နီများလည်း ဝင်ရောက် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ပခုက္ကူကုန်စည်ဒိုင် ကြက်သွန်နီ လက်ကားဈေးမှာ အောက်တိုဘာစတုတ္ထပတ်တွင် ထိပ်စတစ်ပိဿာလျှင် ကျပ် ၃၃၀၀၊ အလတ်စတစ်ပိဿာလျှင် ကျပ် ၂၈၀၀၊ အနိမ့်စ ကျပ် ၂၀၀၀ ဖြစ်ခဲ့ပြီး အောက်တိုဘာ တတိယပတ်နှင့် ဈေးနှုန်းနှိုင်းယှဉ်ပါက ကြက်သွန်နီ တစ်ပိဿာလျှင် ကျပ် ၇၀၀ ခန့် ဈေးတက်ကြောင်း သိရသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ကြက်သွန်နီ ဈေးကွက်သို့ ဒေသတွင်းနှင့် ပွင့်ဖြူ၊ စလင်း၊ ချောက်၊ ပခုက္ကူ ဒေသထွက် ကြက်သွန်နီများလည်း ဝင်ရောက် အရောင်းအဝယ် ဖြစ်လျက်ရှိသည်။ အောက်တိုဘာလအတွင်းတွင် တစ်ရက်လျှင် ကုန်ချိန် ပိဿာ ငါးသောင်းမှ ခုနစ်သောင်း၊ တစ်လအတွင်း ကုန်ချိန်ပိဿာ ၁၇ သိန်းခန့် ဝင်ရောက်ခဲ့ကြောင်း ဈေးကွက်မှ သိရသည်။

ဈေးနှုန်းအနေဖြင့် အောက်တိုဘာပထမပတ်တွင် ကြက်သွန်နီ တောဈေးဂွန် တစ်ပိဿာလျှင် အမြင့်ဈေး ကျပ် ၁၈၀၀-၁၄၀၀၊ အောက်တိုဘာ ဒုတိယပတ်တွင်တစ်ပိဿာလျှင် ကျပ် ၁၈၅၀-၁၄၀၀၊ အောက်တိုဘာ တတိယပတ်တွင် ကျပ် ၂၆၀၀-၁၈၀၀၊ အောက်တိုဘာ စတုတ္ထပတ်တွင် ဈေးဆက်လက်မြင့်တက်ပြီး ကြက်သွန်နီ တစ်ပိဿာလျှင် အမြင့်ဈေး ကျပ် ၃၅၀၀-၂၅၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ အောက်တိုဘာလအတွင်း ကြက်သွန်နီတစ်ပိဿာလျှင် ကျပ် ၁၇၀၀ ခန့် ဈေးတက်ပြီး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဒေသတွင်း ကြက်သွန်နီအဟောင်း ရာသီကုန်ဆုံးချိန်ဖြစ်၍ ကြက်သွန်နီဈေးနှုန်း မြင့်တက်လာပြီး အရောင်းအဝယ်သွက်လျက်ရှိကြောင်း ဈေးကွက်မှ သိရှိရသည်။

ကုန်စည်စီးဆင်းမှုအနေဖြင့် အောက်တိုဘာလအတွင်း ရန်ကုန် ဘုရင့်နောင်ပွဲရုံသို့ ကုန်ချိန်ပိဿာ ရှစ်သိန်း ကားအစီးရေ ၈၀ စီး၊ ပြည်၊ ပုသိမ်မြို့သို့ ကြက်သွန်နီ ပိဿာချိန်တစ်သိန်း ကားအစီးရေ ၁၂ စီး၊ မြဝတီမြို့သို့ ပိဿာချိန် ခုနစ်သိန်း ကားအစီးရေ ၄၅ စီး၊ မော်လမြိုင်မြို့သို့ ကြက်သွန်နီ ပိဿာချိန်တစ်သိန်း ကားအစီးရေ ၁၀ စီး၊ စုစုပေါင်း ကြက်သွန်နီပိဿာချိန် ၁၇ သိန်းခန့် အိတ်ရေခြောက်သောင်း၊ တန်ချိန်အားဖြင့် ၂၇၇၆ တန်ခန့် ကုန်စည် စီးဆင်းခဲ့ကြောင်း၊ ရန်ကုန်ဘုရင့်နောင်ပွဲရုံသို့ ကုန်ချိန်အများဆုံး တင်ပို့ကြောင်း သိရသည်။

လှိုင်ဥမ္မာဦး (ပခုက္ကူ)

ပြည်ခရိုင်ဆီထွက်သီးနှံကာလတူဈေးနှုန်းနှိုင်းယှဉ်ခြင်း

တင်း/ကျပ်

| စဉ် | အမျိုးအမည် | ၂၀၂၃ ခုနှစ် ပထမပတ် | ၂၀၂၄ ခုနှစ် ဒုတိယပတ် | ဈေးနှုန်း အတက်/ကျ | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | နှမ်းနီ | ၉၅၀၀၀ | ၁၁၆၀၀၀ | ↑ ၂၁၀၀၀ | |
| ၂ | နှမ်းနက် | ၉၀၀၀၀ | ၁၆၅၀၀၀ | ↑ ၇၅၀၀၀ | |
| ၃ | စမုံနှမ်းနက် | ၁၀၀၀၀၀ | ၂၀၀၀၀၀ | ↑ ၁၀၀၀၀၀ | |
| ၄ | မြေပဲဆန် (လုံးဆန်အဖြူ) | ၅၆၀၀ | ၇၄၀၀ | ↑ ၁၈၀၀ | တစ်ပိဿာဈေး |
| ၅ | မြေပဲဆန် (လုံးဆန်အနီ) | ၅၄၀၀ | ၇၄၀၀ | ↑ ၂၀၀၀ | တစ်ပိဿာဈေး |
| ၆ | ဆီကြိတ်မြေပဲဆန် (အဖြူ) | ၅၂၀၀ | ၆၈၀၀ | ↑ ၁၆၀၀ | တစ်ပိဿာဈေး |
| ၇ | ဆီကြိတ်မြေပဲဆန် (အနီ) | ၅၀၀၀ | ၆၈၀၀ | ↑ ၁၈၀၀ | တစ်ပိဿာဈေး |

ဝေဝေမင်း (ပြည်)



ASIA WORLD PORT TERMINAL
Myanmar's Marine Gateway to the World
www.asiaworldport.com
Building NO. (C), Room No. (210), Hnin Si Street, Hlighway Housing, Kamayut Township, Yangon Region, Myanmar.
Email:dlionagenc001@gmail.com
No. (44/56), Room (404), 4th Floor, Mg Mg Gyi Tower Starnd Road, Botahtaung Township, Yangon, Myanmar.
E-mail:dlionagency001@gmail.com
Telephone : 09-5118160, 09-977924223, 09-977924227, 09-977924222
Trading & Air, Sea, Road (Door to Door Service)


SSS International Retail Business
လက်အောက်ရှိ ဖွင့်လှစ်ထားသော လုပ်ငန်းခွဲများ
easy mart
More than a Mart
ရန်ကုန်မြို့အတွင်း
ဆိုင်ခွဲပေါင်း (၂၃) ဆိုင်ကို
ဖွင့်လှစ်ကာ ပို့ကုန်၊ သွင်းကုန်
ပစ္စည်းအစုံကို အရည်အသွေး
ပြည့်မီစွာရောင်းချ ပေးနေပါသည်။
MAXI မက်(ခ်)စီ
Wholesale
ရန်ကုန်မြို့ မြောက်ဒဂုံမြို့နယ်
ပင်လုံလမ်းမပေါ်တွင်
Wholesale Center တစ်ခု
အဖြစ် ဖွင့်လှစ်ကာ
စားသောက်ကုန် ၊ လူသုံးကုန် အမျိုး
ပေါင်းများစွာကို လက်လီလက်ကား
ရောင်းချပေးလျက်ရှိပါသည်။
easy supermarket
မော်ဘီမြို့ ပြည်လမ်းမပေါ်ရှိ
အလွှာ (၆)လွှာ ပါဝင်သော
Easy Supermarket တွင်
ပို့ကုန် သွင်းကုန် ပစ္စည်းအစုံ
အဝတ်အထည်အမျိုးမျိုး တို့ကို
အရည်အသွေးပြည့်မီစွာဖြင့်
ရောင်းချပေးလျက်ရှိပါသည်။


Royal-D
ချွေးထွက်များလို့ ရေဓာတ်ဆုံး
ရွိုင်ရယ် – ဒီ သာ
အကောင်းဆုံး
Royal-D

## စက်တင်ဘာလအတွင်း တရုတ်နိုင်ငံ၏ ပို့ကုန်သွင်းကုန်များ မျှော်လင့်ထားသည်ထက် လျော့နည်းခဲ့

ကမ္ဘာ့ဒုတိယအကြီးဆုံးစီးပွားရေး၏ အလားအလာ အကောင်းဆုံး အချက်ထဲတွင်ပါဝင်သည့် တရုတ်နိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်မျှော်မှန်းချက်သည် စက်တင်ဘာလတွင် ခန့်မှန်းထားသည်ထက် ပိုမိုလျော့နည်းခဲ့သည်။ အောက်တိုဘာ ၂၈ ရက်တွင် ထုတ်ပြန်သော အကောက်ခွန်အချက်အလက်များအရ စက်တင်ဘာလတွင် ပို့ကုန်စုစုပေါင်း၏ ၂ ဒသမ ၄ ရာခိုင်နှုန်းရှိပြီး သွင်းကုန် သုည ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

လေ့လာသူများ အဆိုအရ တရုတ်ပို့ကုန်များသည် စက်တင်ဘာလတွင် ခြောက်နှစ်အတွင်း ခန့်မှန်းတန်ဖိုး သုည ဒသမ ၉ ရာခိုင်နှုန်းခန့် မြင့်တက်မည်ဟု ခန့်မှန်းထားသော်လည်း ခန့်မှန်းထားသည်ထက် လျော့နည်းခဲ့ကြောင်း Reuters ၏ စစ်တမ်းများအရ သိရသည်။

ပို့ကုန်များသည် တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အား တစ်ခုဖြစ်ပြီး မကြာသေးမီနှစ်များအတွင်း သုံးစွဲသူအသုံးစရိတ် နည်းပါးမှုနှင့် အိမ်ခြံမြေမတည်ငြိမ်မှုကြောင့် ကျဆင်းခဲ့သည်။ သို့သော် ကုန်သွယ်ရေး တင်းမာမှုများ မြင့်တက်လာခြင်းသည် လာမည့်နှစ်တွင် အရှိန်အဟုန်ဖြင့် ဆက်လက်ကြီးထွားလာရန် တရုတ်နိုင်ငံ၏ ပို့ကုန်ကို ခက်ခဲ စေလိမ့်မည်ဖြစ်ကြောင်း Pinpoint Asset Management ၏ ဥက္ကဋ္ဌနှင့် စီးပွားရေးပညာရှင် Zhiwei Zhang က မှတ်ချက်တစ်ခု၌ ပြောကြားခဲ့သည်။

အမေရိကန်နှင့် ဥရောပသမဂ္ဂတို့သည် တရုတ်နိုင်ငံလုပ် လျှပ်စစ်ကားများ အပါအဝင် အခြားသောထုတ်ကုန်များအပေါ် အခွန်တိုးမြှင့်ကောက်ခံလျက်ရှိသည်။ ၎င်း၏ အကြီးဆုံး ကုန်သွယ်ဖက်ဖြစ်သော အမေရိကန်သို့ တရုတ်နိုင်ငံ၏ ပို့ကုန်သည် ပြီးခဲ့သည့်နှစ်ကထက် စက်တင်ဘာတွင် ၂ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အမေရိကန်မှ တင်သွင်းမှုမှာ ၆ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း CNBC ၏ တရားဝင် အချက်အလက်များ လေ့လာဆန်းစစ်မှုအရ သိရသည်။

ဒေသတွင်းအခြေခံအားဖြင့် တရုတ်နိုင်ငံ ၏ အကြီးဆုံးကုန်သွယ်ဖက်ဖြစ်သော အရှေ့တောင်အာရှနိုင်ငံများအသင်းသို့ တင်ပို့မှုမှာ ၅ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး သွင်းကုန်မှာ ၄ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ဥရောပသမဂ္ဂသို့ တရုတ်၏ ပို့ကုန်သည် ၁ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး သွင်းကုန် ၄ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ BRICS မိတ်ဖက် ရုရှားနိုင်ငံသို့ တရုတ်နိုင်ငံ၏ တင်ပို့မှုမှာ ၁၆ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့သော်လည်း သွင်းကုန် ၈ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဆန်းစစ်ချက်တွင် ဖော်ပြထားသည်။ တရုတ်နိုင်ငံ၏ အလုံးစုံ မော်တော်ယာဉ်တင်ပို့မှုမှာ စက်တင်ဘာလတွင် တစ်နှစ်ထက် တစ်နှစ် ၂၅ ဒသမ ၇ရာခိုင်နှုန်း တိုးလာခဲ့ပြီး ဖိနပ်များ၊ အရုပ်များနှင့် စမတ်ဖုန်းများ အားလုံးသည် အလားတူကာလထက် ကျဆင်းသွားခဲ့သည်။

**sources- hnixhua news**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရေကြီးမှုကြောင့် ဆန်တန်ချိန် ၁ ဒသမ ၁ သန်းခန့် ထိခိုက်ပျက်စီး



ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရေကြီးမှုကြောင့် ဆန် မက်ထရစ်တန်ချိန် ၁ ဒသမ ၁ သန်းခန့် ပျက်စီးခဲ့ပြီး စားသောက်ကုန် ဈေးနှုန်းများလည်း မြင့်တက်ခဲ့ရာ အဓိကစားသုံးကုန်ဖြစ်သော ဆန်တင်သွင်းမှုကို မြှင့်တင်ရန် အကြောင်းတရားဖြစ်ပေါ်လာကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

ဩဂုတ်လနှင့် အောက်တိုဘာလအတွင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် နိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပြီး လူ ၇၅ ဦးထက်မနည်း သေဆုံးကာ လူဦးရေသန်းပေါင်းများစွာကို ထိခိုက်လျက်ရှိပြီး အထူးသဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အရှေ့ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင် သီးနှံများ ပျက်စီးမှု အများဆုံး ဖြစ်ပေါ်ခဲ့သည်။

ယခုနှစ် ရေကြီးမှုကြောင့် စပါးစိုက်ပျိုးထုတ်လုပ်မှုမှာ ထိခိုက်ဆုံးရှုံးမှု ကြီးမားခဲ့ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ ၎င်းအခြေအနေအား တုံ့ပြန်သည့်အနေဖြင့် အစိုးရသည် ဆန်တန်ချိန် ၅၀၀၀၀၀ တင်သွင်းရန် အလျင်အမြန် ဆောင်ရွက်လျက်ရှိပြီး မကြာမီအချိန်တွင် ပုဂ္ဂလိကကဏ္ဍမှ တင်သွင်းခြင်းကို ခွင့်ပြုမည်ဟု မျှော်လင့်ရကြောင်း စားနပ်ရိက္ခာ ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်ဟောင်း Sheikh Hasina ၏ အစိုးရအဖွဲ့ ပြုတ်ကျခဲ့ပြီး ဩဂုတ်လတွင် အာဏာရလာသည့် ကြားဖြတ်အစိုးရအနေဖြင့် မကြာသေးမီလများအတွင်း ၂၀ ရာခိုင်နှုန်းနီးပါး တက်လာခဲ့သော စားသောက်ကုန်ဈေးနှုန်းများ တည်ငြိမ်စေရန် ရုန်းကန်နေရကြောင်း သိရသည်။ ကမ္ဘာ့အကြီးဆုံး ဆန်တင်ပို့သည့် နိုင်ငံဖြစ်သည့် အိန္ဒိယသည် မကြာသေးမီကာလ၌ ဆန်တင်ပို့မှုဆိုင်ရာ ကန့်သတ်ချက်များကို ဖြေလျှော့ခဲ့ရာ ဘင်္ဂလားဒေ့ရှ်အနေဖြင့် ၎င်း၏ အိမ်နီးချင်းနိုင်ငံမှ ပိုမိုသက်သာသောနှုန်းထားဖြင့် ဆန်တင်သွင်းမှုသည် မြင့်တက်လာဖွယ်ရှိသည်။

ရေကြီးမှုသည် ဟင်းသီးဟင်းရွက်တန်ချိန် ၂၀၀၀၀၀ ကျော် အပါအဝင် အခြားလယ်ယာထွက်ကုန်များကိုလည်း ပြင်းထန်စွာ ထိခိုက်ခဲ့ကြောင်းနှင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လယ်ယာထွက်ကုန် ဆုံးရှုံးမှု တန်ဖိုးစုစုပေါင်းမှာ တာကာ ၄၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃၈၀ သန်း) ခန့်ရှိကြောင်း သိရသည်။

ကမ္ဘာ့တတိယအကြီးဆုံး ဆန်ထုတ်လုပ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၎င်း၏ လူဦးရေ သန်း ၁၇၀ စားသုံးရန်အတွက် တစ်နှစ်လျှင် ဆန်တန်ချိန် သန်း ၄၀ နီးပါး ထုတ်လုပ်လျက်ရှိသည်။ သို့သော် သဘာဝဘေးအန္တရာယ်များက စိုက်ပျိုးထုတ်လုပ်မှုကို မကြာခဏ အနှောင့်အယှက်ပေးလေ့ရှိပြီး သွင်းကုန်အပေါ် မှီခိုမှု တိုးလာစေခဲ့ခြင်းဖြစ်သည်။

ယခုနှစ် ရေကြီးမှုက ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ရာသီဥတု ပြောင်းလဲမှုဒဏ်ကို ထိခိုက်ခံရရန် လွယ်ကူမှုရှိနေကြောင်း ပြသလျက်ရှိသည်။ ကမ္ဘာ့ဘဏ်အဖွဲ့အစည်း၏ ၂၀၁၅ ခုနှစ်၌ လေ့လာမှုတစ်ခုအ ရ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ လူပေါင်း ၃ ဒသမ ၅ သန်းခန့်သည် နှစ်စဉ် မြစ်ရေလျှံမှု အန္တရာယ်နှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း၊ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှု၏ သက်ရောက်မှုများကြောင့် အဆိုပါပြဿနာသည် ပိုမိုဆိုးရွားလာနိုင်သည်ဟု သိပ္ပံပညာရှင်များက သတိပေးထားကြောင်း သိရသည်။

ရာသီဥတု၏ စိန်ခေါ်မှုများ များပြားလာနေချိန်တွင် စားနပ်ရိက္ခာဖူလုံမှု ခိုင်မာစေရေးအတွက် စိုက်ပျိုးမှုကာလ တိုတောင်းပြီး ရေကြီးမှုနှင့် မိုးခေါင်မှုဒဏ်ကို ခံနိုင်ရည်ရှိသည့် သီးနှံ မျိုးကွဲများ ပိုမိုဖွံ့ဖြိုးလာရန် အရေးကြီးကြောင်းနှင့် စိုက်ပျိုးရေး သုတေသနဆိုင်ရာကိစ္စများတွင် ရင်းနှီးမြှုပ်နှံရန်လည်း လိုအပ်ကြောင်း၊ အဆိုပါ ဒဏ်ခံနိုင်သည့် သီးနှံမျိုးများအပေါ် အလေးပေး ဆောင်ရွက်ခြင်းဖြင့် တောင်သူလယ်သမားများအား ပြောင်းလဲလာသော ရာသီဥတုပုံစံများနှင့် လိုက်လျောညီထွေဖြစ်အောင် ကူညီပေးနိုင်ပြီး ခက်ခဲသောအခြေအနေများ၌ပင် အထွက်ပမာဏကို တည်ငြိမ်စေမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် ဆန်စပါးသုတေသနဌာနမှ သိပ္ပံဆိုင်ရာ အရာရှိချုပ် Khandakar Mohammad Iftekhar-uddaula က ပြောကြားခဲ့သည်။

**Source: Channel News Asia, DHTSN, DOCA**

## တရုတ်နိုင်ငံမှ ဝယ်လိုအားမြင့်မားမှုကြောင့် ဗီယက်နမ်ကွမ်းသီးနု ဈေးနှုန်းများ မြင့်တက်

ဗီယက်နမ်နိုင်ငံတွင် လတ်ဆတ် ကွမ်းသီးနုများ၏ ဈေးနှုန်းများသည် တရုတ်နိုင်ငံမှ အဓိက ဝယ်လိုအားမြင့်မားမှုကြောင့် စံချိန်တင် မြင့်တက်လျက်ရှိကြောင်း သိရသည်။

ပြည်နယ်များဖြစ်သော Quang Ngai Dak Lak Tay Ninh Tien Giang နှင့် Kien Giang တို့တွင် ကွမ်းသီး တစ်ကီလိုဂရမ်လျှင် ဗီယက်နမ်ဒေါင် ၈၀၀၀၀ မှ ၈၅၀၀၀ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၀) ဖြင့် ရောင်းချလျက်ရှိကြောင်း၊ မြောက်ပိုင်းဒေသများဖြစ်သည့် Bac Ninh နှင့် Nam Dinh တို့တွင် တစ်ကီလိုဂရမ်လျှင် ဗီယက်နမ်ဒေါင် ၉၀၀၀၀ အထိ ပေါက်ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ ပြည်တွင်းကွမ်းသီးနု ထုတ်လုပ်မှု ပြတ်လပ်ခြင်းကြောင့် ကွမ်းသီးဈေးနှုန်း မြင့်တက်မှုရှိပြီး လွန်ခဲ့သော လများအတွင်း အမြင့်ဈေး၌ တည်ရှိနေခဲ့ခြင်းဖြစ်ကြောင်း၊ သို့ဖြစ်ရာ ဗီယက်နမ် ကွမ်းသီးနုထုတ်ကုန်များကို တင်သွင်းမှုမှာ ပိုမိုများပြားလာခဲ့ကြောင်း ကုန်သည်များက ပြောသည်။

တရုတ်နိုင်ငံတွင် ကွမ်းသီးနုကို အဓိကအသုံးပြုမှုရှိပြီး ဟိုင်နန်ပြည်နယ်သည် တစ်နိုင်ငံလုံး ကွမ်းသီးနုသုံးစွဲမှု၏ ၉၀ ရာခိုင်နှုန်းကို ထုတ်လုပ်လျက်ရှိကြောင်း၊ ၎င်းပမာဏ၏ ထက်ဝက်ခန့်သည် ၎င်းပြည်နယ်ရှိ ဝမ်နင်စီရင်စုမှ ထွက်ရှိခြင်းဖြစ်ကြောင်း၊ သို့ရာတွင် ၁၉၈၀ ပြည့်နှစ်လွန် ကာလမှစတင်၍ ကွမ်းသီးပင်များတွင် အဝါရောင်သစ်ရွက်ပိုး ကျရောက်ခဲ့သည့်အတွက် အထွက်ပမာဏ သိသိသာသာကျဆင်းခဲ့ကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ဇွန်လကုန်အထိ ဝမ်နင်ဒေသရှိကွမ်းသီးပင်များ၏ ၈၀ ရာခိုင်နှုန်း၌ အဝါရောင် အရွက်ပိုး ကျရောက်ခဲ့ရာ ကွမ်းသီးနု ထုတ်လုပ်မှုနှုန်း သိသာစွာ ကျဆင်းခဲ့သည်။ ရောဂါပိုး ကျရောက်မှုအား နှိမ်နင်းခြင်းမရဘဲ တရုတ်နိုင်ငံအနေဖြင့် အခြားနိုင်ငံများမှ တင်သွင်းခြင်းကို တိုးမြှင့်ခဲ့ရာ ဗီယက်နမ်နိုင်ငံသည် ကွမ်းသီး အဓိကပေးသွင်းသည့်နိုင်ငံအဖြစ်သို့ ရောက်ရှိလာခဲ့ သည်။

တရုတ်နိုင်ငံအနေဖြင့် ဗီယက်နမ် ကွမ်းသီးနုများကို တိုးမြှင့်ဝယ်ယူနေခြင်း၏ အဓိကအချက်မှာ ရိုးရာပွဲများတွင် တည်ခင်းဧည့်ခံသည့်ကွမ်းသီးနုသကြားလုံးများ ထုတ်လုပ်ရန်အတွက်ဖြစ်ကြောင်း၊ အစေ့မတည်သေးသော သို့မဟုတ် အစေ့သေးငယ်သည့် အဆင့်၌ရှိသော ကွမ်းသီးနုများကို စုစည်း၍ ရေနွေးငွေ့ဖြင့် အပူပေး၊ အခြောက်ခံ ပြုပြင်ပြီးနောက် သကြားလုံးအဖြစ် အဆင့်ဆင့် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ အနည်းငယ်ချို၍ စပ်ရှရှအရသာရှိသည့် သကြားလုံးသည် အနွေးဓာတ် သတ္တိရှိခြင်းနှင့် လည်ချောင်းနာခြင်းကို သက်သာစေသည့်အတွက် ဆောင်းရာသီတွင် လူကြိုက်များသည့် အစားအစာတစ်ခုဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် ဘဲသားကြော်၊ ငုံးသားနှပ်၊ ဆန်ပြုတ် စသည့် တရုတ်ဟင်းလျာများ ချက်ပြုတ်ရာတွင်လည်း ကျန်းမာရေး အထောက်အကူပြုရန်အတွက် ကွမ်းသီးနုများကို ထည့်သွင်းအသုံးပြုလျက်ရှိကြောင်း၊ တရုတ်နိုင်ငံမှ ဝယ်လိုအားများပြားခြင်းကြောင့် ဗီယက် နမ်နိုင်ငံ၌ ကွမ်းသီးနုဈေးနှုန်းမှာ ၂၀၂၄ ခုနှစ်တွင် မြင့်တက်ခဲ့ရာ အထူးသဖြင့် ရှေးယခင်ကတည်းက ကွမ်းသီး အမြောက်အမြား စိုက်ပျိုးရာဒေသများမှ တောင်သူများအတွက် ဝင်ငွေ သိသာစွာ တိုးတက်စေခဲ့သည်။

**Source : Vietnam Plus, ပိုးဇာခြည်၊ DOCA**

# နွားနို့မှ တန်ဖိုးမြှင့်ထုတ်ကုန် နို့ဆီချက်လုပ်ငန်းများအကြောင်း တစေ့တစောင်း



နွားနို့သည် အာဟာရတန်ဖိုး အလွန်မြင့်မားသည့် စားသောက်ကုန်ဖြစ်သည်။ နွားနို့သောက်သုံးခြင်းဖြင့် ကိုယ်ခန္ဓာ ကျန်းမာကြံ့ခိုင်စေပြီး အာဟာရပြည့်ဖြိုးညက်ရည် တိုးတက်စေနိုင်သည်။ လူများသည် မွေးစမှခြောက်လအတွင်း မိခင်နို့ရည်တစ်မျိုးတည်းဖြင့်ပင် ရှင်သန်ဖွံ့ဖြိုးစေနိုင်သည်။ အသက်အရွယ်မရွေး နွားနို့ကို သောက်သုံးသင့်သည်။ မြန်မာနိုင်ငံတွင် နွားနို့သောက်သုံးသည့် အလေ့အထနည်းပြီး လက်ဖက်ရည်၊ ကော်ဖီတို့ကိုသာ သောက်သုံးသည့် အလေ့အထများသည်။ အမှန်အားဖြင့် နွားနို့ကို ပိုမိုသောက်သုံးသင့်သည်။

နွားနို့တွင် ရေဓာတ်၊ ပရိုတိန်းခေါ် အသားဓာတ်၊ အဆီဓာတ်၊ ဗီတာမင်နှင့် မင်နရယ်ခေါ် သတ္တုဓာတ်များအားလုံးပါဝင်၍ အာဟာရ အပြည့်ဝဆုံးအစာဟု ခေါ်ဆိုနိုင်သည်။

သို့သော် နို့တွင် အဏုဇီဝပိုးများ ပေါက်ပွားလွယ်၍ အထားမခံ ပျက်စီးလွယ်သည်။ သို့ဖြစ်၍ နို့ကို တာရှည်ခံရန် လူတို့သည် အမျိုးမျိုး စမ်းသပ်သုတေသနပြုခဲ့ကြသည်။ အပူပေး၍ ပေါင်းတင်နို့ (Pasteurize milk)၊ ပိုးသတ်ပြီးနို့ (Sterilised milk) နှင့် တာရှည်ခံနို့(Ultra Heat Treated milk =UHT milk)တို့ ထုတ်လုပ်သုံးစွဲခြင်းနှင့် အချဉ်ဖောက်၍ ဒိန်ချဉ်၊ ထောပတ်၊ ဒိန်ခဲ စသည်တို့ကိုလည်း ထုတ်လုပ်၍ စားသုံးကြသည်။

ထို့အတူ မြန်မာ့ရိုးရာအရ နို့ခဲ၊ နို့ဆီတို့ကို ထုတ်လုပ် သုံးစွဲလျက်ရှိကြသည်။ နို့ဆီ (Condensed milk )သည် နို့ထွက်ပစ္စည်းများအနက် မြန်မာနိုင်ငံတွင် လူကြိုက်အများဆုံးနှင့် အသုံးအများဆုံးဖြစ်သည်။ နိုင်ငံခြားတိုင်းပြည်များရှိ ဟိုတယ်များနှင့် မြန်မာနိုင်ငံရှိ ဟိုတယ်များတွင် မည်သည့်ဟိုတယ်များတွင်မှ နို့ဆီမသုံးစွဲကြဘဲ နွားနို့ကိုသာ သုံးစွဲကြကြောင်း ပညာရှင်များ၏ လေ့လာချက်အရ သိရသည်။ မြန်မာ့စွယ်စုံကျမ်း အတွဲ(၆)တွင် နို့ဆီနှင့်ပတ်သက်၍ ဖော်ပြထားသည်မှာ နွားနို့ကို နို့ဆီဖြစ်အောင် လုပ်သည်ဆိုသည်မှာ နွားနို့တွင် ပါသောရေကို ထုတ်ပယ်ရန် ကျိုချက်ချင်းပင်ဖြစ်၏။ ဤသို့ ရေခန်းအောင် နို့ကိုကျိုရာတွင် နို့နှင့်ရေတို့ပါဝင်သော နှုန်းကိုလိုက်၍ နို့ဆီ အမျိုးမျိုးရှိသည်။ သာမန်အရပ်အခေါ် နို့စိမ်းဘူးဟူသည်မှာ နွားနို့တစ်ပုလင်းကို ပုလင်းဝက်ခန့် ကျန်အောင် ကျိုချက်၍ လေလုံသော သံစည်ဘူးတွင် ထည့်သွင်းထားသောနို့ဖြစ်သည်။ ထိုနို့စိမ်းဘူး နို့များတွင် အဆီ ၇ ဒသမ ၈ ရာခိုင်နှုန်းပါဝင်၍ အခြားနို့နှင့်ဆိုင်သော အစိုင်အခဲတို့မှာ ၂၅ ဒသမ ၅ ရာခိုင်နှုန်း ပါဝင်ရသည်။ နို့ဆီမှာ သကြားနှင့်နွားနို့ကိုရော၍ နို့စိမ်းဘူးမှရသော နို့ထက်ပို၍ ရေခန်းအောင် ကျိုချက်ထားသော နို့ဖြစ်သည်။ သကြားမှာ ကြံမှရသော သကြားဖြစ်သည်။ နို့ဆီထဲ၌ သကြားသည် (၄၀-၄၂)ရာခိုင်နှုန်းမျှ ပါဝင်သည်။ နို့ဆီထဲတွင် အဆီ ရှစ်ရာခိုင်နှုန်းနှင့် နို့နှင့်ဆိုင်သော အစိုင်အခဲ ၂၈ ရာခိုင် နှုန်း ပါဝင်ရသည်။ သကြားမပါဘဲ ကျိုချက်သောနို့ဆီဟူ၍လည်း ရှိသေးသည်ဟူ၍ ဖြစ်သည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်ထုတ်လုပ်လျက်ရှိသည့် နွားနို့များအနက် သုံးပုံနှစ်ပုံသည် နို့ဆီချက်လုပ်ငန်းများတွင် အသုံးပြုကြသည်။ နွားနို့အထွက်များသည့် မြန်မာနိုင်ငံအထက်ပိုင်းတွင် နို့ဆီချက် (ချက်နို့ဆီ)လုပ်ငန်းကြီးများရှိသည်။ နို့ဆီချက်လုပ်ငန်းသည် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း MSMEs များတွင်ပါဝင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်တွင် နို့ဆီချက်လုပ်ငန်း လုပ်ကိုင်သည့် လုပ်ငန်းရှင် သုံးဦးရှိကြောင်း လေ့လာသိရှိရသည်။

စစ်ကိုင်းမြို့ ပန်းဘဲတန်းရပ်ကွက်ရှိ နို့ဆီချက်လုပ်ငန်းသည် ၁၉၈၅ ခုနှစ်က စတင်လုပ်ကိုင်ခဲ့ပြီး နွားနို့မှ တန်ဖိုးမြှင့်ထုတ်ကုန် နို့ဆီချက်လုပ်ငန်းနှင့် ဒိန်ချဉ်ထုတ်လုပ်သည့်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိသည်။ ကုန်ကြမ်းနွားနို့ကို စစ်ကိုင်းမြို့နယ် ဆင်မြေကျေးရွာ၊ ကြွယ်လူးကျေးရွာ၊ နောက်ကြည့်ကျွန်း စသည့်ကျေးရွာများမှ ဖောက်သည်လာရောက်သွင်းသူ ၁၀ ဦးခန့်ထံမှ ရရှိပြီး နွားနို့တစ်ပိဿာလျှင် ကျပ် ၂၇၀၀-၂၈၀၀ ဈေးဖြင့် တစ်ရက်လျှင် ပိဿာ ၇၀၀-၈၀၀ ခန့် ဝယ်ယူသည်။

နို့နှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်သည့် လုပ်ငန်းများတွင် နို့ဝယ်ယူရာ၌ အဆီပါဝင်မှုကို အဓိကထား၍ စစ်ဆေးရသည်။ အဆီပါဝင်မှု အပေါ်မူတည်၍ နို့ဈေးကို ဆုံးဖြတ်ကြသည်။ ဝယ်ယူရရှိသည့် နွားနို့များကို နမူနာ ပိဿာ ၁၀ စီယူ ကာ နွားနို့အရည်အသွေး စစ်ဆေးသည့်စက်ဖြင့် အဆီပါဝင် မှုရာခိုင်နှုန်းကို စစ်ဆေးကြောင်း သိရသည်။ ထို့နောက် အရည်အသွေးမတူသော နွားနို့အားလုံးကို မွှေစက်ဖြင့်မွှေကာ နွားနို့အဆီနှင့် နွားနို့အရည်ကို ခွဲခြားသည်။ နွားနို့အဆီကို ၁၀ ပိဿာဝင် တစ်ပုံးလျှင် ကျပ်တစ်သိန်းခွဲဈေးဖြင့် မန္တလေးမြို့ ထောပတ်လုပ်သည့် လုပ်ငန်းသို့ ရောင်းချကြောင်း သိရသည်။ ဆီ၊ သကြား၊ နို့မှုန့် အချိုးကျစပ်ပြီး နွားနို့အရည်များနှင့် ရောနှောကာ နွေးကန်တွင် သတ်မှတ်ထားသည့် အပူချိန်ပေးပြီး ပေါင်းအိုးဖြင့် ထပ်မံပေါင်းကာ ၁၅ မိနစ်ခန့် အအေးခံပြီးပါက အသင့်စားသုံးနိုင်သော နို့ဆီကို ရရှိသည်။ နွားနို့မှ နို့ဆီရရှိသည်ထိ ကြာချိန် စုစုပေါင်း လေးနာရီခန့်ဖြစ်ကြောင်း သိရသည်။ တစ်ရက်လျှင် ပျမ်းမျှ နို့ဆီပိဿာ ၃၅၀ ခန့် ထုတ်လုပ်နိုင်ပြီး နို့ဆီရောင်းဈေးနှုန်းမှာ တစ်ပိဿာလျှင် လက်လီ ကျပ်တစ်သောင်း၊ လက်ကား ကျပ်ကိုးထောင့်ရှစ်ရာဈေးများဖြင့် စစ်ကိုင်းမြို့ပေါ်ရှိ လက်ဖက်ရည်ဆိုင်များနှင့် မန္တလေး၊ နေပြည်တော်၊ ရန်ကုန် စသည့် မြို့ကြီးများအနှံ့ ရောင်းချကြောင်း သိရသည်။

တစ်ရက်လျှင် ကုန်ကြမ်းနွားနို့ ပိဿာ ၁၅၀ ခန့်ကို ဒိန်ချဉ်ပြုလုပ်သည်။ နွားနို့မှ ဒိန်ချဉ်ရရှိရန် အချိန်တစ်ရက်ခန့်ကြာသည်။ ဒိန်ချဉ်ကို ပွိုင့် ၃ လီတာ ဘူးများတွင်ထည့်၍ တစ်ဘူးလျှင် လက်လီ ၉၀၀ ကျပ်၊ လက်ကား ကျပ် ၈၅၀ ဖြင့် တစ်ရက်လျှင် ပျမ်းမျှအားဖြင့် ဘူး ၁၅၀၀ ခန့် ထုတ်လုပ်ပြီး စစ်ကိုင်းမြို့နယ်တွင်းနှင့် မြန်မာပြည် အထက်ပိုင်း ကချင်ပြည်နယ်သို့ တင်ပို့ရောင်းချကြောင်း သိရသည်။

အဆိုပါ နို့ဆီချက်လုပ်ငန်းသည် အမျိုးသား၊ အမျိုးသမီး လုပ်သားကိုးဦးမှ ၁၈ ဦးအထိ ရှိပြီး တစ်ရက်လျှင် တစ်ဦး၏ လုပ်ခအနေဖြင့် ကျပ် ၈၀၀၀ မှ ကျပ် ၁၂၀၀၀ ထိရရှိသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေးနိုင်ကြောင်း သိရသည်။

နွားနို့မှ တန်ဖိုးမြှင့်ထုတ်ကုန် နို့ဆီချက်လုပ်ငန်းအပြင် နွားနို့ခဲ၊ ဒိန်ချဉ်၊ ထောပတ်၊ ဒိန်ခဲ၊ နို့စိမ်း၊ ထုတ်လုပ်သည့် လုပ်ငန်းရှင်များအား နိုင်ငံတော်မှ ချေးငွေပံ့ပိုးကူညီခြင်း၊ နည်းပညာကူညီခြင်းများ ဆောင်ရွက်ပေးခြင်းဖြင့် နွားနို့မှတန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်သည့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ပြည်သူများအတွက် စားသုံးမှုလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် ပြည်ပသွင်းကုန်များကို တစ်ဖက်တစ်လမ်းမှ လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**သန်းသန်းတင် (မုံရွာ)**

# တနင်္သာရီတိုင်းဒေသကြီး၏ ဝင်ငွေရရှိသော ရိုးရာငါးမုန့်လုပ်ငန်း

တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံတောင်ဘက်စွန်းပိုင်းတွင် တည်ရှိပြီး တနင်္သာရီကမ်းရိုးတန်းတစ်လျှောက် ပင်လယ်ထွက်ပေါက်ရှိရာ တိုင်းဒေသကြီးဖြစ်သည့်အတွက် ပင်လယ်ငါးများ အလွန်ပေါကြွယ်ဝပြီး ရေထွက်ကုန်လုပ်ငန်းများ များစွာရှိသည့်အနက်မှ ရှေးယခင်မှစ၍ ယနေ့တိုင်အောင် နာမည်ကျော်ကြားသည့် ငါးမုန့်လုပ်ငန်းများကို မြိတ်၊ ထားဝယ်မြို့များတွင် ဒေသထွက်စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင် လျက်ရှိသည်။

တနင်္သာရီတိုင်းဒေသကြီးရှိ ငါးမုန့်လုပ်ငန်းများတွင် ငါးကွန်းရှပ် (ဒေသအခေါ်)ဘီးဇင်းငါးအမျိုးအစား တစ်ခုတည်းကိုသာ အဓိကထားအသုံးပြုသဖြင့် အရသာမှာထူးကဲကောင်းမွန်လှသည်။

ငါးမုန့်များပြုလုပ်ရန် စတင်ရာတွင် ဘီးဇင်းငါး အကောင်လိုက်အား အသားသီးသန့်ရရှိအောင် ခေါင်း၊ အလယ်ရိုးများကို လှီးထုတ်ကာ ရရှိလာသော ငါးအသားများကို ရှေးယခင်က သစ်သား ဆုံထောင်းကြီးများတွင် ထည့်သွင်းကာ ကြေညက်အောင် ထောင်းကြပြီး ယခုအခါတွင် ငါးမှုန့်စက်ရုံများမှ ကြိတ်စက်များဖြင့် ကြိတ်၍ ရေ၊ ပီလောပီနံကော်မှုန့်၊ သကြား၊ ကြက်ဥ၊ ဂျုံမှုန့်များအား သတ်မှတ်အချိုးအစားအတိုင်း (ငါးကွန်းရှပ် (ဒေသအခေါ်) ဘီးဇင်းငါးအသား အစိမ်းသီးသန့် ၅၀ ကျပ်သား၊ ပီလောပီနံ ကော်မှုန့်တစ်ပိဿာ၊ ဂျုံမှုန့် ၁၀ ကျပ်သား၊ သကြားနှစ်ကျပ်သား၊ ကြက်ဥ နှစ်လုံး၊ ရေသန့် ရောစပ်ကာ သမအောင်မွှေလိုက်ခြင်းဖြင့် အသင့်ရောစပ်ပြီး ငါးအသားလုံး အစိမ်းများ ရရှိသည်။

အဆိုပါ ငါးအသားလုံးအစိမ်းများအား အနေတော်အရွယ်များရရှိအောင် ပြုလုပ်ကာ ရေနွေးငွေ့ဖြင့် ကျက်သည်အထိ ပေါင်းခံပြီး သုံးရက်ခန့် လေသလပ်အောင် အခြောက်ခံကာ ပုံစံခြစ်များတွင်တင်၍ ငါးမုန့်ချပ်အစိမ်းများ ရရှိလာအောင် ခြစ်ယူရသည်။ ခြစ်ယူရရှိသော ငါးမုန့်ချပ်များအား နေပူပူတွင် အညိုဖျော့ရောင်သန်းသည်အထိ နေ့တစ်ဝက်ခန့် လှန်းပြီးလျှင် ဆီပူပူတွင် ထည့်ကာ ကြော်စားနိုင်သော ငါးမုန့်ချပ် အစိမ်းခြောက်များရရှိသည်။ ထားဝယ်မြို့ရှိ စက်ရုံများမှ တစ်နေ့လျှင် လုပ်သားအင်အား ၃၀ ဦးနှင့်လုပ်ပါက ရာသီဥတု အခြေအနေပေါ်မူတည်၍ ငါးမုန့်အခြောက်ပိဿာ ၁၀၀ ခန့် ထွက်ရှိကြောင်း သိရသည်။

ထွက်ရှိလာသော ငါးမုန့်အခြောက်ကို အစိမ်းများအတိုင်း ရောင်းချသကဲ့သို့ ဆီပူပူတွင်ကြော်ကာ အသင့်စားနိုင်သော ငါးမုန့်ကြော်များ၊ နှမ်းများကပ်ကာ နှမ်းကပ်ငါးမုန့်ကြော်များ ပြုလုပ်ကာ ဒေသထွက် တံဆိပ်များကပ်နှိပ်၍ အရွယ်အစားအမျိုးမျိုး၊ ပမာဏအမျိုးမျိုးထုပ်ပိုး၍ စူပါမားကတ်များနှင့် ဒေသလက်ဆောင်များအဖြစ် ဈေးကွက် အတွင်းသို့ တင်ပို့ရောင်းချကြသည်။

ဈေးနှုန်းဈေးကွက်အနေဖြင့် ယခုနှစ် အောက်တိုဘာ နောက်ဆုံးပတ်တွင် ငါးမုန့်ခြောက်တစ်ပိဿာလျှင် ကျပ် ၃၈၀၀၀ ဖြင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဈေးကွက်အတွင်း ရောင်းချလျက်ရှိသည့်အပြင် မြန်မာနိုင်ငံ နေရာအနှံ့အပြားသို့ တင်ပို့ရောင်းချလျက်ရှိသည်။ ဒေသတွင်း ထပ်တိုးဈေးကွက်တစ်ခု အနေဖြင့် ငါးမုန့်ခြောက်များကို အသင့်စားသောက်နိုင်စေရန် ဆီပူတွင်ကြော်ကာ ကြွပ်ရွအရသာရှိသော ငါးမုန့်ခြောက်ကြော်များအား လေလုံအောင် အထုပ်ငယ်လေးများနှင့်ထုပ်ပိုးပြီး တစ်ထုပ်လျှင် ကျပ် ၄၀၀-၇၀၀ နှုန်းဖြင့် မြို့ပေါ်အအေးဆိုင်များ၊ ရပ်ကွက်ကုန်စုံဆိုင်များ၊ မုန့် မျိုးစုံအရောင်းဆိုင်များနှင့် မြို့အနီး ကျေးရွာအထိပါ ရောင်းချလျက်ရှိသည်။

ထို့ကြောင့် တနင်္သာရီတိုင်းဒေသကြီး၏ ရိုးရာငါးမုန့်လုပ်ငန်းများသည် ဒေသတွင်း ဝင်ငွေရရှိစေရုံသာမက အလုပ်အကိုင် အခွင့်အလမ်းများ ပေးစွမ်းနိုင်ခြင်း၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရေးတွင် အထောက်အကူပြုလျက်ရှိပြီး ဒေသထုတ်ကုန် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း များစွာ အထောက်အကူပြုလျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။

**စိုးဗြို (ထားဝယ် )**

# ပြည်တွင်း ကားဈေး ကျဆင်းလျက်ရှိပြီး အရောင်းအဝယ်အေးနေ



ပြည်တွင်း ကားအရောင်းအဝယ်ဈေးကွက်တွင် ကားဈေး အနည်းငယ်ကျဆင်းနေပြီး အရောင်းအဝယ် အေးနေကြောင်း မော်တော်ကား ဝယ်ရောင်းလုပ်ငန်းလုပ်ကိုင်သူများ ထံမှသိရသည်။

ကားဈေးကွက်တွင် ကားအမျိုးအစားလိုက် ဈေးနှုန်းကျဆင်းမှုများရှိနေပြီး ကျပ်သိန်း ၁၀၀၀ နှင့် ကျပ်သိန်း ၂၀၀၀ ဝန်းကျင်ကားများ ဈေးကျဆင်းမှု ပိုမိုများပြားနေကြောင်း ကားဈေးကွက်အတွင်း မှသိရသည်။

"ကားဈေးကွက်အခြေအနေက လွန်ခဲ့တဲ့ နှစ်လလောက်ကထက်စာရင်တော့ ကားဈေးကွက် ကျပါတယ်။ ကျသင့်သလောက်တော့ ကျသွားပါတယ်။ ဖြစ်သင့်တဲ့ဈေးလည်း ဖြစ်သွားတယ်။ တချို့ကားတွေလည်း ဖြစ်သင့်တဲ့ဈေး မရောက်သေးပါဘူး။ အဲတော့ လက်ရှိကားဈေးကွက် ကျဆင်းနေတယ်လို့ပဲ ပြောရမှာပါ။ ဝါကျွတ်ကာလအပြီးမှာလည်း ကားဈေးကွက်က အပြောင်းအလဲ သိပ်မရှိပါဘူး"ဟု မြန်မာ့မော်တော်ယာဉ် ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးကျော်စွာထွန်းမြင့်က ပြောသည်။

အရောင်းအဝယ်အေးခြင်း၊ ငွေဈေးမာနေခြင်းနှင့် ဘဏ်အတိုး မြင့်သွားခြင်း၊ ကားဈေးနှုန်း အကျဘက်သို့ သွားနေခြင်းတို့ကြောင့် ကားဈေးနှုန်းများ ကျဆင်းနေခြင်းဖြစ်ကြောင်း ကားဈေးကွက် ကျွမ်းကျင်သူများက သုံးသပ်ပြောဆိုထားသည်။

လက်ရှိကားဈေးကွက်အတွင်း ငွေဖော်လိုသည့်သူများ၊ ကားလဲလိုသည့်သူများမှာ ဈေးလျှော့ရောင်းချမှုများ ရှိနေကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

# Myanmar Pay ကို လာမည့် ဒီဇင်ဘာလတွင် စတင်အသုံးပြုနိုင်ရန် လျာထား

Myanmar Pay အသုံးပြုမှုကို စတင်နိုင်ရန်အတွက် အစီအစဉ် များအား Production Testing ကို အဆင့်သုံးဆင့်ဖြင့် လာမည့် ဒီဇင်ဘာလတွင် စတင်အသုံးပြုနိုင်ရန် လျာထားကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သိရသည်။

Myanmar Pay ပထမအဆင့်တွင် Dummy Merchant များ၊ ဒုတိယအဆင့်တွင် Friendly Merchant များဖြင့် စမ်းသပ်ဆောင်ရွက်မည်ဖြစ်ပြီး တတိယအဆင့်အနေဖြင့် အများပြည်သူများ စတင်အသုံးပြုနိုင်ရေး (Go-Live) ကိုဆောင်ရွက်မည်ဖြစ်ကာ Go-Live ကို လာမည့် ဒီဇင်ဘာလတွင် လျာထားကြောင်း သိရသည်။

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဆူးလေရုံးခွဲတွင် အောက်တိုဘာ ၁၅ ရက်က ကျင်းပသော မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Myanmar Pay (Digital Payment Switch) ရွှေ့ပြေး စမ်းသပ်ဆောင်ရွက်နေမှုများနှင့် အဖွဲ့ဝင်များ လိုက်နာရန် စည်းမျဉ်းစည်းကမ်းများ၊ Go-Live သွားမည့် အစီအစဉ်များကို ကွင်းဆင်းစစ်ဆေးခြင်းမှ သိရသည်။

Myanmar Pay (Digital Payment Switch) ပရောဂျက်အား ၂၀၂၁ ခုနှစ်က စတင်ပြင်ဆင်ခဲ့ပြီး ဆောင်ရွက်ရမည့် BusinessModel များ၊ Infrastructure များ ညှိနှိုင်းပြင်ဆင်ခဲ့ရပြီး ၂၀၂၃ ခုနှစ်မှသာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ PayPlus Co.Ltd ကို အော်ပရေတာအဖြစ် လည်းကောင်း၊ နည်းပညာပိုင်းဆိုင်ရာကို Andaman Capital Partners ကိုလည်းကောင်း တာဝန်ပေးအပ်ခဲ့ကြောင်း၊ Myanmar Pay (Digital Payment Switch) သည် National Level Project ဖြစ်သည့်အတွက် ပြည်တွင်းသာမက ပြည်ပနှင့်ပါ QR Payment များ ချိတ်ဆက် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

Myanmar Pay QR သည် ယခုအခါ Pilot အခြေအနေအထိ ရောက်ရှိလာနေပြီး အကောင်အထည်ဖော်ပြီးပါက ဘဏ်နှင့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ ရောင်းချသူကိုယ်စား ငွေကောက်ခံ ရှင်းလင်းသည့် ဝန်ဆောင်မှုလုပ်ငန်းများ အသုံးပြုသူများအကြား ငွေပေးချေမှုကို မတူညီသည့် Payment Platform များနှင့် Model များကို Switching တစ်ခုတည်ဆောက်ပြီး အပြန်အလှန်ပေးချေမှုများ ပေးချေနိုင်ရန် ဆောင်ရွက်ရခြင်းဖြစ်၍ Security ပိုင်း၊ Monitoring ပိုင်း၊ Settlement ပိုင်း အားကောင်းလာစေရန် ဆောင်ရွက်နေကြောင်း၊လက်တွေ့ဆောင်ရွက်မှုများကို ရွှေ့ပြေးစမ်းသပ်ဆောင်ရွက်နေသော KBZ Pay၊ AYA Pay၊ OK$၊ Wave Money တို့မှ ၎င်းတို့၏ Payment Platform များနှင့် Digital Payment Switch များအား ချိတ်ဆက်ဆောင်ရွက်နေကြောင်း သိရသည်။






# ရန်ကုန်တွင် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း နှစ်ခု ခွင့်ပြု

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၆၂၂ နေရာအတွက် အလုပ်အကိုင် ဖန်တီးပေးနိုင်မည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းနှစ်ခုကို ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ခွင့်ပြုပေးလိုက်ကြောင်း သိရသည်။ ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍ လုပ်ငန်းတစ်ခုနှင့် စက်မှုကဏ္ဍ CMP စနစ်ဖြင့် အဝတ်အထည် အမျိုးမျိုးချုပ်လုပ်သည့် လုပ်ငန်းတစ်ခုတို့အား ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

ယင်းလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁၀/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးမှ ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကာ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းတွင် ကျပ်သန်း ၈၆၀ နှင့် CMP အထည်ချုပ်လုပ်ငန်းတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၀၃ သန်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီအနေဖြင့် အောက်တိုဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ၁၀ ခုကို ခွင့်ပြုပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံကာ လုပ်ကိုင်သည့်လုပ်ငန်းများမှ အလုပ်အကိုင် အခွင့်အလမ်းပေါင်းများစွာ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကိုတိုး - စုစည်းသည်

# PV မှ PJ အမျိုးအစား နိုင်ငံကူးလက်မှတ် လျှောက်ထားလာပါက လက်ခံဆောင်ရွက်ပေးမည်

အလည်အပတ် နိုင်ငံကူးလက်မှတ် PV အမျိုးအစားမှ Passport for Job(PJ) အမျိုးအစား နိုင်ငံကူးလက်မှတ် လျှောက်ထားလာပါက နိုဝင်ဘာ ၁ ရက်မှစ၍ လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးမှ ထုတ်ပြန်ထားသည်။

ပြည်ပနိုင်ငံများသို့ အလုပ်သွားရောက် လုပ်ကိုင်ကြမည့် မြန်မာနိုင်ငံသားများသည် Passport for Job(PJ) အမျိုးအစား လျှောက်ထားရမည့်အစား Passport for Visit(PV) အမျိုးအစား နိုင်ငံကူးလက်မှတ်လျှောက်ထားပြီး ထွက်ခွာကြသဖြင့် လေဆိပ်တွင် အဆင်မပြေမှုများဖြစ်ပေါ် လျက်ရှိပြီး အလုပ်သမားဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် အလုပ်အကိုင်ဆိုင်ရာ အထောက်အထားဖြင့် ၎င်းတို့၏ သက်တမ်းရှိ PV အမျိုးအစားအား PJ အမျိုးအစား နိုင်ငံကူးလက်မှတ် လျှောက်ထားလာပါက နိုဝင်ဘာ ၁ ရက်မှစ၍ လက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း အသိပေး ပန်ကြားခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ပြည်နိုင်ငံများတွင် အလုပ်အကိုင်လုပ်ကိုင်ခွင့် Passport for Job(PJ) နိုင်ငံကူး လက်မှတ်ဖြင့် အလုပ်သမားသက်သေခံကတ်ရှိမှသာ ပြည်ပထွက်ခွာ အလုပ်လုပ်ခွင့်ပြုမည်ဖြစ်ကြောင်းလည်း အလုပ်သမားဝန်ကြီးဌာနက အသိပေး ထုတ်ပြန်ထားကြောင်း သိရသည်။

# " ကားဝါလေးနဲ့ဆိုတော့ စဖွင့်တဲ့အချိန်တုန်းကဆို ကော်ဖီဆိုင်မှန်း လူသိပ်မသိခဲ့ဘူး "

## ကားဝါလေး Jak Coffee ကော်ဖီဆိုင်တည်ထောင်သူ ဒေါ်သုနန္ဒာဝင်းလှိုင်နှင့် တွေ့ဆုံမေးမြန်းခြင်း

ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ပြင်ဦးလွင်နှင့် အခြားဒေသများတွင် တစ်နိုင်တစ်ပိုင်စီးပွားရေး ပုံစံမျိုးဖြင့် စတင်ခဲ့သည့် ကားဝါလေး Jak Coffee သည် နာမည်ရလာခဲ့သည်။ ကိုဗစ်(၁၉) ပထမလှိုင်းနှင့် ဒုတိယလှိုင်းကြားတွင် စတင်တည်ထောင်၍ လုပ်ကိုင်ခဲ့သည့် ကားဝါလေး Jak Coffee သည် ယာဂီမုန်တိုင်းနှင့်အတူ ရေကြီးမှုဒဏ်နှင့် ကြုံတွေ့ခဲ့ရသေးသည်။ သို့ဖြစ်ရာ ကားဝါလေး Jak Coffee စတင်တည်ထောင်ခဲ့ပုံဖြစ်နှင့် ရေကြီးမှုအပြီး ပြန်လည်ထူထောင်ကာလုပ်ကိုင်လျက်ရှိသည့် ကားဝါလေး Jak Coffee တည်ထောင်သူ ဒေါ်သုနန္ဒာဝင်းလှိုင်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်။

**ကားဝါလေး Jak Coffee ကော်ဖီဆိုင်ကို ဘယ်အချိန်က စတင်ဖွင့်လှစ်ဖြစ်ခဲ့တာပါလဲ။**

ဒီဆိုင်လေးကို ၂၀၁၉ ကိုဗစ် ပထမလှိုင်းနဲ့ဒုတိယလှိုင်း ကြားထဲမှာ Jak Coffee ကော်ဖီလေးစဖွင့်ဖြစ်တာပါ။ ကျွန်မတို့က အရင် Jeep Around Kalaw ကလောဆိုပြီး ခရီးသွားကုမ္ပဏီ ဖွင့်ထားတာပါ။ အဲဒီအချိန် ကိုဗစ်(၁၉) ပထမလှိုင်းမှာ ခရီးသွားကုမ္ပဏီတွေ အကုန်လုံး ပိတ်လိုက်ရတယ်။ ကျွန်မတို့က လုပ်ငန်းလုပ်တဲ့သူဆိုတော့ လုပ်ငန်းလုပ်ဖို့ပဲစဉ်းစားတယ်။ ဆိုတော့ ကိုယ့်မှာရှိတဲ့ ကားလေးတွေနဲ့ ဘာလုပ်ရမလဲ ဆိုတာစဉ်းစားတယ်။ စဉ်းစားပြီးတော့ တစ်ဦးတစ်ယောက်ရဲ့ အကူအညီကိုယူ ငွေချေးပြီး စပြီးတော့ Jak Coffee ကော်ဖီဆိုပြီးတော့ စတင်ဖွင့်လှစ်ခဲ့တယ်။ ကားဝါလေးနဲ့ဆိုတော့ စဖွင့်တဲ့အချိန်တုန်းကဆို ကော်ဖီဆိုင်မှန်း လူသိပ်မသိခဲ့ဘူး။ စဖွင့်တဲ့နေ့တွေမှာ ဆိုင်ဈေးဦးတောင်မပေါက်ဘူး။ လာပြီးမေးတဲ့သူတွေတော့ရှိတယ်။ မေးတာက ကွမ်းယာဆိုင်လားဆိုပြီး စပြီး အမေးခံရတယ်။ အဲအချိန်မှာ စိတ်ဓာတ်က အောက်ဆုံးထိကျသွားတယ်။ ဒါပေမဲ့ စဉ်းစားတာက ဈေးကွက်ကို ဘယ်လိုပုံစံမျိုးနဲ့ ထိုးဖောက်မလဲပေါ့နော်။ အဲဒီကာလမှာ ဈေးကွက်ထိုးဖောက်ဖို့ကလည်း မလွယ်ဘူးလေ။ ဒါပေမဲ့ အရှုံးတော့မပေးချင်သေးဘူး။ အဲဒါနဲ့ ကလော နာရီစင်နားမှာ ရောင်းခဲ့တယ်။ အဲလိုနဲ့ ဈေးကွက်ကို တဖြည်းဖြည်း ထိုးဖောက်လာခဲ့တာပါ။ နောက် လူစည်ကားရာနေရာတွေ၊ ခရီးသွားတွေအဆင်ပြေတဲ့ နေရာမျိုးတွေမှာ လွယ်လွယ်ကူကူ ဝယ်သောက်နိုင်အောင်လို့ အခုလို Mobile Shop လေး စတင်ဖွင့်လှစ်ရောင်းချခဲ့တာပါ။

ကားဝါလေးJak Coffee ကော်ဖီ ကို ဖွင့်ဖြစ်တယ်ဆိုတဲ့နေရာမှာလည်း ပထမတော့စိတ်ကူးမရှိဘူး။ ခရီးသွားကုမ္ပဏီလေး ဖွင့်ထားတော့ ဒီကားတွေနဲ့ တောင်တက်ခရီးတွေသွားတယ်။ ကားက အဝါရောင်၊ ကားကလည်း ရှေးဟောင်းကားပုံစံမျိုးဆိုတော့ လူစိတ်ဝင်စားမှုပိုခံရမယ်လို့ ထင်တာနဲ့ လက်ရှိမှာ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင် စတဲ့နေရာတွေမှာ ဖွင့်လှစ်ခဲ့တာပါ။ ခရီးသွားတွေအနေနဲ့လည်း Jak Coffee ကော်ဖီဆိုင်လေးနဲ့ အလှဓာတ်ပုံလေးတွေ ရိုက်တာတွေရှိပါတယ်။ ဓာတ်ပုံရိုက်ရင်လည်း ကျွန်မတို့ဘက်က Free ရိုက်ခွင့် ပေးထားပါတယ်။

**ကော်ဖီအရည်အသွေးနဲ့ပတ်သက်ပြီး ဖန်တီးဖြစ်ပုံလေး ပြောကြားပေးပါဦး။**

Jak Coffee ကော်ဖီအရသာ ဖြစ်အောင် ဖန်တီးတာက စစချင်းတော့ ခက်ခဲပါတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်မတို့က ကော်ဖီအသိုင်းအဝန်းက ကလာတဲ့သူမဟုတ်ပါဘူး။ ကိုယ့်ရဲ့ လျှာဖျားကအရသာ၊ လူအများက ကြိုက်နှစ်သက်မယ့်အရသာကို အရင် စမ်း







သပ်ရပါတယ်။ စမ်းသပ်ပြီးတော့မှ နားလည်တတ်ကျွမ်းတဲ့ ဆရာတွေနဲ့တိုင်ပင်တယ်။ တိုင်ပင်ပြီး ကိုယ်လိုချင်တဲ့ အရသာရပြီဆိုတော့မှ ဆိုင်အားလုံးမှာ ကိုယ်လိုချင်တဲ့ ပစ္စည်း၊ ကိုယ်သုံးတဲ့ ပမာဏဆိုပြီးတော့ ရောင်းပါတယ်။အဓိကတော့ ကားအဝါလေးနဲ့ ကော်ဖီဆိုင်ဆိုပြီး Jak Coffee ကော်ဖီ ကိုအဓိကရောင်းပါတယ်။ နောက်တော့မှ အမေရိကာနို၊ လက်တေးလ်အပြင် အခြား ကော်ဖီတွေ ဖျော်ရည်မျိုးစုံလည်း ရောင်းပါတယ်။

**Jak Coffee ကော်ဖီနဲ့ပတ်သက်ပြီး ဝယ်သူတွေဘက်က ဘယ်လိုမျိုး အကြံပြုတာမျိုးတွေ ရှိပါသလဲ။**

ဝယ်သူတွေဘက်ကတော့ ဘယ်လိုလေးတော့ လိုအပ်နေသေးတယ်ဆိုရင်တော့ ကျွန်မတို့အနေနဲ့ ပြင်ပေးပါတယ်။ ဒါပေမယ့် အဲဒီလို ပြောလာတဲ့ သူတွေကရှားတယ်။ ဝန်ထမ်းမတူတဲ့အခါမှာ လက်ရာ ကွဲသွားတာတော့ရှိတယ်။ အဲလိုအနေအထားကြရင်လည်း အကောင်းဆုံးပြင်ဆင်ပေးပါတယ်။ သုံးစွဲသူတွေကတော့ အဓိက ကားဝါလေးကိုမြင်ရင် Jak Coffee ကော်ဖီကိုပဲ အားပေးကြပါတယ်။

**ရေဘေးကြောင့် ကားဝါလေး Jak Coffee ဆိုင်အနေနဲ့ ပျက်စီးဆုံးရှုံးမှု ဘယ်လောက်ထိ ကြုံတွေ့ခဲ့ရပါသလဲ။**

ကလောမှာ ရေကြီးတော့ ကျွန်မတို့ Jak Coffee ကော်ဖီအနေနဲ့ အခက်အခဲတော်တော်လေး ကြုံခဲ့ရတယ်။ အိမ်က ခေါင်မိုးအထိ မြုပ်သွားတယ်။ ကော်ဖီဆိုင်တွေအားလုံးနဲ့ ကျွန်မတို့က ပါတနာတွေရှိတယ်။ ပါတနာတွေအတွက် ပစ္စည်းတွေ ပြန်ပြီးဖြန့်ဝေပေးဖို့အတွက်ကို ကျွန်မတို့က ကုန်ကြမ်းတွေကို ကုန်ချောပြန်လုပ်ရတယ်။ အဲလိုနဲ့ ရေမြုပ်တဲ့အထဲပါသွားတော့ ပစ္စည်းတွေပျက်စီးဆုံးရှုံးတာတွေ တော်တော်များတယ်။ နောက်ကော်ဖီလှော်တဲ့ စက်တွေ၊ ကော်ဖီကြိတ်စက်တွေ အကုန်ရေထဲပါသွားတယ်။ ပြန်ပြီးဖွင့်လှစ်နိုင်အောင်လည်း ကြိုးစားနေပါတယ်။

**နောက်ပြီး ကိုယ်တိုင်ရေဘေးဒဏ်သင့်တဲ့အထဲမှာ ပါသလို ရေဘေးပါဝင်လှူဒါန်းမှုတွေမှာလည်း ပါဝင်ခဲ့တယ်လို့ သိရပါတယ်။**

လှူတဲ့အထဲမှာပါဝင်လှူဒါန်းတာက ကိုယ်တွေလည်း ရေကြီးတဲ့အထဲမှာပါတယ်။ ဒါပေမဲ့ ကလောမှာက ကိုယ့်ထက်အခြေအနေဆိုးတဲ့သူတွေ အများကြီးရှိတယ်လေ။ နောက်လှူဒါန်းမှုတွေ မရောက်နိုင်သေးတဲ့ ကလောမြို့နဲ့ ဝေးတဲ့ရွာတွေက တစ်ရွာလုံး မြုပ်သွားတဲ့ နေရာတွေလည်းရှိတော့ ကိုယ့်အနေနဲ့ တတ်နိုင်တာလေးတွေကို နိုင်သလောက်လုပ်ပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်လေးနဲ့ လုပ်ပေးဖြစ်တာပါ။

တိဗ္ဗ

**လက်ရှိမှာရော franchise ပုံစံမျိုး ပေးထားတာလေး ရှိပါသလား။**

ပါတနာအနေနဲ့တော့ ပေးထားတာရှိတယ်။ လက်ရှိလည်း franchise ပေးထားတာ မန္တလေးနဲ့ နေပြည်တော်ရှိပါတယ်။ ဖွင့်လှစ်တဲ့အပေါ်မှာ ၅ ရာခိုင်နှုန်းပေးရမယ်လို့ သတ်မှတ်ထားတာရှိတယ်။ ဒါပေမယ့် အခု နောက်ပိုင်းမှာ ပြန်ပြင်ဆင်ဖို့ရှိတယ်။ ရန်ကုန်မှာလည်း franchise ဖွင့်ထားပါတယ်။ မန္တလေးမှာလည်း ဒီအတိုင်းပဲ စဖွင့်ဖွင့်ချင်းမှာ ၅၀ ရာခိုင်နှုန်း ဖွင့်တယ်။ နောက်ပိုင်းမှာတော့ ၁၀၀ရာခိုင်နှုန်း အပြည့်ဖွင့်မယ်ဆိုတော့ ဖွင့်ခွင့်ပေးလိုက်ပါတယ်။

**ဒါဆိုရင် Jak Coffee အနေနဲ့က မူပိုင်ခွင့်ရှိပြီးသားပေါ့။**

Jak Coffee ကော်ဖီက ကားဝါလေးနဲ့ ကော်ဖီဆိုပြီးတော့ မူပိုင်ခွင့်ရှိပြီးသားပါ။ FDAလည်း ရရှိထားပြီးသားဖြစ်ပါတယ်။ တရားဝင်ဖွင့်ခွင့်ရရှိထားတာ ဖြစ်တဲ့အတွက် ကားဝါလေး Jak Coffee ကော်ဖီဆိုင်ကို ဆင်တူရိုးမှား ပြုလုပ်ခွင့်မရှိပါဘူး။ ဆင်တူယိုးမှား ပြုလုပ်ထားတာတွေ့တာနဲ့ ကျွန်မတို့အနေနဲ့ တရားစွဲဆိုသွားမှာပါ။ ဥပမာ ပါတနာလိုချင်ရင် ကားက ကျပ်သိန်း ၂၇၀ နဲ့စတင်တယ်ဆိုပေမယ့် ကျွန်မတို့နဲ့လာပြီး ၅၀ ရာခိုင်နှုန်းပဲပါမယ်။ ပြီးရင် ကျွန်မတို့ဘက်က ၅၀ ရာခိုင်နှုန်း စိုက်ပြီးတော့ ပထမဦးဆုံး Down Payment ကို ၄၀ ရာခိုင်နှုန်းပေးရင် Jack Coffee ကော်ဖီနဲ့အတူ လုပ်ကိုင်ခွင့်ရှိပါတယ်။ လုပ်ကိုင်ရင်းနဲ့ ပေးသွားရမှာပါ။ franchise ယူတဲ့သူတွေကတော့ ကျပ်သိန်း ၈၀ အရင်သွင်းရပါတယ်။ ကျန်တာတော့ အစ်မတို့သွားတဲ့ မူအတိုင်း သွားရမှာဖြစ်ပါတယ်။ဆိုင်ဖွင့်ချင်တဲ့ သူတွေကိုလည်း ဖိတ်ခေါ်ပါတယ်။

**ဖြည့်စွက်ပြောကြားချင်တာရှိပါသလား။**

ကားဝါလေးနဲ့ ကော်ဖီဆိုင်ဖွင့်ချင်တဲ့ သူတွေဆိုရင် Facebook မှာတင်ထားတဲ့ဖုန်းနံပါတ်ကို ဆက်ပြီးတော့ အစ်မတို့ ကော်ဖီဆိုင်လေးကို ပါတနာအနေနဲ့ ဖိတ်ခေါ်ပါတယ်။ နောက် franchise အနေနဲ့လည်းပေးပါတယ်။ franchise လုပ်ရင်လည်း ငွေကိုတစ်ခါတည်း ပေးစရာမလိုပါဘူး။ တခြားနေရာ franchise ဖွင့်ချင်ရင်လည်း ဖွင့်လို့ရပါတယ်။ နောင် စိတ်ကူးကောင်းကောင်းနဲ့ခြံတွေ၊ ဝင်းတွေထဲမှာလည်း အေးအေးဆေးဆေး ကော်ဖီ Bar ပုံစံကို Jak Coffee ကော်ဖီအနေနဲ့ လုပ်ပေးဖို့လည်း စိတ်ကူးထားပါတယ်။ Jak Coffee ကော်ဖီကို အခုလိုအားပေးနေတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အိုင်ဒီယာအသစ်တွေနဲ့ ဈေးကွက်ထဲကို ထပ်မံချပြပေးသွားဖို့လည်း ရှိပါတယ်။

> **လူအများက ကြိုက်နှစ်သက်မယ့်အရသာကို အရင် စမ်းသပ်ရပါတယ်။ စမ်းသပ်ပြီးတော့မှ နားလည်တတ်ကျွမ်းတဲ့ ဆရာတွေနဲ့ တိုင်ပင်တယ်။ တိုင်ပင်ပြီး ကိုယ်လိုချင်တဲ့ အရသာရပြီဆိုတော့မှ ဆိုင်အားလုံးမှာ ကိုယ်လိုချင်တဲ့ ပစ္စည်း၊ ကိုယ်သုံးတဲ့ ပမာဏဆိုပြီးတော့ ရောင်းပါတယ်။**

# မကွေးတိုင်းဒေသကြီး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး MSME ၏ အခန်းကဏ္ဍ

နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME)များသည် အဓိကမောင်းနှင်အားများပင်ဖြစ်သည်။ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် အားပေးမြှင့်တင် ဆောင်ရွက်ခြင်းနှင့်အညီ စီးပွားရေးတိုးတက်မြင့်မားလာကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုဆီသို့ ကူးပြောင်းနိုင်မည်ဖြစ်သည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် ရေရှည်အကျိုးဖြစ်ထွန်းစေပြီး စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုကို ဟန်ချက်ညီညီဖြစ်စေရန်အတွက် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိက ဆောင်ရွက်ကြရမည်ဖြစ်သည်။

MSME လုပ်ငန်းများတွင် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ရောင်းဝယ်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍဟူ၍ရှိရာ ဒေသတွင်းစိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသည့် ကုန်ကြမ်းများကို အဓိကထား ထုတ်လုပ်ရန်အတွက် အဓိကလိုအပ်ချက်မှာ အခြေခံအဆောက်အဉီ၊ ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လူ့စွမ်းအားအရင်းအမြစ်များပင်ဖြစ်သည်။

MSME လုပ်ငန်းများ၏ အားသာချက်မှာ ပြောင်းလဲနေသော ဈေးကွက်လိုအပ်ချက်အပေါ် မူတည်၍ မြန်ဆန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ခြင်း၊ တီထွင်ကြံဆမှုရှိခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ နေရာအနှံ့အပြားတွင် တည်ရှိခြင်း၊ ဈေးကွက်လိုအပ်ချက်ကို လုပ်ငန်းကြီးများထက် လျင်မြန်စွာ ထုတ်လုပ်ဆောင်ရွက်နိုင်ခြင်းတို့ပင်ဖြစ်သည်။ နိုင်ငံတော်အစိုးရမှလည်း MSME လုပ်ငန်းသစ်များ စတင်ထူထောင်ရန်နှင့် တိုးချဲ့ဆောင်ရွက်ရန် ငွေကြေးအရင်းအနှီးများ ထုတ်ချေးပေးခြင်း၊ နည်းပညာ အကူအညီများ ပံ့ပိုးဆောင်ရွက်ခြင်းဖြင့် အဘက်ဘက်မှ အားပေး ကူညီဆောင်ရွက်လျက်ရှိသည်။

မကွေးတိုင်းဒေသကြီးအနေဖြင့် နိုင်ငံတော်က ချမှတ်ပေးထားသည့် မူဝါဒတစ်ရပ်ဖြစ်သော MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လယ်ယာကဏ္ဍ သီးနှံဖွံ့ဖြိုးတိုးတက်ရေး (One Region One Product) စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ တိုင်း ဒေသကြီးရှိ MSME လုပ်ငန်းအများစုမှာ ကုန်ပစ္စည်း အရည်အသွေး၊ စံချိန်စံညွှန်း ပြည့်မီစေရေး အဓိကထား လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး ခေတ်မီနည်းပညာများ၊ နည်းစနစ်များကို အသုံးပြုလာ၍ ဈေးကွက်ခိုင်မာစေရေး၊ ဈေးကွက်တွင် နာမည်ကောင်းဖြင့် ရေရှည် ရပ်တည်နိုင်စေရေး၊ ဈေးကွက်လိုအပ်ချက်၊ စားသုံးသူ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးလည်း ကြိုးစားဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ဒေသထွက်ကုန် ကုန်ကြမ်းများအပေါ် မူတည်၍ အသက်မွေးဝမ်းကျောင်း သင်တန်းများ ပို့ချပေးခြင်းနှင့် အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးစေရေး စီမံကိန်းများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မကွေးတိုင်းဒေသကြီး MSME Agency ကိုလည်း ဖွဲ့စည်း၍ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ MSME HelpDesk များ ဖွင့်လှစ်၍ MSME လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး သက်ဆိုင်ရာဌာနများနှင့်လုပ်ငန်းရှင်များ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်း၊ လုပ်ငန်းရှင်များ၏ အခက်အခဲများကို ကူညီဆောင်ရွက်ပေးခြင်းနှင့် ပို့ကုန်လုပ်ငန်းရှင်များကို ပြည်ပနိုင်ငံများနှင့် ချိတ်ဆက်နိုင်စေရန် အခွင့်အလမ်းများ ဖန်တီးပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

MSME Agency ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီးအတွင်းရှိ မကွေးဒေသထွက် ပဲယိုနှမ်းယို၊ Bakery၊ ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ နှမ်းလှော်မှုန့်၊ ခေါက်ဆွဲ၊ အာလူးကြော်လုပ်ငန်း၊ ဒိန်ချဉ်လုပ်ငန်း၊ ခေါင်းလျှော်ရည်နှင့် ဆပ်ပြာလုပ်ငန်း၊ လက်မှုအနုပညာလုပ်ငန်းများ၊ တောင်တွင်းကြီးဒေသထွက် ဝါစေ့ဆီနှင့် ဝါထွက်ပစ္စည်း၊ ပဲကြော်၊ ပဲလှော်လုပ်ငန်း၊ နတ်မောက်ဒေသထွက် ပဲယိုနှမ်းယို၊ စပျစ်ဝိုင်၊ စပျစ်ခြောက်လုပ်ငန်း၊ ရေနံချောင်းဒေသထွက် ပါပလာလုပ်ငန်း၊ ငရုတ်သီးမှုန့်လုပ်ငန်း၊ ချောက်(စလေ) ဒေသထွက် ဆီးနှင့် မန်ကျည်း ဖျော်ရည်လုပ်ငန်း၊ ပုန်းရည်ကြီး၊ မင်းဘူးဒေသထွက် စွမ်းအားမြှင့်မီးဖို၊ လက်မှုပညာများ၊ သနပ်ခါး အခြေခံထုတ်လုပ်သည့် အလှကုန်များ၊ စလင်းဒေသထွက် ကြာချည်လုပ်ငန်း၊ မင်းလှဒေသထွက် သဘာဝဆိုးဆေး၊ လက်ရက်လုပ်ငန်း၊ ကော်ဖီ၊ ဝိုင်၊ လက်ဖက်ခြောက်၊ သရက် ဒေသထွက် နို့မလိုင်လုပ်ငန်း၊ ပခုက္ကူဒေသထွက် ဝါကို အခြေခံထုတ်လုပ်သည့် ချည်ထည်၊ စောင်၊ ပဝါလုပ်ငန်းများ၊ သနပ်ခါး အလှကုန်လုပ်ငန်းများကို အားပေးမြှင့်တင်ရန်အတွက် ဒေသတွင်း MSME ပြပွဲ/ပြခန်း၊ ဈေးရောင်းပွဲတော်များကို နှစ်စဉ် ကျင်းပလျက်ရှိပြီး ဒေသတွင်း MSME လုပ်ငန်းရှင်များမှ ဒေသထုတ်ကုန်ပစ္စည်းများ လာရောက်ပြသခြင်း၊ ရောင်းချခြင်း၊ ကြော်ငြာခြင်း၊ ဈေးကွက်ဖော်ဆောင်ခြင်း၊ ဈေးကွက်သတင်းများ ဖြန့်ဝေခြင်း၊ လုပ်ငန်းရှင်များအချင်းချင်း ချိတ်ဆက်မှုရယူ၍ ကုန်သွယ်မှု၊ ကုန်ထုတ်လုပ်မှုကဏ္ဍမြှင့်တင်ခြင်း၊ ဈေးကွက်သတင်းအချက်အလက် ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။ မိမိဒေသတွင်းမှ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများကို အာဆီယံနိုင်ငံများရှိ ကုန်စည်ပြပွဲများသို့ သွားရောက်ပြသနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းချိတ်ဆက်ကူညီခြင်းများလည်း ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပွင့်ဖြူမြို့နယ်နှင့် စလင်းမြို့နယ်တို့မှ ထွက်ရှိသည့် ဇရာပဒေသာ ဆန်အား GI လက်မှတ်ရရှိရေးနှင့် ဒေသတစ်ခု ထုတ်ကုန် တစ်ခု (One Region One Product) အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး စည်းရုံးဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် MSME လုပ်ငန်းများအနက် ကုန်ထုတ်လုပ်မှုကဏ္ဍတွင်ပါဝင်ပြီး ဦးစားပေးအုပ်စု(က)အဖြစ် ရွေးချယ်ထားသော လုပ်ငန်းများဖြစ်သည့် အစားအစာလုပ်ငန်း၊ အဖျော်ယမကာ ထုတ်လုပ်မှုလုပ်ငန်း၊ ဝတ်ဆင်ရန်အထည်များ ထုတ်လုပ်မှုလုပ်ငန်း၊ အထည်အလိပ်လုပ်ငန်း၊ သားရေနှင့်ပတ်သက်သော ကုန်ပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်း၊ သစ်နှင့်သစ်အချောထည်လုပ်ငန်း၊ ဆေးဝါးနှင့် ရုက္ခဗေဒဆိုင်ရာ ထုတ်ကုန်များထုတ်လုပ်မှုလုပ်ငန်း၊ ရော်ဘာနှင့် ပလတ်စတစ်ပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်း၊ အခြားသတ္တု တွင်းထွက်ပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်း၊ ပရိဘောဂ ထုတ်လုပ်မှုလုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေး၊ တွင်းထွက်နှင့် သစ်တောထွက်ပစ္စည်း လုပ်ငန်းများကို ဒေသတွင်းထုတ်လုပ်မှု တိုးတက်အောင် အားပေးကူညီဆောင်ရွက်ခြင်း၊ ဈေးကွက်ချိတ်ဆက်မှုနှင့် နည်းပညာများရရှိရေးတို့ကို ဆောင်ရွက်ပေးခြင်း၊ မကွေးတိုင်းဒေသကြီး ဝါလုပ်ငန်းရှင်များအသင်းမှ ဝါကုန်သည်၊ ဝါကြိတ်စက်ပိုင်ရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်ခြင်းနှင့် ကုန်ပစ္စည်းများ ရောင်းချရာတွင် ထုပ်ပိုးမှုစနစ်ကောင်းမွန်ရန် လိုအပ်သည့် ပံ့ပိုးမှုများ ရရှိစေရေး၊ OROP အစီအစဉ်များနှင့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များဆိုင်ရာ Work Plan များကို ရေးဆွဲထားရှိသည့် အစီအစဉ်များအတိုင်း ဆက်လက် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ပြီး ၎င်းတို့အနက်မှ ပြည်ပ ပို့ကုန်အလားအလာရှိသော ကုန်ပစ္စည်းထုတ်ကုန်အမယ်များကို ရွေးချယ်သတ်မှတ်ကာ ပြည်ပပို့ကုန် တိုးမြှင့်လာစေရေးတို့အတွက် သက်ဆိုင်ရာဌာနများမှ ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။

MSME လုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်တွင်းစီးပွားရေးကို မြှင့်တင်ခြင်း၊ သွင်းကုန်အစားထိုးနိုင်စေရေး ပို့ကုန်များတိုးမြှင့်တင်ပို့ခြင်း၊ MSME လုပ်ငန်းများနှင့် အကြီးစား စက်မှုလုပ်ငန်းများ ချိတ်ဆက်နိုင်ရေး ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ခြင်းများ ဆောင်ရွက်ရမည်ဖြစ်ပြီး အာဆီယံနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်စေရန် ဒီဂျစ်တယ်စီးပွားရေးအသွင် ဖော်ဆောင်နိုင်ရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရမည်ဖြစ်သည်။

MSME လုပ်ငန်းရှင်များအနေဖြင့် ကုန်ပစ္စည်း ထုတ်လုပ်ရာတွင်လည်း ပြည်တွင်းဈေးကွက် အခြေအနေကို နေ့စဉ်မပြတ်လေ့လာသုံးသပ်ရမည်ဖြစ်သည်။ မိမိကုန်ပစ္စည်းများကို ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ဈေးကွက်အလားအလာရှိသော၊ ဈေးကွက်ဝယ်လိုအားရှိသော ကုန်ပစ္စည်းအမျိုးအစားများကို ရွေးချယ်ထုတ်လုပ်ခြင်းဖြင့်လုပ်ငန်းများ ပိုမိုတိုးတက် အောင်မြင်မည်ဖြစ်သည်။ ပြည်သူတို့၏ လူမှုစီးပွားဘဝပြောင်းလဲလာသည်နှင့်အမျှ ပြည်တွင်းဈေးကွက် အသီးသီး၏ တောင်းဆိုမှုသည် အရေအတွက်မှသည် အရည်အသွေးဆီသို့ ပြောင်းလဲနေပြီဖြစ်သည်။ ထို့ကြောင့် မိမိထုတ်ကုန်ပစ္စည်းများကို ဈေးကွက်တွင် ရေရှည်တည်တံ့နိုင်စေရေး အရည်အသွေးပိုင်းကို အထူးအလေးထားဆောင်ရွက်ရမည်ဖြစ်သည်။

MSME လုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်တွင်းစီးပွားရေးကို မြှင့်တင်ခြင်း၊ သွင်းကုန် အစားထိုးနိုင်စေရေး ပို့ကုန်များတိုးမြှင့်တင်ပို့ခြင်း၊ MSME လုပ်ငန်းများနှင့် အကြီးစား စက်မှုလုပ်ငန်းများ ချိတ်ဆက်နိုင်ရေး ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ခြင်းများ ဆောင်ရွက်ရမည်ဖြစ်ပြီး အာဆီယံနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်စေရန် ဒီဂျစ်တယ်စီးပွားရေးအသွင် ဖော်ဆောင်နိုင်ရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရမည်ဖြစ်သည်။

ထိုသို့ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးခြင်းဖြင့် လုပ်ငန်းရှင်များမှ အရည်အသွေးပြည့်မီ၍ ဆန်းသစ်သော ထုတ်ကုန်များ ထုတ်လုပ်လာနိုင်မည်ဖြစ်ပြီး ဒေသတွင်း MSME လုပ်ငန်းများ ထွန်းပေါက်အောင်မြင်လာမည်ဖြစ်ရာ ကုန်ထုတ်လုပ်မှုတိုးတက်ဖွံ့ဖြိုးမှုမှသည် ပို့ကုန်ကဏ္ဍကို ဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်စေမည်မှာ မလွဲဧကန်ပင်ဖြစ်သည်။

MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးကို တက်ညီလက်ညီဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ MSME လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့၏ ထုတ်ကုန်များကို တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်၍ တစ်နိုင်တစ်ပိုင် ထုတ်လုပ်နေသည့် အဆင့်မှသည် စီးပွားဖြစ်အမြောက်အမြားထုတ်လုပ်ကာ အရည်အသွေး ပြည့်မီပြီး ပြည်ပဈေးကွက်ဝင်သည့် ပို့ကုန်များ ဖြစ်စေရေး ကြိုးစား ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း အကြံပြု တိုက်တွန်းရေးသားလိုက်ရပါသည်။

**တင့်တင့်ထွန်း (မကွေး)**

## ကြံစိုက်ရာသီချိန်တွင် ပွက်သားဈေးနှင့် သကြားဈေးများ မြင့်တက်လျက်ရှိ

ကြံထွက်ရှိရာဒေသများဖြစ်ကြသည့် ကသာ၊ ထီးချိုင့်၊ တွင်းငယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မတ္တရာမြို့နယ်နှင့် ပြင်ဦးလွင်ခရိုင်စသည့် ကြံစိုက် သည့်ဒေသတို့တွင် ကြံများကို ဩဂုတ်လမှ အောက်တိုဘာလတို့အထိ စိုက်ပျိုးကြသည်။

ကြံစိုက်ရာသီဖြစ်သည့်အတွက်ကြောင့် ယခုနှစ်တွင်မူ အောက်တိုဘာလမှစ၍ ပွက်သားနှင့် သကြားဈေးများ မြင့်တက်လျက်ရှိသည်။ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ တတိယပတ်တွင် ပွက်သား တစ်ပိဿာလျှင် ကျပ် ၃၁၀၀ မှ ၃၇၅၀၊ သကြားတစ်ပိဿာလျှင် ကျပ် ၃၆၅၀-၃၆၈၀ ထိရှိခဲ့သော်လည်း ယခုနှစ် အောက်တိုဘာလ စတုတ္ထပတ်တွင် ပွက်သားတစ်ပိဿာလျှင် ကျပ် ၃၆၅၀-၃၉၅၀၊ သကြားတစ်ပိဿာလျှင် ကျပ် ၄၇၀၀-၅၁၀၀ အထိ ဈေးများမြင့်တက်လျက်ရှိပြီး ပုံမှန် အရောင်းအဝယ်ရှိကြောင်း သိရသည်။ သကြားများကို ပြည်ပသို့ တင်ပို့မှုနည်းသော်လည်း ပြည်တွင်း၌ နို့ချက်လုပ်ငန်း၊ ဂျုံဖြင့်ပြုလုပ်သော မုန့်မျိုးစုံလုပ်ငန်း၊ ယိုစုံလုပ်ငန်း၊ အချိုရည် လုပ်ငန်းများတွင် ပုံမှန်အသုံးပြုလျက်ရှိကြောင်း သိရသည်။

သကြားအရောင်းအဝယ်ဖြစ်မှုအနေဖြင့် မန္တလေးမြို့တွင်းရှိ စားသောက်ကုန်လုပ်ငန်းများ၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်ရှိမြို့များ၊ စစ်ကိုင်း၊ မုံရွာတို့ရှိ နို့ချက်လုပ်ငန်းများ သို့ လက်လီလက်ကားရောင်းချခြင်းနှင့် နယ်မြို့များသို့ တင်ပို့ခြင်းဖြင့် တစ်ရက်လျှင် သကြားအိတ်ရေ ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သကြားနှင့် သကာရည်ကုန်စည်ဒိုင်အသင်းမှ သိရသည်။

**ခင်မေဝင်း**

# စာပေနှင့် အနုပညာ မူပိုင်ခွင့် မှတ်ပုံတင်စနစ် (CRFile System) ဖြင့် မှတ်ပုံတင်လျှောက်ထားရာတွင် ဆောင်ရွက်ရန် လုပ်ငန်းစဉ်များ

(ယခင်လမှအဆက်)

(စစ) **ပူးတွဲတင်ပြရမည့် အထောက်အထားများ**
**(Evidences to be accompanied)**

- မှတ်ပုံတင်ပေးရန် လျှောက်ထားသော စာပေ သို့မဟုတ် အနုပညာလက်ရာနှင့် စပ်လျဉ်း၍ အမှတ်စဉ်(၃)(ကက) အရ လျှောက်ထားသူအမျိုးအစားပေါ် မူတည်၍ စာရွက်စာတမ်းများကို အောက်ပါအတိုင်း jpg, .jpeg, .png (or) .pdf format ဖြင့် ပူးတွဲ တင်ပြရမည် ဖြစ်ပါသည်-

**မူလလက်ရာရှင်ဖြစ်ပါက**
မူလလက်ရာရှင်၏ ဝန်ခံချက်* ၊

**အမွေဆက်ခံသူဖြစ်ပါက**
မူပိုင်ခွင့်ပိုင်ရှင် ကွယ်လွန်ကြောင်း အထောက် အထား*၊
အမွေဆက်ခံခွင့် အထောက်အထား*၊

**တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စီးပွားရေးဆိုင်ရာ အခွင့်အရေးကို လွှဲပြောင်းပေးခြင်းခံရသူ ဖြစ်ပါက**
လွှဲပြောင်းကြောင်းအထောက်အထား*၊

**ပေးကမ်းခြင်း သို့မဟုတ် လှူဒါန်းခြင်းခံရသူ ဖြစ်ပါက**
ပေးကမ်းကြောင်း သို့မဟုတ် လှူဒါန်းကြောင်းအထောက်အထား*၊

**ပထမမူပိုင်ခွင့်ပိုင်ရှင်အဖွဲ့အစည်း ဖြစ်ပါက**
ပထမမူပိုင်ခွင့်ပိုင်ရှင်အဖွဲ့အစည်း၏ ဝန်ခံချက်* တို့ကို ပူးတွဲ တင်ပြရမည် ဖြစ်သည်။

မည်သည့် လျှောက်ထားသူအမျိုးအစားကိုမဆို ရွေးချယ်ပါက အောက်ပါအချက်အလက်များကို မဖြစ်မနေ ပူးတွဲ တင်ပြရမည် ဖြစ်ပါသည်-

- လက်ရာဖော်ပြချက် အကျဉ်းချုပ် *အများဆုံး A4 ၊ စာမျက်နှာ ၅ မျက်နှာအထိ ထည့်သွင်းနိုင်ပြီး (.jpg, .jpeg, .png (or) .pdf) format ဖြင့် ပူးတွဲ တင်ရမည် ဖြစ်သည်။
- အကျဉ်းချုပ်ဖော်ပြချက်အတွက် ပူးတွဲပါဝင်သော စာရွက်အရေအတွက်* (အများဆုံး ၅ ရွက်သာ ဖြစ်ရမည်ဖြစ်ပါသည်။)
- အီလက်ထရောနစ်နည်းဖြင့် ထည့်သွင်းထားသော မိတ္တူ* ကို (.jpg, .jpeg, .png, .pd. mp3 (or) .mp4) format ဖြင့် ပူးတွဲတင်ရမည် ဖြစ်ပါသည်။
- တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်း အမည်ဖြင့် လျှောက်ထားလာခြင်းဖြစ်လျှင် အဖွဲ့အစည်း ကိုယ်စား လက်မှတ်ရေးထိုးခွင့်ပြုကြောင်း အထောက်အထား* (.jpg, .jpeg, .png (or) .pdf) format ဖြင့် ပူးတွဲ တင်ရမည် ဖြစ်သည်။
- ပူးတွဲပါဝင်သော စာရွက်အရေအတွက် စုစုပေါင်း* ကို ဖော်ပြပေးရမည်။
- Certificate တွင် ထည့်သွင်းရန် ဓာတ်ပုံကို (.jpg, .jpeg (or) .png) format ဖြင့် ပူးတွဲ တင်ရမည် ဖြစ်သည်။

**မှတ်ချက်။ ပူးတွဲ တစ်ခုချင်းစီသည် 50 MB ထက် မပိုရပါ။**

(ဆဆ) **လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်၏ လက်မှတ် (Signature of Applicant or Representative)**

- ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းအမည်*၊ အဖွဲ့အစည်းအနေဖြင့် လျှောက်ထားပါက အဖွဲ့အစည်းကိုယ်စားပြု လျှောက်ထား သူအ မည်*၊ ရာထူး* တို့ကို ဖြည့်သွင်းရမည် ဖြစ်ပါသည်။

(ဇဇ) **ငွေပေးချေသည့်အဆင့်** (Payment Details)
အွန်လိုင်းငွေပေးချေမှုစနစ်ကို လက်ရှိတွင် CB Bank၊ AYA Bank တို့ဖြင့် အောက်ပါအတိုင်း ပေးသွင်းနိုင်ပါသည်-
Bank Portal (CB ဘဏ် သို့မဟုတ် AYA ဘဏ် ရွေးချယ်ရန်၊
Payment အမျိုးအစား(Visa ၊ Master ၊ MPU ၊ Pay) ကို ရွေးချယ်ရန်၊
ဘဏ်အကောင့်နှင့်သက်ဆိုင်သော အချက်အလက်များဖြည့် သွင်းရန်နှင့် ငွေပေးချေခြင်း ဆောင်ရွက်ရန်၊
ငွေပေးချေခြင်း အောင်မြင်သည့်Payment Success Message ရရှိပါက မူလစာမျက်နှာရှိ သက်ဆိုင်ရာ Application number ၏ အခြေအနေ (status) တွင် Received ဖြစ်မဖြစ်ကို စစ်ဆေးရန်၊
Status တွင် Received ဖြစ်နေပါက ငွေပေးချေခြင်း အောင်မြင်ပါသည်။
ငွေပေးချေမှု အောင်မြင်သော်လည်း status တွင် Received မဖြစ်နေပါက အောက်ပါဘဏ်များသို့ ဆက်သွယ် အကြောင်းကြား ရမည် ဖြစ်သည်-
CB ဘဏ်(ဦးစန်းယုအောင်၊ ၀၉-၉၆၂၃၀၆၄၁၇၊ ၀၉-၄၀၃၃၁၈၈၄၁၉၊ ၀၉-၂၆၃၈၆၆၄၈၀၊ sanyuaung@cbbank.com.m)
AYA ဘဏ် (ကတ်ဌာန၊ ၀၉-၄၄၂၆၃၁၉၈၈၊ ၀၉-၂၅၈၈၈၉၉၇၃၊ operation.card@ayabank.com.mm)။

**(၄) အကြောင်းကြားစာနှင့် စစ်ဆေးမှုပြီးဆုံးပါက Certificate Download ရယူခြင်း**

လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်များ၏ လျှောက်လွှာများကို စစ်ဆေးရေးအရာရှိမှ အကြောင်းကြားစာ ပေးပို့ပါက Account ထဲရှိ အသိပေးချက် (Notification) တွင် ဝင်ရောက် ကြည့်ရှုနိုင်သည်။ Notification ပေးပို့ထားသည့် အကြောင်းကြားစာ Alert ကို စနစ်မှ အလိုအလျောက် အသုံးပြုသူ၏ Email သို့ ပေးပို့မည် ဖြစ်သည်။

လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်များ၏ လျှောက်လွှာများကို စစ်ဆေးရေးအရာရှိမှ စစ်ဆေးပြီး၍ Grant ရရှိပါက Account ထဲတွင် အသိအမှတ်ပြု လက်မှတ်ကို Download ရရှိနိုင်ပါသည်။

**(၅) User Profile နှင့်ပတ်သက်၍ သိရှိရမည့် အချက်များ**

ကိုယ်စားလှယ်၏ My Profile ပါ အချက်အလက်များသည် Account Register လုပ်သည့် အချက်အလက်များအတိုင်း ဖြစ်ပြီး လိပ်စာကိုသာ မဖြစ်မနေ ထည့်သွင်း၍ Save လုပ်ပြီးပါက ပြန်လည်ပြင်ဆင်၍ မရနိုင်ပါ။

လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်များ၏ အီးမေးလ်ထံ မူပိုင်ခွင့်ဦးစီးဌာနမှ Notification Alert ပေးပို့ရာတွင် မှန်ကန်စွာ ရောက်ရှိနိုင်ရေးအတွက် User Profile တွင် ဝင်ရောက်၍ Verify Email ကို မဖြစ်မနေ လုပ်ဆောင်ရမည် ဖြစ်သည်။

User Profile တွင် account ဖွင့်စဉ်ကဖြည့်သွင်းခဲ့သော အချက်အလက်များကို ပြင်ဆင်ပြောင်းလဲလိုပါက ညွှန်ကြားရေးမှူးချုပ်ထံသို့ လိပ်မူ၍ ပြောင်းလဲလိုသည့် အချက်အလက်များကို (mmcrfile@ipdept.gov.mm) မှတစ်ဆင့် ပေးပို့လျှောက်ထားရမည်။

**(ခ) မူပိုင်ခွင့်မှတ်ပုံတင်ရုံးခွဲများမှ တစ်ဆင့် စာပေနှင့်အနုပညာမူပိုင်ခွင့်လျှောက်ထားလျှင် ဆောင်ရွက်ရမည့် နည်းလမ်းများ**

စာပေနှင့်အနုပညာမူပိုင်ခွင့်လျှောက်ထားသူမှသော်လည်းကောင်း၊ ကိုယ်စားလှယ်မှသော်လည်းကောင်း မူပိုင်ခွင့်မှတ်ပုံတင်ရုံးခွဲများမှ တစ်ဆင့် လျှောက်ထားဆောင်ရွက်နိုင်သည်။

လျှောက်လွှာလက်ခံဌာန၏ တာဝန်ရှိသူမှ လျှောက်လွှာပါ အချက်အလက်များကို စစ်ဆေးပြီး မှန်ကန်ပါက စာပေနှင့် အနုပညာမူပိုင်ခွင့် လက်ရာအမျိုးအစားအလိုက် ငွေပေးချေခြင်းကို ငွေရှင်းကောင်တာတွင် POS (Point of Sale) Device တွင် e-Commerce Pay စနစ်ဖြင့် ငွေပေးချေနိုင်ပါသည်။

လျှောက်လွှာလက်ခံဌာနမှ တာဝန်ရှိသူက CRFile System အတွင်းသို့ အချက်အလက်များ ဖြည့်သွင်းခြင်း ပြီးမြောက်ပါက Application No. ပါရှိသည့် လက်ခံပြေစာကို လျှောက်ထားသူမှ လက်ခံရရှိမည်ဖြစ်ပါသည်။

**(ဂ) စာပေနှင့် အနုပညာမူပိုင်ခွင့်စနစ်နှင့်စပ်လျဉ်း၍ ဆက်သွယ်ရန်လိပ်စာ**

စာပေနှင့် အနုပညာမူပိုင်ခွင့်စနစ်နှင့်စပ်လျဉ်း၍ နည်းပညာပိုင်းဆိုင်ရာသိရှိလိုပါက mmcrfile@ipdept.gov.mm သို့ အီးမေးလ်ဖြင့်လည်းကောင်း၊ ၀၆၇-၄၃၀၅၇၄ သို့ ဖုန်းဖြင့်လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

**အိုင်တီဌာနခွဲ**

---

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန | ဖုန်း-၀၁ ၃၈၅၃၂၂ | အီးမေးလ်-mitcmyantrade@gmail.com |
| အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ဖုန်း-၀၁ ၉၆၆၉၉၅၉ | အီးမေးလ်-mhcyangon@gmail.com |

ယှဉ်ပြိုင်မှုဥပဒေပါတားမြစ်ချက်များကို ဖောက်ဖျက်မှုအတွက် အောက်ပါလိပ်စာသို့ ဆက်သွယ် စုံစမ်းတိုင်ကြားနိုင်ပါသည်-

မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ကော်မရှင်ရုံး
ရုံးအမှတ် (၃)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်။
ဖုန်း - ၀၆၇(၃)၄၀၈၅၀၅
အီးမေးလ် - mmcc.office@commerce.gov.mm

---

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနဖြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

## မော်လမြိုင် ဘိလပ်မြေ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် ရော်ဘာဈေးကွက်

**ဘိလပ်မြေ**

မော်လမြိုင်မြို့၌ အောက်တိုဘာလစတုတ္ထပတ်တွင် ဘိလပ်မြေဈေးကွက်မှာ အရောင်းအဝယ်ပုံမှန်ရှိနေပြီး ဈေးနှုန်း အနည်းငယ် တက်လာကြောင်း သိရသည်။ ဈေးကွက်တွင်း အရောင်းအဝယ်ပုံမှန်ဖြစ်နေသော ဈေးမှာ အောက်တိုဘာ နောက်ဆုံးပတ်တွင် ကြံ့နစ်ကောင်(အနီ) ကျပ် ၁၂၅၀၀၊ ကြံ့တံဆိပ်(အပြာ)ကျပ် ၁၂၄၀၀၊ ကြံ့တံဆိပ်(အဝါ) ကျပ် ၁၂၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး မော်လမြိုင်မြို့၌ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဈေးနှုန်းမှာ အ ရောင်း အဝယ်ပုံမှန်ရှိနေပြီးဈေးနှုန်း အနည်းငယ် ကျဆင်းလာကြောင်း သိရှိရသည်။

**ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး**

အောက်တိုဘာလစတုတ္ထပတ်တွင် ကွန်ပေါင်း (မြန်မာ့ဩဘာ ရွှေကောမက်) 15:15:15 50kg ပါ တစ်အိတ်လျှင် ကျပ် ၁၆၂၀၀၀၊ ကွန်ပေါင်း 20:12:12 50kg ပါတစ်အိတ်မှာ ကျပ် ၁၆၈၀၀၀၊ ကွန်ပေါင်း(Thai Grow How) 15:15:15 50kg ပါ တစ်အိတ်လျှင် ကျပ် ၂၂၀၀၀၀၊ ပုလဲ(အသေး) ၄၆ ရာခိုင်နှုန်း မြန်မာ (MPE) 50 kg ပါ တစ်အိတ်လျှင် ကျပ် ၇၂၀၀၀၊ ပုလဲ(အကြီး) ၄၆ရာခိုင်နှုန်း ထိုင်း(မြင်းပျံ) 50kg ပါတစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀၊ပုလဲအသေး တရုတ်(ရွှေတောင်) 50kg ပါတစ်အိတ်လျှင် ကျပ် ၇၅၀၀၀၊ ပိုတက်(အာမို) 50kg ပါတစ်အိတ်လျှင် ကျပ် ၁၅၀၀၀၀၊ ပိုးသတ်ဆေးအမျိုးအစားဖြစ်သည့် မာလာမြိုင်ဆိုက်ပါ ၁၀% (သီးရွက်စုံ) 100cc တစ်ပုလင်းလျှင် ကျပ် ၅၆၀၀ မာလာမြိုင်ဆိုက်ပါ ၁၀%(သီးရွက်စုံ) 500cc တစ်ပုလင်းလျှင် ကျပ် ၂၀၅၀၀၊ အဆီဖိတ်(ခရု)မြန်မာ့ဩဘာ 500g တစ်ထုပ်လျှင် ကျပ် ၂၈၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်နေကြောင်း သိရှိရသည်။

**ရော်ဘာ**

မွန်ပြည်နယ်အတွင်းရှိ ရော်ဘာအဝယ်ဒိုင်များအနေဖြင့် အပတ်စဉ် အရောင်းအဝယ်ပုံမှန် ရှိနေသည်။ ရော်ဘာဈေးနှုန်းမှာ အဖွင့်ရာသီတွင်RSS-3 တစ်ပေါင်လျှင် ကျပ် ၃၅၀၀၊ RSS-5 တစ်ပေါင်လျှင် ကျပ် ၃၃၀၀ ရှိခဲ့ပြီး အောက်တိုဘာ ၂၉ ရက်မှ ၃၀ ရက်ထိ ဈေးနှုန်းမှာ RSS-3 တစ်ပေါင်လျှင် ကျပ် ၃၀၄၀၊ RSS-5 တစ်ပေါင်လျှင် ကျပ် ၂၉၀၀ ပေါက်ဈေးဖြစ်ပေါ်နေပြီး ယခင်တစ်ပတ် ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက တစ်ပေါင်လျှင် ကျပ် ၃၀၊ ယခင်နှစ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက တစ်ပေါင်လျှင် ကျပ်၁၆၀၀ခန့် ဈေးနှုန်းတက်လာခဲ့သည်။ မွန်ပြည်နယ်တွင် ယခုနှစ် အောက်တိုဘာ စတုတ္ထပတ်မှစ၍ ရော်ဘာအစေးလှီးခြင်းကို စတင်နေကြပြီဖြစ်သည်။

မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ သယ်ယူခနှုန်းထားမှာ (50)kg ပါ တစ်ထုပ်လျှင် ကျပ်၂၅၀၀၊ ရော်ဘာတစ်တန်လျှင် ကျပ် ၅၀၀၀၀၊ ဖြင့်လည်းကောင်း မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ (50)kg ပါ တစ်ထုပ်လျှင် ကျပ် ၃၆၀၀၊ ရော်ဘာ တစ်တန်လျှင် ကျပ် ၇၂၀၀၀ ဖြင့် သယ်ယူပို့ဆောင်ပေးရကြောင်း ကုန်သည်များထံမှ သိရှိရသည်။

**အောင်မြင့်မြတ်(မွန်)**

## ပဲခူးဒေသထွက်ကုန် ငါးရံ့ခြောက်

မြန်မာနိုင်ငံသည် မြစ်ချောင်း အင်းအိုင်ပေါများပြီး ယင်းတို့မှ ထွက်ရှိသည့် ငါးကို အခြေခံ ထုတ်ထုတ်လုပ်ထားသည့် ငါးပိ ငါးခြောက်များသည် လူတန်းစားမရွေး စားသုံးလေ့ရှိသည်။ ပဲခူးတိုင်းဒေသကြီးသည် မြစ်ချောင်း၊ အင်းအိုင်ပေါများသလို ငါးပိ၊ ငါးခြောက်၊ ငါးချဉ်လုပ်ငန်းများသည်လည်း ပေါများသည်။ ပဲခူး ပျဉ်ပုံကြီးရွာရှိ မိုးယွန်းကြီး ငါးရံ့ခြောက်သည် ဆားပေါ့၍ ကျန်းမာရေးနှင့် ညီညွတ်သောကြောင့် လူကြိုက်များသော ဒေသထွက်ကုန်တစ်မျိုးလည်းဖြစ်သည်။ ငါးရံ့ခြောက်ပြုလုပ်သည့် ငါးရံ့များကို ပဲခူး၊ ဒိုက်ဦး၊ ဝေါ၊ သနပ်ပင်မြို့နယ်များရှိ ငါးဒိုင်များမှ ဝယ်ယူကြောင်း သိရပြီး ငါးရံ့အစိုတစ်ပိဿာအား ခွဲခြမ်းပြီး နေလှန်းပါက ငါးခြောက် ၂၅ ကျပ်သားမှ ၃၀ သားခန့် ထွက်ရှိကြောင်း သိရသည်။ ငါးရံ့ခြောက်များကို တစ်ပိဿာလျှင် အကောင်အရွယ်အစားပေါ် မူတည်၍ ကျပ် ၇၀၀၀၀ မှ ကျပ် ၁၃၀၀၀၀ ထိ ဈေးနှုန်းအမျိုးမျိုးရှိပြီး အသင့်စားမီးကင်ငါးရံ့ခြောက်များကို တစ်ဆယ်သား တစ်ဘူးလျှင် ကျပ် ၃၀၀၀၀ ဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။ တစ်နေ့လျှင် ၁၅ ပိဿာမှ ပိဿာ ၃၀ ခန့် ရောင်းချရကြောင်း ပဲခူးမြို့ ၃၉မိုင်၊ ဘုရားကြီး၊ ပျဉ်ပုံတို့တွင် အဓိကထားရောင်းချလျက်ရှိပြီး ရန်ကုန်၊ မန္တလေးနှင့် မှာယူသည့်မြို့များသို့ တင်ပို့ရောင်းချပြီး ထိုင်း၊ မလေး၊ စင်ကာပူစသည့်မြို့များသို့ လက်ဆောင်ပေးရန် ဝယ်ယူမှုများလည်း ရှိကြောင်းသိရသည်။

ယခုအချိန်ကာလသည် ဝါလကင်းလွတ်၍ ပွင့်လင်းရာသီ ဖြစ်သောကြောင့် ရောင်းအားအနေဖြင့် ပိုမို များပြားလာကြောင်း သိရသည်။

**နှင်းနှင်းရီ(ပဲခူး)**



## ခရမ်းမြို့နယ်၌ ဈေးကွက်အတွင်း ရောင်းချနေသော အခြေခံစားသောက်ကုန်ဈေးနှုန်းများ

အောက်တိုဘာလ နောက်ဆုံးပတ်တွင် ခရမ်းမြို့နယ်၌ အခြေခံ စားသောက်ကုန်များဖြစ်သော ဆန်ကြမ်း၊ ဆန်ချော အမျိုးအစားအလိုက် ဧည့်မထ တစ်ပြည်လျှင် ကျပ် ၃၅၀၀-၃၈၀၀ ထိ၊ ဧရာဝတီ ပေါ်ဆန်း တစ်ပြည်လျှင်ကျပ် ၅၈၀၀-၆၀၀၀၊ ငစိန်အုပ်စု ပုသိမ်ရာကျော် တစ်ပြည်လျှင် ကျပ် ၃၀၀၀- ၃၃၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် ယခင်တစ်ပတ်တွင် ကျပ် ၆၅၆၀၊ ယခုတစ်ပတ်တွင် ကျပ် ၆၈၀၀ ဖြင့် ဈေးနှုန်း အနည်းငယ် မြင့်တက်လျက်ရှိသည်။

ပဲဆီတစ် ပိဿာလျှင် ကျပ် ၂၀၀၀၀ ဖြင့်လည်းကောင်း၊ ကြက်သွန်နီ အသစ် ဆိုဒ်ဆုံ တစ်ပိဿာလျှင်ကျပ် ၂၅၀၀-၃၃၀၀ ကြက်သွန်ဖြူ(ကြက်ကုတ်) တစ်ပိဿာလျှင် ကျပ် ၂၀၀၀၀၊ ဆားကြမ်းတစ်ပိဿာလျှင် ကျပ် ၇၀၀၊ ငရုတ်တောင့် (အရှည်) တစ်ပိဿာလျှင် ကျပ် ၈၅၀၀၊ ကုလားပဲခြမ်း တစ်ပိဿာလျှင် ကျပ် ၈၀၀၀၊ ငါးပိ(မျှင်) တစ်ပိဿာလျှင် ကျပ် ၈၀၀၀၊ ကြက်ဥတစ်လုံးလျှင် ကျပ် ၃၈၀ နှင့် ဘဲဥတစ်လုံးလျှင် ကျပ် ၅၀၀-၅၅၀ တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

အလားတူ ဗမာကြက်တစ်ပိဿာလျှင် ကျပ် ၂၇၀၀၀၊ CPကြက်တစ်ပိဿာလျှင် ကျပ် ၁၇၀၀၀ ဝက်သား တစ်ပိဿာလျှင်ကျပ် ၂၅၀၀၀၊ အမဲသား တစ်ပိဿာလျှင် ကျပ် ၂၅၀၀၀၊ ဆိတ်သားတစ်ပိဿာလျှင် ကျပ် ၃၀၀၀၀၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ကျပ်၉၀၀၀၊ ငါးကြင်း တစ်ပိဿာလျှင် ကျပ် ၁၀၀၀၀ စသည်ဖြင့်လည်းကောင်း ဈေးနှုန်းအသီးသီးတို့ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရသည်။

ယခင်တစ်ပတ်နှင့် ယခုတစ်ပတ်နှိုင်းယှဉ်ရာတွင် ဆန်ကြမ်း၊ ဆန်ချောဈေးနှုန်းများနှင့် အခြေခံစားသောက်ကုန်ဈေးနှုန်းများမှာ တည်ငြိမ်လျက်ရှိပြီး အသားငါးဈေးနှုန်းများနှင့် စားအုန်းဆီ ဈေးနှုန်းမှာ အနည်းငယ်မြင့်တက်သွားခဲ့ကြောင်း သိရသည်။

**ကျော့ကေခိုင်**

# ပုဇွန်တောင်ဈေးအတွင်း အခြေခံ စားသောက်ကုန်ဈေးနှုန်းများ

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် ပုဇွန်တောင်ဈေးအတွင်း အခြေခံစားသောက်ကုန်ဈေးနှုန်းများဖြစ်သော ဆန်ကြမ်း/ဆန်ချော အမျိုးအစားများအလိုက် အောက်တိုဘာ နောက်ဆုံးပတ်တွင် ဧည့်မထတစ်ပြည်လျှင် ကျပ် ၃၀၀၀ မှ ၃၈၀၀ ထိ၊ ငစိန်တစ်ပြည်လျှင် ကျပ် ၂၇၀၀ မှ ၂၈၀၀ထိ၊ ဇီယာတစ်ပြည်လျှင် ၃၀၀၀ ကျပ်မှ ၃၅၀၀ထိ၊ ပေါ်ကျွဲတစ်ပြည်လျှင် ကျပ် ၄၅၀၀မှ ၅၀၀၀ထိ၊ ပုသိမ်ပေါ်ဆန်းတစ်ပြည်လျှင် ကျပ် ၅၀၀၀ မှ ၅၆၀၀ ထိ၊ ဖျာပုံပေါ်ဆန်း တစ်ပြည်လျှင် ကျပ် ၅၀၀၀ မှ ၅၅၀၀ထိ၊ ဖျာပုံပေါ်ဆန်းတစ်ပြည်လျှင် ကျပ် ၅၀၀၀မှ ၅၅၀၀ထိ၊ ရွှေဘိုပေါ်ဆန်းမွှေး တစ်ပြည်လျှင် ကျပ် ၆၅၀၀ မှ ၆၈၀၀ ထိလည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

အလားတူ စားဖိုဆောင်သုံး စားသောက်ကုန်များတွင် ဆီ (စားအုန်းဆီ) တစ်ပိဿာ ကျပ် ၆၇၀၀၊ ပဲဆီ တစ်ပိဿာကျပ် ၂၀၀၀၀၊ ကြက်သွန်နီ (ကြီး) တစ်ပိဿာ ကျပ် ၄၂၀၀၊ (သေး) တစ်ပိဿာ ကျပ် ၂၅၀၀၊ ကြက်သွန်ဖြူ(ကြူကုတ်) တစ်ပိဿာ ကျပ် ၂၄၀၀၀၊ (အမွှာ) တစ်ပိဿာ ကျပ် ၂၀၀၀၀၊ (ဥတစ်လုံး) တစ်ပိဿာ ကျပ် ၂၂၀၀၀ တို့ဖြစ်ပြီး အာလူးတစ်ပိဿာ ကျပ် ၈၀၀၀၊ နနွင်းမှုန့် တစ်ပိဿာ ကျပ် ၁၄၀၀၀၊ နနွင်းတက်တစ်ပိဿာ ကျပ် ၈၀၀၀၊ အိုင်အိုဒင်းဆားတစ်ထုပ် ကျပ် ၈၀၀၊ ရိုးရိုးဆားတစ်ထုပ် ကျပ် ၅၀၀၊ မန်ကျည်းသီးမှည့် တစ်ပိဿာ ကျပ်၁၀၀၀၀၊ ငရုတ်တောင့်(ရှည်)တစ်ပိဿာ ကျပ် ၁၄၀၀၀ ငရုတ်တောင့်(ပု)တစ်ပိဿာ ကျပ် ၁၆၀၀၀၊ မြန်မာပဲနီလေးတစ်ပိဿာ ကျပ် ၁၄၀၀၀၊ ပဲဝါလေး တစ်ပိဿာ ကျပ် ၅၀၀၀၊ ကုလားပဲခြမ်း တစ်ပိဿာ ကျပ် ၇၀၀၀၊ ချင်းတစ်ပိဿာ ကျပ် ၆၀၀၀ တို့ဖြစ်ကြောင်း သိရသည်။

ထို့အတူ မွေးမြူရေးကြက်တစ်ပိဿာ ကျပ် ၂၀၀၀၀၊ မြန်မာကြက်တစ်ပိဿာ ကျပ် ၃၀၀၀၀၊ ဝက်သားတစ်ပိဿာ ကျပ် ၂၆၀၀၀၊ ဘဲသား တစ်ပိဿာ ကျပ် ၂၀၀၀၀၊ ဆိတ်သားတစ်ပိဿာ ကျပ် ၂၉၀၀၀၊ အမဲသားတစ်ပိဿာ ကျပ် ၂၃၀၀၀၊ ငါးကြင်း တစ်ပိဿာ ကျပ် ၂၀၀၀၀၊ ငါးမြစ်ချင်းတစ်ပိဿာ ကျပ် ၉၀၀၀၊ ရေချိုငါးခူ တစ်ပိဿာ ကျပ် ၂၅၀၀၀၊ မွေးမြူရေးငါးခူတစ်ပိဿာ ကျပ် ၁၉၀၀၀၊ ပုစွန်ထုပ်(ကြီး)တစ်ပိဿာ ကျပ် ၄၇၀၀၀၊ ပုစွန်ထုပ်(လတ်)တစ်ပိဿာ ကျပ် ၄၂၀၀၀၊ ပုစွန်ကျော့တစ်ပိဿာ ကျပ် ၂၇၀၀၀၊ ငါးတန်တစ်ပိဿာ ကျပ် ၂၀၀၀၀၊ ပင်လယ်ငါး တစ်ပိဿာ ကျပ် ၉၀၀၀၊ ငါးရံ့တစ်ပိဿာ ကျပ် ၂၅၀၀၀၊ ငါးကျည်း တစ်ပိဿာ ၃၅၀၀၀ ကျပ်၊ ရေချိုငါးသလောက်တစ်ပိဿာ ကျပ် ၃၇၀၀၀၊ ပုစွန်ခြောက်(ကြီး) တစ်ပိဿာ ကျပ် ၁၂၀၀၀၀၊ ပုစွန်ခြောက် (လတ်)တစ်ပိဿာ ကျပ် ၁၀၀၀၀၀၊ ပုစွန်ခြောက်(သေး)တစ်ပိဿာ ကျပ် ၆၀၀၀၀၊ ငါးရံ့ခြောက် တစ်ပိဿာ ကျပ် ၈၀၀၀၀၊ ငါးကျည်းခြောက် တစ်ပိဿာ ကျပ် ၈၀၀၀၀၊ ငါးပိကောင်တစ်ပိဿာ ကျပ် ၂၅၀၀၀၊ အာပြဲခြောက် တစ်ပိဿာ ကျပ် ၃၃၀၀၀ တို့ဖြစ်ကြောင်း သိရသည်။

**မင်းမင်းစိုး**

# အိန္ဒိယ ဆန်စျေးနှုန်းများ ကျဆင်းလာဖွယ်ရှိ

အိန္ဒိယနိုင်ငံမှ ဘာစမာတီမဟုတ်သည့်ဆန်ဖြူအပေါ် သတ်မှတ်သည့် Minimum Export Price- MEP ကို လျှော့ချပေးလိုက်သည့်အတွက် ကမ္ဘာ့ဆန်ရောင်းချမှုပမာဏများ တိုးမြင့်လာနိုင်ပြီး ဆန်စျေးနှုန်းများ ကျဆင်းလာနိုင်ကြောင်း ဖိလစ်ပိုင်စိုက်ပျိုးရေးဌာနမှ ပြောကြားခဲ့သည်။ ကမ္ဘာ့ဆန်စျေးနှုန်း ကျဆင်းခြင်းဖြင့် ဖိလစ်ပိုင်နိုင်ငံတွင်း ဆန်စျေးနှုန်းလည်း ကျဆင်းလာမည် ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံမှ ဘာစမာတီမဟုတ်သည့် ဆန်ဖြူအပေါ် သတ်မှတ်သည့် MEP အား လျှော့ချသတ်မှတ်လိုက်ခြင်းသည် အခြားသော ဆန်တင်ပို့နေသည့် နိုင်ငံများအတွက် စျေးကွက်တွင်း ပိုမိုယှဉ်ပြိုင်လာရနိုင်ကြောင်း၊ ကမ္ဘာ့ဆန်စျေးနှုန်းကိုလည်း လွှမ်းခြုံထားနိုင်သည့် အနေအထားဖြစ်သဖြင့် အခြားသော ဆန်တင်ပို့နေသည့် နိုင်ငံများ၏ ပို့ကုန်စျေးနှုန်းများလည်း ကျဆင်းလာဖွယ်ရှိကြောင်း ဖော်ပြပါရှိသည်။ ထို့ပြင် အခြားသော ဆန်တင်ပို့နေသည့်နိုင်ငံများထက် စျေးနှုန်းပိုမိုလျော့နည်းနိုင်သဖြင့် ဆန်တင်သွင်းသည့်စျေးနှုန်းများကို လည်း ရိုက်ခတ်မှုများရှိနိုင်ကြောင်း ဖော်ပြပါရှိသည်။

ပြီးခဲ့သည့် စက်တင်ဘာလက အိန္ဒိယနိုင်ငံမှ ကမ္ဘာ့စျေးကွက်သို့ ဘာစမာတီ မဟုတ်သည့် ဆန်ဖြူ ပြန်လည်တင်ပို့ခဲ့ပြီး MEP သတ်မှတ်ချက်မှာ မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၉၀ ဖြစ်ကြောင်း၊ MEP မသတ်မှတ်မီကပင် အိန္ဒိယနိုင်ငံ၏ ဘာစမာတီမဟုတ်သည့် ဆန်ဖြူစျေးနှုန်းသည် ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့ထက် သက်သာကြောင်း ဖော်ပြပါရှိသည်။ အိန္ဒိယနိုင်ငံမှ ကမ္ဘာ့စျေးကွက်သို့ ဘာစမာတီမဟုတ်သည့် ဆန်အားပြန်လည်တင်ပို့ရောင်းချသည့် အချိန်မှစ၍ ထိုင်းနိုင်ငံမှ ၎င်းတို့၏ Long grain white rice 5 မှတ်ဆန် အမျိုးအစား စျေးနှုန်းမှာ ၁၁ ရာခိုင်နှုန်းထိ ကျဆင်းခဲ့သည်။

အိန္ဒိယနိုင်ငံသည် စျေးနှုန်းယှဉ်ပြိုင်နိုင်စွမ်းရှိသော နိုင်ငံဖြစ်သည့်အတွက် ဆန်တင်သွင်းရာတွင် အလားအလာရှိသော နိုင်ငံတစ်ခုဖြစ်လာနိုင်ကြောင်း အစောပိုင်းကာလများကတည်းက စျေးကွက်ကျွမ်းကျင်သူများက ခန့်မှန်းပြောကြားခဲ့ကြောင်း၊ ဗီယက်နမ်နှင့် ထိုင်းတို့ထက် စျေးနှုန်းသက်သာနေခြင်းကြောင့် နောက်ထပ် ဆန်ရောင်းချသည့်စျေးကွက် တိုးလာခြင်းနှင့် ဆန်တင်သွင်းရာတွင် နေရာအသီးသီးမှ ဖြန့်၍တင်သွင်းနိုင်မည် ဖြစ်ပါကြောင်း ဖော်ပြထားသည်။

ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် အချက်အလက်များအရ အိန္ဒိယနိုင်ငံမှ ဘာစမာတီမဟုတ်သည့် ဆန်ဖြူတင်ပို့ခြင်းကို အရှေ့အာရှနိုင်ငံများသို့ ပြန်လည်ခွင့်ပြုလိုက်သည့်ပြီးနောက်ပိုင်း ဖိလစ်ပိုင်နိုင်ငံ၏ အိန္ဒိယနိုင်ငံမှ ဆန်တင်သွင်းမှုမှာ ၂၂၀၃၉ မက်ထရစ်တန် ရှိထားပြီဖြစ်ကြောင်း ဖော်ပြပါရှိသည်။

**ကေသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့**



# ထောပတ်သီးနှင့် မက္ကဒေးမီးယား တင်ပို့မှုကို ကင်ညာအစိုးရ ရပ်ဆိုင်း

ကင်ညာနိုင်ငံသည် စျေးကွက်အတွင်းသို့ မလိုလားအပ်သော ထုတ်ကုန် များ ဝင်ရောက်ခြင်းမှ ကာကွယ်ရန်အတွက် ထောပတ်သီးနှင့် မက္ကဒေးမီးယား တင်ပို့မှုကို ဆိုင်းငံ့ထားကြောင်း ကင်ညာအာဏာပိုင်များက ကြေညာခဲ့သည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနမှ အတွင်းဝန် Andrew Karanja က ကင်ညာနိုင်ငံ မြို့တော်နိုင်ရိုဘီတွင် မက္ကဒေးမီးယား တင်ပို့မှုနှင့် ရိတ်သိမ်းမှုတားမြစ်ချက်ကို နိုဝင်ဘာလ ၂ ရက်မှ ၂၀၂၅ ခုနှစ် မတ် ၁ ရက်အထိ စတင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကုန်သည်များသည် စစ်ဆေးခြင်း၊ အတည်ပြုခြင်းနှင့် ရှင်းလင်းခြင်းအတွက် ၎င်းတို့၏ လက်ရှိစတော့ရှယ်ယာများကို နိုဝင်ဘာ ၁၅ ရက်အထိ နောက်ဆုံးထားပြီး တင်သွင်းရမည် ဖြစ်ကြောင်း karanja က ပြောကြားခဲ့သည်။

မလတ်ဆတ်သော မက္ကဒေးမီးယား အခွံမာသီးများကို ရိတ်သိမ်းခြင်း ပြုပြင်ခြင်းနှင့် တင်ပို့ခြင်းသည် ကမ္ဘာ့စျေးကွက်တွင် ကင်ညာမှ ထွက်ကုန်များ၏ စွမ်းဆောင်ရည်ညံ့ဖျင်းမှုကိုသိသာစေပြီး ထိုသို့ဆိုင်းငံ့လိုက်ခြင်းသည် ကင်ညာနိုင်ငံတကာ စျေးကွက်ကို တည်တံ့စေပြီး ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အရွယ်မရောက်သေးသော သီးနှံများ ရိတ်သိမ်းခြင်းကြောင့်ဖြစ်ရသည့် သီးနှံလည်ပတ်မှု အဟန့်အတားများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

AFA မှ သစ်သီးဝလံ အနည်းငယ်ကိုသာ လေကြောင်းဖြင့် တင်ပို့ခွင့်ပြုထားသော်လည်း ရေကြောင်းမှ တင်ပို့ခြင်းကို ဆိုင်းငံ့ထားမှုသည် အောက်တိုဘာ ၂၅ ရက်က စတင်ခဲ့ကြောင်း သိရသည်။ ကင်ညာသည် အခွံမာသီးနှင့် သစ်သီးအခြောက်များကို အဓိကအားဖြင့် အရှေ့အလယ်ပိုင်း၊ ဥရောပနှင့် တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိပြီး ထောပတ်သီးအား အဓိက တင်ပို့လျက်ရှိကြောင်း သိရသည်။

**Source : capitalfm**

**ဟန်ကိုကျော် (DOCA YGN)**

# ကမ္ဘောဒီးယားနိုင်ငံနှင့် RCEP တို့၏ ကုန်သွယ်မှု မြင့်တက်

ကမ္ဘောဒီးယားနိုင်ငံနှင့် ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership RCEP) ကုန်သွယ်မှုသည် ၂၀၂၄ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂၅ဒသမ၅၄ ဘီလီယံအထိရှိခဲ့ပြီး ၂၀၂၃ ခုနှစ်ထက် ၁၇ဒသမ၁ ရာခိုင်နှုန်း တိုးလာကြောင်းသိရသည်။

RCEP အဖွဲ့ဝင်များနှင့် နိုင်ငံတော် ကုန်သွယ်မှုပမာဏသည် စုစုပေါင်း ကုန်သွယ်မှု၏ ၆၁ဒသမ၆ ရာခိုင်နှုန်းရှိကြောင်း အကောက်ခွန်ဦးစီးဌာန၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ ကမ္ဘောဒီးယားနိုင်ငံသည် RCEP နိုင်ငံများသို့ ကုန်ပစ္စည်းဒေါ်လာ ၆ ဒသမ ၇၆ ဘီလီယံ တင်ပို့ခဲ့ပြီး RCEP နိုင်ငံများမှ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၇၈ ဘီလီယံ တန်ဖိုးရှိကြောင်းသိရသည်။

RCEP တွင် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် ၎င်းတို့၏ ကုန်သွယ်ဖက်နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတေးလျနှင့် နယူးဇီလန်နိုင်ငံတို့ အပါအဝင် အာရှ-ပစိဖိတ်ဒေသရှိ နိုင်ငံပေါင်း ၁၅ နိုင်ငံပါဝင်သည်။

ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ Penn Sovicheat u RCEP သည် ကမ္ဘောဒီးယား၏ ကုန်သွယ်မှုတိုးတက်စေရေးအတွက် အထောက်အကူဖြစ်ပြီး နိုင်ငံတော်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် အားထားရာဖြစ်ကြောင်း ပြောကြားခဲ့သည်။

RCEP ၏ သဘောတူညီချက်အရ အကောက်ခွန်ကင်းလွတ်ခွင့်ပေးခြင်းအားဖြင့် ကမ္ဘောဒီးယား၏ RCEP နိုင်ငံများသို့တင်ပို့မှုသည် ၂၀၂၄ ခုနှစ်ထက် ကျော်လွန်နိုင်မည်ဟု ထပ်လောင်းပြောကြားခဲ့သည်။ Asean+3 Macroeconomic Research Office (AMRO) မှ စီးပွားရေးလုပ်ငန်းရှင် Hoe Ee Khor က အခွန်နှင့်အခွန် ကင်းလွတ်ခွင့်လျှော့ချခြင်းသည် ကမ္ဘောဒီးယားကုန်ပစ္စည်းများကို ကြီးမားသောစျေးကွက်သို့ ဝင်ရောက်ရန် ပိုမိုလွယ်ကူစေသည်ဟု ဆိုခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ၏ အဓိကပို့ကုန် ထုတ်ကုန်များဖြစ်သည့် အထည်ချုပ်နှင့် စိုက်ပျိုးရေးထွက်ကုန်များသည် RCEP အောက်တွင် အကောက်ခွန်လျှော့ချမှုကြောင့် စျေးကွက် ဝင်ရောက်မှုနှင့် အပြိုင် အကျိုးအမြတ်များစွာ ရရှိခဲ့သည်ဟု သိရသည်။

**Source: Khmer Times**

**ချစ်လင်းဦး (DOCA YGN)**

# ၂၀၂၄ ပထမ ကိုးလတာ ကာလတွင် ဆန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၃၅ သန်း ကမ္ဘောဒီးယားရရှိခဲ့

ကမ္ဘောဒီးယားနိုင်ငံသည် ယခု ၂၀၂၄ ခုနှစ်၏ ပထမကိုးလတာ ကာလတွင် ဆန်တန်ချိန် ၄၄၅၉၁၃ တန် တင်ပို့ခဲ့ပြီး ဝင်ငွေ အမေ ရိကန်ဒေါ်လာ ၃၃၅ သန်း ရရှိခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ဆန်စပါးအသင်းချုပ် (CRF) က အောက်တိုဘာ ၁၄ရက်က ပြောကြားခဲ့သည်။ တင်ပို့ခဲ့သည့် ဆန်များတွင် ပရီမီယမ်ဆန်မွှေး၊ ရနံ့သင်းသော ဆန်၊ ဆန်ဖြူ ပေါင်းဆန်နှင့် အော်ဂဲနစ်ဆန်တို့ ပါဝင်ကြောင်း သိရသည်။

ကမ္ဘောဒီးယားသည် အဆိုပါ ကိုးလတာကာလတွင် ဆန်များကို နိုင်ငံများနှင့် ဒေသများ ၆၅ ခုကို တင်ပို့ခဲ့ကြောင်းသိရသည်။ တရုတ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၅၆ သန်းတန်ကြေးရှိသည့် ဆန်တန်ချိန် ၈၁၄၂၃ တန်ကို ကမ္ဘောဒီးယားထံမှ ဝယ်ယူခဲ့ပြီး ထိပ်ဆုံးက တင်သွင်းသူအဖြစ် ရပ်တည်နေကြောင်းသိရသည်။

ထို့ပြင် ဥရောပသမဂ္ဂနိုင်ငံများသို့ အမေရိကန်ဒေါ်လာ ၁၈၆ သန်း တန်ဖိုးရှိသည့် ဆန်တန်ချိန် ၂၂၈၇၃၁ တန် တင်ပို့ခဲ့ပြီး အာဆီယံသို့ အမေရိကန် ဒေါ်လာ ၅၂ သန်း တန်ဖိုးရှိသည့် ဆန်တန် ချိန် ၈၆၀၄၃ တန် တင်ပို့ခဲ့ကြောင်း သိရသည်။ ထုတ်လုပ်မှုနှင့် သိုလှောင်နိုင်စွမ်း မြင့်တက်လာခြင်းနှင့် ဆန်အရည်အသွေး စံနှုန်းမြှင့်တင်နိုင်ခဲ့ခြင်းကြောင့် ကမ္ဘောဒီးယားဆန်နိုင်ငံတကာ စျေးကွက်များသို့ အရှိန်အဟုန်ဖြင့် ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း CRF ၏ ဥက္ကဋ္ဌဖြစ်သူ Chan Sokheang က ပြောကြားခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံ ဆန်စပါးအသင်းချုပ်သည် ၂၀၂၅ ခုနှစ်တွင် အနည်းဆုံး ဆန်တန်ချိန် တစ်သန်း တင်ပို့ရန် ရည်မှန်းထားကြောင်း သိရသည်။ ကမ္ဘောဒီးယားနိုင်ငံတွင် စပါးစိုက်ခင်း ဟက်တာ ၃ဒသမ၅၄ သန်းရှိပြီး နှစ်စဉ် စပါး ၁၂ဒသမ၄၉ သန်း ပုံမှန်ထုတ်လုပ်နိုင်ကြောင်း သိရသည်။

နိုင်ငံ၏ ဝန်ကြီးချုပ်ဖြစ်သူ Hun Manet ကလည်း လာအိုတွင် ကျင်းပခဲ့သည့် အာဆီယံညီလာခံတွင် ဆန်ကုန်သွယ်မှုနှင့် ပတ်သက်၍ ဖိလစ်ပိုင်အပါအဝင် ပြည်ပခေါင်းဆောင်များနှင့် သီးခြား တွေ့ဆုံဆွေးနွေးပွဲလုပ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

**Source : Khmer Times**

**မြသူ (DOCA YGN)**

# ငွေချေးသက်သေခံလက်မှတ် ငွေကြေးထောက်ပံ့ရေး ကုမ္ပဏီများ




ထွန်းသက်ထွန်း

စတော့ရှယ်ယာ ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးထောက်ပံ့ရေးကုမ္ပဏီများ ဖွဲ့စည်းထူထောင်ကြပြီး ယင်းတို့ကို (Securities Finance Company, SFC) ဟုခေါ်ဆိုကြသည်။ နိုင်ငံတစ်ခုချင်းအလိုက် ပြဋ္ဌာန်းထားသည့် ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းလဲလှယ်ရောင်းဝယ်ရေး ဥပဒေ (Securities Exchange Law)၊ နည်းဥပဒေများအရ လိုင်စင်ရယူကာ ထူထောင်ကြပြီး သီးခြားလွတ်လပ်သည့် အဖွဲ့အစည်းများအဖြစ် ရပ်တည်ကြသည်။

SFC များကို ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းနှင့် ဆက်စပ်နေသည့် အဖွဲ့အစည်းများအားလုံး၏ ရှယ်ယာထည့်ဝင်ငွေများဖြင့် ထူထောင်ကြသလို နိုင်ငံပိုင်အဖွဲ့အစည်းအဖြစ် သီးခြားထူထောင်ကြသည်လည်း ရှိသည်။ ဥပမာ - ထိုင်းနိုင်ငံ SFC သည် ထိုင်းစတော့အိပ်ချိန်းမှ ၄၀ ရာခိုင်နှုန်း၊ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ၁၀ ရာခိုင်နှုန်း၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများစုပေါင်း၍ ၁၀ ရာခိုင်နှုန်း၊ အာမခံကုမ္ပဏီများမှ ၃ ရာခိုင်နှုန်း၊ ပိုင်ဆိုင်မှုစီမံခန့်ခွဲသည့် အဖွဲ့များမှ ၄ ရာခိုင်နှုန်း၊ ပုဂ္ဂလိကဘဏ်အချို့မှ ၄ ရာခိုင်နှုန်းနှင့် အခြားသော ဘဏ္ဍာရေးအဖွဲ့များမှ ၃၀ ရာခိုင်နှုန်းခန့် ထည့်ဝင်ကာ ဖွဲ့စည်းထားသည်။ တရုတ်နိုင်ငံ SFC ကိုမူ ရှန်ဟိုင်းစတော့အိတ်ချိန်း၊ ရှင်ဇင်းစတော့အိတ်ချိန်း၊ တရုတ်ငွေချေး သက်သေခံလက်မှတ်များ လက်ခံထိန်းသိမ်းရေးနှင့် စာရင်းရှင်းလင်းရေးဌာန၊ ရှန်ဟိုင်းဖျူချားအိတ်ချိန်း၊ တရုတ်ငွေကြေးနှင့် ဖျူချားအိတ်ချိန်း၊ ဒါလျမ်းကုန်စည်ဒိုင်နှင့် ဇန်ဇူးကုန်စည်ဒိုင်တို့ဖြင့် ဖွဲ့စည်းထားသည်။

SFC များ ဖွဲ့စည်းတည်ထောင်ရခြင်း၏ ရည်ရွယ်ချက်များမှာ-

(က) ငွေချေး သက်သေခံလက်မှတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေဖြစ်လွယ်မှု ရှိစေရေးအတွက် စတော့ရှယ်ယာများ၊ ငွေကြေးများ ပံ့ပိုးထောက်ပံ့နိုင်ရန်၊

(ခ) အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပရောဒတ်အသစ်များ ထွက်ပေါ်ရေး၊ ဝန်ဆောင်မှုအသစ်များ ထွက်ပေါ်လာစေရန်၊

(ဂ) သတင်းအချက်အလက်နည်းပညာ ဖွံ့ဖြိုးစေရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လေ့ကျင့်ပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ကာ ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန်၊

(ဃ) ရှယ်ယာရှင်များ၊ ဖောက်သည်များနှင့် အဖွဲ့အစည်းကြီး တစ်ရပ်လုံးအတွက် လိုအပ်ချက်များကို ဖြည့်စွမ်းပေးရန်နှင့်

(င) နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်ရန် စသည်တို့ဖြစ်သည်။

SFC များ၏ အဓိက လုပ်ငန်းတာဝန်များမှာ -

(က) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများနှင့် ဆက်စပ်နေသည့် လုပ်ငန်းများအတွက် ငွေကြေးထောက်ပံ့ပေးခြင်း၊ ငွေချေးသက်သေခံ လက်မှတ်များ တာဝန်ခံဖြန့်ချိသည့် underwriting လုပ်ငန်းများ ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ထပ်ဆင့်အာမခံပေးခြင်း၊ ငွေကြေးလိုအပ်ချက်များကို ပံ့ပိုးပေးခြင်း၊

(ခ) ငွေချေးသက်သေခံလက်မှတ် ရောင်းဝယ်ရေးလုပ်ငန်းတွင် မာဂျင် ချေးငွေများချေးပေးခြင်း၊

(ဂ) ငွေချေးသက်သေခံလက်မှတ် ရောင်းဝယ်ရေးတွင် လိုအပ်သည့် စတော့ရှယ်ယာများ ချေးငှားပေးခြင်း စသည်တို့ ဖြစ်သည်။

### SFC ၏ ဝန်ဆောင်မှုလုပ်ငန်းများ

**ချေးငွေထောက်ပံ့ရေး။** ။စတော့ဈေးကွက်မှတစ်ဆင့် စာရင်းဝင်စတော့များကို ဝယ်ယူရင်းနှီးမြှုပ်နှံလိုသူများအတွက် ချေးငွေများ ထောက်ပံ့ပေးသည်။ ထို့အပြင် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများရှိ ဖောက်သည်များ၏ ငွေပေးချေရန် ကျန်ရှိသည့် စာရင်း (Credit Balance) များအတွက်လည်း ချေးငွေထောက်ပံ့မှုများကို ဆောင်ရွက်ပေးသည်။ SFC တို့သည် အနည်းဆုံးတစ်လတွင် တစ်ကြိမ် ၎င်းတို့၏ အင်တာနက်ဝက်ဘ်ဆိုက်မှ တစ်ဆင့် ဖောက်သည်များ၏ ကနဦးထားရှိရမည့် မာဂျင်ပမာဏ၊ ပေးသွင်းရန်ကျန်ရှိသည့်ငွေများ၊ မဖြစ်မနေပေးသွင်းရမည့် ငွေကြေးပမာဏ စသည်တို့ကို ထုတ်ပြန်ကြေညာပေးသည်။

ထို့အပြင် မာဂျင်စာရင်းတွင်ရှိနေသည့် စတော့ရှယ်ယာများနှင့်ပတ်သက်သည့် အချက်များဖြစ်သည့် ငွေဖြစ်လွယ်မှု အခြေအနေ၊ အခြေခံအကြောင်းချင်းရာများနှင့် ဆုံးရှုံးနိုင်ခြေရှိမှုတို့ကိုလည်း ထုတ်ပြန်ပေးသည်။ ထို့အတူပင် မာဂျင်စာရင်းများရှိ ချေးငွေလက်ကျန်များကို အနီးကပ် စောင့်ကြည့်ကာ ယင်းချေးငွေနှင့် ကိုက်ညီသည့် ဖောက်သည်တစ်ဦးချင်းအလိုက် ထားရှိသည့် အပေါင်ပစ္စည်း (collateral)များ လောက်ငမှု ရှိ၊ မရှိကိုလည်း စောင့်ကြည့်သည်။ အကယ်၍ ထားရှိသည့် အပေါင်ပစ္စည်းသည် သတ်မှတ်ထားသည့် အဆင့်တစ်ခုထက် နိမ့်ကျသွားပါက SFC သည် ဖောက်သည်တစ်ဦးချင်းအလိုက် လိုအပ်သည့် ငွေများကို ဖြည့်စေခြင်း (သို့မဟုတ်) ကိုင်ဆောင်ထားသည့် စတော့များကို ထုတ်ရောင်းစေခြင်း စသည့် ညွှန်ကြားမှုများကို ပြုလုပ်သည်။ ထိုသို့ဆောင်ရွက်ပေးခြင်းကြောင့် ရင်းနှီးမြှုပ်နှံသူများအနေနှင့် မိမိတို့ ပုံမှန်ရင်းနှီးမြှုပ်နှံမှုထက် ပိုမိုသည့် ဝင်ငွေများကို ရရှိစေမည်ဖြစ်သည်။

**ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများသို့ ချေးငွေထောက်ပံ့ခြင်း။** ။SFC သည် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများ၏ ငွေဖြစ်လွယ်မှု မြန်ဆန်စေရေး၊ ကြွေးမြီလက်ကျန် ဖြည့်တင်းရေးနှင့် ၎င်းတို့ကိုယ်ပိုင်ဖောက်သည်များကို ငွေကြေး ထောက်ပံ့နိုင်ရေးအတွက် ချေးငွေများ ထုတ်ချေးပေးသည်။ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများသို့ ထုတ်ချေးပေးသည့်အတွက် အပေါင်ပစ္စည်းရယူခြင်းမရှိဘဲ ကာလသက်တမ်း သတ်မှတ်ကာ ချေးပေးခြင်းဖြစ်သည်။

**ဝန်ထမ်းများ ရှယ်ယာပိုင်ဆိုင်ခွင့် အစီအစဉ် ESOP အတွက် ချေးငွေထောက်ပံ့ခြင်း။** ။ ကုမ္ပဏီဝန်ထမ်းများနှင့် ဒါရိုက်တာအဖွဲ့ဝင်များအတွက် ၎င်းတို့၏ မိခင်ကုမ္ပဏီမှ ထုတ်ဝေသည့် ရှယ်ယာများကို ဝယ်ယူပိုင်ဆိုင်သည့်အစီအစဉ် (Employee Stock Ownership Program, ESOP) အတွက် SFC မှ ချေးငွေများ ထောက်ပံ့ပေးသည်။ ESOP အစီအစဉ်တွင် ပါဝင်လိုသည့် ဝန်ထမ်းသည် ချေးငွေအဆိုပြုလွှာ ကို မိမိကုမ္ပဏီမှတစ်ဆင့် SFC သို့ ပေးပို့ရသည်။ ချေးငွေရရှိပါက မိမိကုမ္ပဏီမှ ရှယ်ယာများ အများပြည်သူသို့ ထုတ်ဝေရောင်းချခြင်းမပြုမီ အထူးဈေးနှုန်းဖြင့် ဝယ်ယူရရှိသည်။ ဝန်ထမ်းအနေဖြင့် မိမိရယူထားသည့် ချေးငွေကို လစာစာရင်းမှတစ်ဆင့် ပြန်လည်ဖြတ်တောက်သည်။ ထို့အပြင် SFC သည် ဝန်ထမ်းများ မိမိကုမ္ပဏီ ရှယ်ယာများ ဝယ်ယူရေးအစီအစဉ်အတွက် ပညာပေးရေးလုပ်ငန်းများနှင့် အကြံဉာဏ်ပေးခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးသည်။

**ငွေချေးသက်သေခံလက်မှတ်များ ထုတ်ချေးခြင်း/ ချေးငှားခြင်း။** ။SFC သည် ငွေချေးသက်သေခံ လက်မှတ်များ ထုတ်ချေးခြင်း/ချေးငှားခြင်းများအတွက် အာမခံ အပေါင်ပစ္စည်းများ လက်ခံခြင်း/ပေးအပ်ခြင်းကို ငွေချေးသက်သေခံလက်မှတ် လုပ်ငန်း စည်းမျဉ်းများအရ ဆောင်ရွက်ရသည်။ SFC သည် စတော့ရှယ်ယာများ ချေးငှားသူထံသို့ သတ်မှတ်ထားသည့် ရှယ်ယာအမျိုးအစားများကို ထုတ်ချေးပေးရန်တာဝန်ရှိပြီး ချေးငှားသူကလည်း သတ်မှတ်ထားသည့် ကာလအတွင်း ပြန်လည်ပေးအပ်ရန် တာဝန်ရှိသည်။ ဆုံးရှုံးနိုင်ခြေကိုကာကွယ်သည့်အနေဖြင့် စတော့ရှယ်ယာများ ချေးငှားသူသည် မိမိပိုင်ဆိုင်သည့် Assets များကို SFC သို့ အပေါင်အဖြစ်ပေးအပ်ရန် တာဝန်ရှိသည်။ အပေါင်ပစ္စည်းသည် နှစ်ဦးနှစ်ဖက် သဘောတူသည့် မည်သည့်ပစ္စည်းမဆိုဖြစ်နိုင်ပြီး ပေးအပ်ရမည့်ပမာဏမှာ မိမိဝယ်ယူမည့် ရှယ်ယာများ၏တန်ဖိုးနှင့် အနီးစပ်ဆုံးဖြစ်ရန် လိုအပ်သည်။ အများအားဖြင့် ဤချေးငွေ အစီအစဉ်ကို အဖွဲ့အစည်းအလိုက် ရင်းနှီးမြှုပ်နှံသူများသို့ ဦးစားပေး ဆောင်ရွက်လေ့ရှိသည်။

### ရယူသည့် အတိုးနှုန်းများ

SFC များသည် ဖောက်သည်များလိုအပ်သည့် ငွေကြေးများ ထောက်ပံ့ပေးခြင်း၊ လိုအပ်သည့် စတော့များ ချေးငှားပေးခြင်း၊ မိမိလိုအပ်သည့် စတော့များ ချေးယူခြင်းတို့အတွက် အတိုးနှုန်းများကိုသတ်မှတ်ထားသည်။ အတိုးနှုန်းများကို သတ်မှတ်သည့် ကာလအလိုက် ရယူလေ့ရှိပြီး သက်တမ်းများမှာ အများအားဖြင့် ၇ ရက်၊ ၁၄ ရက်၊ ၂၈ ရက်၊ ၉၁ ရက်၊ ၁၈၂ ရက် စသည်ဖြင့် သတ်မှတ်ထားသည်။ တရုတ်နိုင်ငံ SFC မှသတ်မှတ်ထားသည့် အတိုးနှုန်းနမူနာကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စတော့ဝယ်ယူရန် ငွေထုတ်ချေးခြင်းအတွက် ရယူသည့်အတိုးနှုန်း | | | | | |
|---|---|---|---|---|---|
| သက်တမ်း | ၇ ရက် | ၁၄ ရက် | ၂၈ ရက် | ၉၁ ရက် | ၁၈၂ ရက် |
| တစ်နှစ်အတိုးနှုန်း | ၀.၀၄၈% | ၀.၀၄၈% | ၀.၀၄၇% | ၀.၀၄၆% | ၀.၀၄၃% |

| စတော့များ ထုတ်ချေးခြင်း / ချေးယူခြင်း အတွက် အတိုးနှုန်း | | | | | |
|---|---|---|---|---|---|
| သက်တမ်း | ၃ ရက် | ၇ ရက် | ၁၄ ရက် | ၂၈ ရက် | ၁၈၂ ရက် |
| စတော့များချေးယူခြင်းအတွက် တစ်နှစ်အတိုးနှုန်း | ၀.၀၁၅% | ၀.၀၁၆% | ၀.၀၁၇% | ၀.၀၁၈% | ၀.၀၂% |
| စတော့များချေးငှားပေးခြင်းအတွက် တစ်နှစ်အတိုးနှုန်း | ၀.၀၄% | ၀.၀၃၉% | ၀.၀၃၈% | ၀.၀၃၇% | ၀.၀၃၅% |


Reference: Investment Guidebook

## HEYDAY ENERGY TRADING CO.,LTD.

HEYDAY energy

**Address** : 32-D Yeik Thar Street, 6 ½ Mile, Pyay Road, Hlaing Township, Yangon, Myanmar.
**Phone No.** : 09 777004226, 09 777004228, 09 77704249
**Gmail** : heydayenergy@gmail.com

- ❖Delivering the best value in products and services to our business partner.
- ❖We conduct our business with respect, integrity and excellence.
- ❖We create opportunities for learning , growth and recognition for the Heyday Family.





## HEYDAY AGRICULTURAL TRADING CO.,LTD.

HEYDAY

**Address** : 32-D Yeik Thar Street, 6 ½ Mile, Pyay Road, Hlaing Township, Yangon, Myanmar.
**Phone No.** : 09 798696969, 09 777004226, 09 77704249
**Gmail** : heydayagricultural@gmail.com

**To be integrated player in trading sector offering world class products and services in myanmar.**



# နောင်ရေးကောင်းဖို့ ထောပတ်သီးပင်စိုက်ကြစို့



အောင်မင်းနိုင်

ပြင်ဦးလွင်မြို့နယ်သည် မန္တလေးတိုင်းဒေသကြီးအတွင်း၌ တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ၃၅၃၈ ပေရှိကာ သင့်တင့်အေးမြသည့် ရာသီဥတုကို ပိုင်ဆိုင်ထားသည့် မြို့လေးတစ်မြို့ဖြစ်သည်။ မြို့ခံလူအများသည် နှစ်ရှည်သီးနှံပင်နှင့် ရာသီအလိုက် သီးနှံပင်များကို စိုက်ပျိုးပြီး အသက်မွေးဝမ်းကျောင်းပြုကြသည်။ အောက်တိုဘာ ၂၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် ဆရာမောင်အေးချမ်း၏ မြန်မာနိုင်ငံထွက် အေးခဲထောပတ်သီး အနှစ်များကို မလေးရှားနိုင်ငံမှ ဝယ်ယူရန် သဘောတူပြီးဖြစ်၍ တင်ပို့သွားနိုင်ရန်စီစဉ်နေကြောင်း ရေးသားဖော်ပြထားသည့် သတင်းအားဖတ်ရှုလိုက်ရသည့်အတွက် ထောပတ်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချနေသည့် တောင်သူများအတွက် ဝမ်းသာပီတိဖြစ်ရသည်။

ထောပတ်သီးနှံသည် စားသောက်ကုန်တစ်မျိုး အဖြစ်သာမက အသား၊ အခွံ၊ အသီးအဆံ လူများ၏ အသားအရေလှပမှုနှင့် ဆေးဝါးများအတွက် အထူးအသုံးဝင်သည်။ ယခုအခါ ပြင်ဦးလွင်မြို့နယ်တွင် စီးပွားရေးလုပ်ငန်းရှင်များနှင့် တောင်သူများမှ တွင်တွင်ကျယ်ကျယ် စိုက်ပျိုးလျက်ရှိပြီး ထောပတ်အသင်းအစုဖွဲ့ကာ လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။ ပြင်ဦးလွင်မြို့နယ်တွင် ထောပတ်စိုက်ဧက ၃၀၉ ဧကရှိပြီး ရိတ်သိမ်းနိုင်မှုမှာ ဧက ၁၅၀ ရှိသည်။

တစ်ဧကလျှင် အပင်ရေ ၁၀၀၊ ပင်ခြား၊ တန်းခြား (20’×20’) စိုက်စနစ်ဖြင့် စိုက်ပျိုးနိုင်သည်။ အပင်တစ်ပင် အထွက်နှုန်းမှာ အသီးအလုံးရေ ၇၀ ထွက်ရှိ၍ တစ်ဧက အပင်၁၀၀ဆိုလျှင် အလုံးရေ၇၀၀၀ ထွက်ရှိသည်။ သက်တမ်းရင့်လေ အသီးအထွက်နှုန်းများလေဖြစ်သည်။ ထောပတ်သီးနှံသည် စတင်စိုက်ပျိုးပြီး သက်တမ်းလေးနှစ်ကြာလျှင် အသီးစတင် ခူးဆွတ်ရသည်။ ထောပတ်သီးနှံ၏ တစ်ဧက ကုန်ကျစရိတ်မှာ ပျိုးပင်အမျိုးအစားအလိုက် တစ်ပင်လျှင် အနိမ့်ဆုံး ကျပ် ၈၀၀၀၊ အမြင့်ဆုံး ကျပ် ၂၀၀၀၀-၂၃၀၀၀ ဈေးရှိ၍ အနိမ့်ဆုံး ကျပ် ၈၀၀၀ နှင့်တွက်လျှင် ပျိုးပင်ဖိုး ကျပ် ကျပ် ၈၀၀၀၀၀၊ စိုက်ကျင်းတူး၊ ရေပိုက်သွယ်၊ စက်ရေတွင်းတူး ကုန်ကျစရိတ် ကျပ် ၃၀၀၀၀၀၀၊ စုစုပေါင်း ကုန်ကျစရိတ် ကျပ် ၃၈၀၀၀၀၀ ကုန်ကျကြောင်း သိရသည်။ ယခု လက်ရှိထွက်ပေါ်နေသော ထောပတ်သီးမှာ ပြင်ဦးလွင်ဈေးကွက်တွင် ဒေသမျိုးနှင့် နိုင်ငံခြားမျိုးဟူ၍ နှစ်မျိုးရှိသည်။

ဒေသမျိုးများအား အသီးတစ်လုံးခြင်း ရောင်းချပြီး ဈေးနှုန်းအနေဖြင့် တစ်လုံးလျှင် အနိမ့်ဆုံး ကျပ် ၃၀၀ မှ အမြင့်ဆုံး ကျပ် ၇၀၀ ရောင်းချရပြီး နိုင်ငံခြားမျိုးများကို Kg နှင့်ရောင်းချပြီး လေးလုံးဆိုဒ် 1 Kg လျှင် ကျပ် ၈၀၀၀ နှင့် ခြောက်လုံးဆိုဒ် 1 Kg လျှင် ကျပ် ၆၀၀၀ ဖြင့် ရောင်းဝယ်လျက်ရှိသည်။ ထောပတ်သီးကို မြန်မာနိုင်ငံတွင် ပြင်ဦးလွင်၊ တောင်ကြီး၊ မိုးကုတ်နှင့် အခြားဒေသအနည်းငယ်တို့တွင် စိုက်ပျိုးလျက်ရှိပြီး ပြင်ဦးလွင်နှင့် တောင်ကြီးတို့တွင် အဓိကထား စိုက်ပျိုးကြသည်။ ပြင်ဦးလွင်မြို့သည် တောင်ပေါ်မြို့တစ်မြို့ တစ်ခုဖြစ်သကဲ့သို့ ခရီးသွားဧည့်သည်များ လာရောက်မှုများသော မြို့လေးတစ်မြို့ဖြစ်သည်။ ယခုလို ထောပတ်သီးများ ထွက်ပေါ်နေချိန်တွင် လက်ဆောင်ပစ္စည်းအနေဖြင့် ခရီးသွားများမဖြစ်မနေ ဝယ်ယူသွားကြသည်။ ထောပတ်သီး ဝယ်ယူရာတွင်အနု၊ အရင့်ခွဲခြား ဝယ်ယူရန်နှင့် ရောင်းချသူများမှလည်း ရင့်မှည့်ချိန် မတန်သေးသည့်အသီးများကို ဈေးကွက်လိုအပ်ချက်အရ ခူးဆွတ်ပြီး မရောင်းချရန် လိုအပ်သည်။

ယခုနှစ်တွင် စားသုံးသူရေးရာ ဦးစီးဌာနနှင့် ပြင်ဦးလွင်ထောပတ် အစုအဖွဲ့တို့ပူးပေါင်းပြီး ပြင်ဦးလွင်မြို့နယ်ရှိ ထောပတ်စိုက်ပျိုးသည့် ခြံများ လက်လီအရောင်းဆိုင်များအား ကွင်းဆင်းကာ ရိတ်သိမ်းချိန်လွန် နည်းပညာများ ဆောင်ရွက်ပေးလျက်ရှိပြီး ပြင်ဦးလွင်မြို့သို့ လာရောက်လည်ပတ်သော ခရီးသွားများအား ထောပတ်သီး အမျိုးအစားအလိုက် ရင့်မှည့်ချိန် ရာသီအလိုက် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးလျက်ရှိသည်။ ထောပတ်သီးအမျိုးအစားအလိုက် ရင့်မှည့်ချိန်များမှာ ပီတာဆန် (Peterson) မျိုးမှာ ဩဂုတ်လနှင့် စက်တင်ဘာလတွင် မှည့်သည်။ ခူးဆွတ်ပြီး ရင့်မှည့်ရန် (၂-၃) ရက် သာကြာပြီး Russel(၀၃၄/၀၃၄) မျိုးမှာ စက်တင်ဘာလတွင် ရင့်မှည့်သည်။ အမရာ (ဒေသမျိုး)မှာ စက်တင်ဘာလတွင် ရင့်မှည့်သည်။ ဘာဘေးနီးယား(Buccaneer) မျိုးမှာ အောက်တိုဘာလတွင် ရင့်မှည့်သည်။ ခူးဆွတ်ပြီး (၃-၅) ရက်ကြာလျှင် ရင့်မှည့်သည်။ ပင်ကာတန် (Pinkerten) မျိုးမှာ အောက်တိုဘာလနှင့် နိုဝင်ဘာလတွင် ရင့်မှည့်သည်။ ခူးဆွတ်ပြီး (၁၀-၁၅)ရက် ကြာလျှင် ရင့်မှည့်သည်။ ဟက်(စ်)(Hass) မျိုးမှာ ဒီဇင်ဘာလတွင် ရင့်မှည့်သည်။ ခူးဆွတ်ပြီး (၇-၁၀)ရက်ကြာလျှင် ရင့်မှည့်သည်။ မြောက်ကျွန်းသူ (ဒေသမျိုး) မှာ ဇန်နဝါရီလတွင် ရင့်မှည့်သည်။ ခူးဆွတ်ပြီး (၅-၇)ရက်ကြာလျှင် ရင့်မှည့်သည်။ ဒေသသီးမျိုးစုံမှာ အောက်တိုဘာလတွင် ရင့်မှည့်သည်။

ထို့ကြောင့် စားသုံးသူများမှ ထောပတ်သီး ဝယ်ယူပါက ထောပတ်သီးတွင် အညှာမပါလျှင် မဝယ်ယူမိရန်နှင့် ဝယ်ယူမိပါက ၇၅ ရာခိုင်နှုန်းမှာ ပုပ်သွားတတ်သဖြင့် ငွေကြေးဆုံးရှုံးမှုဖြစ်နိုင်ကြောင်းနှင့် ရောင်းချသူများမှလည်း ရင့်မှည့်ချိန် မတန်သေးသည့် အသီးများကို ခူးဆွတ်ပြီး ဈေးကွက်တွင် ရောင်းချရန် မသင့်ကြောင်း အကြံပြု ရေးသားလိုက်ပါသည်။


## ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်၏ ပဲမျိုးစုံ ပြည်တွင်း တစ်တန်ဈေးနှုန်းများ

၃၁.၁၀.၂၀၂၄

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်၂၀၂၃ခုနှစ်နှင့် ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့တွင် ဖြစ်ပေါ်နေသည့် ပဲမျိုးစုံ ပြည်တွင်းတစ်တန်ဈေးနှုန်းကာလတူနှိုင်းယှဉ်ချက်

ရေတွက်ပုံ- တန်/ကျပ်

| စဉ် | လအမည် | မတ်ပဲ | ပဲတီစိမ်း | ပဲစင်းငုံ | ပဲလွန်းဖြူ |
|---|---|---|---|---|---|
| ၁ | ၂၀၂၃(အောက်တိုဘာ) | ၂၉၃၇၅၀၀ | ၁၇၈၈၂၀၀ | ၄၀၇၅၀၀၀ | ၁၆၃၅၁၀၀ |
| ၂ | ၂၀၂၄(အောက်တိုဘာ) | ၃၆၉၉၀၀၀ | ၂၆၆၃၉၀၀ | ၄၀၇၅၀၀၀ | ၂၉၆၀၉၀၀ |




ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်၏ ၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် ဖြစ်ပေါ်နေသည့် ပဲမျိုးစုံ ပြည်တွင်းတစ်တန်ဈေးနှုန်းများ နှိုင်းယှဉ်ရာ၌ မတ်ပဲတစ်တန် ဈေးနှုန်းမှာ ၂၀၂၃ ခုနှစ်တွင် ကျပ် ၂၉၃၇၅၀၀ရှိရာမှ ၂၀၂၄ ခုနှစ်တွင် ကျပ် ၃၆၉၉၀၀၀ သို့လည်းကောင်း၊ ပဲတီစိမ်း တစ်တန်ဈေးနှုန်းမှာ ၂၀၂၃ ခုနှစ်တွင် ကျပ် ၁၇၈၈၂၀၀ ရှိရာမှ ၂၀၂၄ ခုနှစ်တွင် ကျပ် ၂၆၆၃၉၀၀ သို့လည်းကောင်း၊ ပဲလွန်းဖြူ တစ်တန်ဈေးနှုန်းမှာ ၂၀၂၃ ခုနှစ်တွင် ကျပ် ၁၆၃၅၁၀၀ ရှိရာမှ ၂၀၂၄ ခုနှစ်တွင် ကျပ် ၂၉၆၀၉၀၀ သို့လည်းကောင်း အသီးသီး ဈေးမြင့်တက်သွားပြီး ပဲစင်းငုံအနေဖြင့် ၂၀၂၃ ခုနှစ်တွင် ကျပ် ၄၀၇၅၀၀၀ ရှိရာမှ ၂၀၂၄ခုနှစ်တွင် ကျပ် ၄၀၇၅၀၀၀ ဖြင့် ဈေးငြိမ်လျက်ရှိသည်ကို တွေ့ရှိရသည်။

လက်ရှိတွင် အိန္ဒိယအစိုးရ၊ နိုင်ငံခြားကုန်သွယ်မှု အထွေထွေညွှန်ကြားမှုဦးစီးဌာနက မတ်ပဲနှင့် ပဲစင်းငုံတို့ကို လွတ်လပ်စွာတင်သွင်းခွင့် မူဝါဒကို ၂၀၂၅ ခုနှစ် မတ် ၃၁ ရက်အထိ သက်တမ်းတိုးလိုက်သည့်အတွက် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့လျက်ရှိသော ပဲစင်းငုံနှင့် မတ်ပဲများအတွက် ဈေးကွက်အခွင့်အလမ်းများ ဆက်လက်ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

တောင်သူများအနေဖြင့် ပဲမျိုးစုံများအနက် မတ်ပဲနှင့် ပဲစင်းငုံတို့အား စီးပွားဖြစ်ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**ဇာစ်မြစ်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင်၂၀၂၃ခုနှစ် နှင့် ၂၀၂၄ ခုနှစ်တို့၏ အောက်တိုဘာလ ၃၁ ရက်နေ့တွင် ဖြစ်ပေါ်နေသည့်ပဲမျိုးစုံများ၏ အမြင့်ဈေးနှုန်းများအား ကာလတူနှိုင်းယှဉ်ထားခြင်းဖြစ်ပါသည်။**









ထောက်ခံချက်အမှတ် - အစဖ/၂၉၆၈၇

## BOSS Bird's Nest ၏အားသာချက်များ

- ကိုယ်တိုင် အိမ်ဆောက်လုပ်၍ မွေးမြူ ရောင်းချ ပေးနေ ပါသောကြောင့် ၁၀၀ % သဘာဝ ငှက်သိုက် စစ်စစ်ဖြစ်ခြင်း။
- Chemical ဓာတုဗေဒ ပစ္စည်းများ မပါဝင်ခြင်း။
- ဈေးနှုန်း ချိုသာခြင်း။
- အလေးချိန် တိကျ မှန်ကန်ခြင်း။
- မိဘ ဆရာသမားများအား ကျန်းမာရေး လက်ဆောင်မွန် အဖြစ်ပေးနိုင်အောင် Packing လှလှလေးများပါ စီစဉ်ပေးခြင်း။
- မြို့ပေါင်း (၅၀) ကျော်အထိ အိမ်အရောက် Delivery စီစဉ် ပေးခြင်း။
- (၅) ကျပ်သားအထက် မှာယူသူတိုင်းအား Delivery Free ဖြင့် ပို့ဆောင် ပေးခြင်း။
- စားသုံးသူများ စိတ်ချမ်းမြေ့စွာ အသင့်ပေါင်း၍ သောက်နိုင်ရန် သကြားကျောက်များပါ မေတ္တာလက်ဆောင် ထည့်သွင်းပေး ထားခြင်း

**ဆက်သွယ်ရန် လိပ်စာ**

**အမှတ်(၉၀) ကန်ဖျားလမ်းမကြီး၊ မြိတ်မြို့၊**

**တနင်္သာရီတိုင်းဒေသကြီး။**

**Phone : 09-695133830**



# Geomotion
MYANMAR



- Geotechnical Investigation & Instrumentation Services.
- Sales of Precise Geotechnical Instruments

Address : No.636, Yamanay Street, 34 Ward, North Dagon Township, Yangon, Myanmar

Phone Number : +95 9 795006258, +95 9 5418632

Contact Email : admin@geomotion.com.mm , info@geomotion.com.mm ,

Website : http://www.geomotion.com.mm

# Myanmar Kai Yuan Co., Ltd
KAI YUAN

CHEMICAL TRADING & LOGISTICS

ဓာတုကုန်ကြမ်းစုံလင်စွာ
Kai Yuan မှာသာရနိုင်တာ



09 448 774 998
09 252 691 028

Get the perfect service for chemicals

Address ; Plot No.152, Kanar Street, Dagon Seikkan Industrial zone1, Dagon Seikkan Township,Yangon Region, Myanmar.

Phone ; 09-252691028 , www.myanmarkaitai.com,

Email ; loura.pu@gmail.com , mky8@kaiyuangroupltd.com

YOUR ONE-STOP TECH PARTNER

# MICRO-IT
GROUP

FACILITY MANAGEMENT
ELV SYSTEM
E-Mail
WEB

သင့်အနာဂတ်ပိုမိုတောက်ပစေနိုင်ဖို့

သင့်လုပ်ငန်းများပိုမိုအောင်မြင်နိုင်ဖို့

နည်းပညာပစ္စည်းများနှင့် ပတ်သက်ပြီး
ဘယ်လိုဝန်ဆောင်မှုပဲလိုလို
အမြန်ဆုံးနှင့် အကောင်းဆုံး
ဝန်ဆောင်မှုကိုပေးဖို့
MICRO-IT GROUP
မှ အသင့်ရှိနေပါတယ်။

MICRO IT

09 880 918 851
09 880 918 852
sanhtet@microinfotech.org

# PORT-48 CO., LTD.
ELV & IT Solution

Email:info@port-48.com

Phone: 09-403870503

- Network Design and Setup Installation Services
- Routing, Switching & Firewall Services
- Wireless (Indoor/Outdoor) Services
- CCTV ( Closed-Circuit Television) Services
- PA (Public Address) Services
- PABX (Private Automatic Branch Exchange) Services
- MATV (Master Antenna Television) Services
- Finger Print and Door Lock System Services
- Fire Alarm & Fire Fighting System Services
- Maintenance Contract Services

# MEGA WEB STUDIO

Affordable Price, High Quality, Best Service

ELEVATE YOUR BUSINESS WITH OUR

## WEBSITE

DEVELOPMENT SERVICES



### OUR SERVICES

- Web Design & Development
- Web Hosting and Maintenance
- Domain Name Registration
- Customized Web Application
- e-Commerce System
- Web View Mobile Application
- Google Workspace & Business Email

(+959) 43031994, 966722160 info@megawebstudio.net www.megawebstudio.net

# SHWE WAH YAUNG Agriculture Production Co.,ltd.



Office : Nya/73, Yuzana Street, Bayint Naung (1) Ward, Mayangone Township, Yangon, Myanmar.

Ph : 01-3684437~38, 01-3680803, 01-3686158, 01-3686251 Fax : 01-3686251

Warehouse : No(465/A), Corner of Yaw Ah Twin Wun U Pho Hlaing Street & Kannar Street,
Shwe Lin Pan Industrial Zone, Hlaing Tharyar Township, Yangon, Myanmar.

Ph : 01-3684437~38, 01-3680803, 01-3686158, 01-3686251 Fax : 01-3686251

website : www.swymyanmar.com, Email : eximdept@swymyanmar.com, thaungtike@swymyanmar.com

COMMERCE INTERNATIONAL

# BRICS အဖွဲ့တွင် ပါဝင်ရန် မိတ်ဖက်နိုင်ငံများကို ဖိတ်ခေါ်

ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံတို့ ဦးစွာပါဝင်ဖွဲ့စည်းထားသည့် ပွင့်လင်း၍ အစိုးရပိုင်းက အလုံးစုံ လွှမ်းခြုံပါဝင်သော ယန္တရားတစ်ရပ်ဖြစ်သည့် BRICS အဖွဲ့တွင် ပါဝင်ရန် မိတ်ဖက်နိုင်ငံများကို ဖိတ်ခေါ်ထားကြောင်း geopoliticaleconomy.com သတင်းဌာန၏ အောက်တိုဘာ ၃၀ ရက် သတင်းဖော်ပြချက်အရ သိရသည်။

အရှေ့တောင်အာရှမှ အင်ဒိုနီးရှားနိုင်ငံ အပါအဝင် အခြားသော စိတ်တူကိုယ်တူရှိမည့် မိတ်ဖက်နိုင်ငံများကို လှိုက်လှဲစွာကြိုဆိုကြောင်း BRICS အဖွဲ့ဝင်နိုင်ငံများကိုယ်စား တရုတ်နိုင်ငံခြားရေးဝန်ကြီးက ဖိတ်ခေါ်ထားခြင်း ဖြစ်သည်။

အခြားတစ်ဖက်တွင် အင်ဒိုနီးရှားနိုင်ငံအနေဖြင့် BRICS အဖွဲ့တွင် ပါဝင်ရန် စိတ်ပိုင်းဖြတ်ထားကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အကျိုးစီးပွားအလို့ငှာ ရပ်တည်ပေးသည့် မဟာဗျူဟာမြောက် ပလက်ဖောင်းတစ်ခုအဖြစ် BRICS အဖွဲ့ကို ရှုမြင်ကြောင်း အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး Sugiono က ပြောကြားခဲ့သည်ဟု သတင်းတွင် ဖော်ပြထားသည်။





အင်အားကြီး နိုင်ငံများနှင့် ဖွဲ့စည်းထားသည့် BRICS သည် စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို မြှင့်တင်ကာ ဘုံအကျိုးစီးပွားထိန်းသိမ်းရာတွင် ထွန်းသစ်စဈေးကွက်များနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အရေးပါသော ပလက်ဖောင်းတစ်ခုဖြစ်ပြီး စီးပွားရေးနှင့် နိုင်ငံရေးရာများတွင် ခိုင်မာသော အင်အားတစ်ရပ်အဖြစ် ပေါ်ထွန်းလာခဲ့ခြင်း ဖြစ်သည်ဟု ၎င်းက ပြောဆိုခဲ့သည်။

BRICS အဖွဲ့ကို ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံတို့ဖြင့် ဦးစွာ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ၎င်းအဖွဲ့အနေဖြင့် ၂၀၂၃ ခုနှစ် ဩဂုတ်လက အီဂျစ်၊ အီသီယိုးပီးယား၊ အီရန်နှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့ကို အဖွဲ့ဝင်နိုင်ငံများအဖြစ် ဖိတ်ခေါ်ခဲ့ရာ ယင်းနိုင်ငံများသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် BRICS၏ တရားဝင် အဖွဲ့ဝင်နိုင်ငံများ ဖြစ်လာခဲ့သည်။

ထို့ပြင် အယ်လ်ဂျီးရီးယား၊ ဘီလာရုစ်၊ ဘိုလီဗီးယား၊ ကျူးဘား၊ အင်ဒိုနီးရှား၊ ကာဇက်စတန်၊ မလေးရှား၊ နိုင်ဂျီးရီးယား၊ ထိုင်း၊ တူကီယေး၊ ယူဂန်ဒါ၊ ဥဇဘက်ကစ္စတန်နှင့် ဗီယက်နမ်နိုင်ငံတို့ကိုလည်း BRICS၏ အဖွဲ့ဝင်နိုင်ငံများအဖြစ် လက်ခံရန် အဆင်သင့်ဖြစ်နေကြောင်း သိရသည်။

**Source:geopoliticaleconomy.com**

## ကမ္ဘာကျော် စတားဘတ်ခ်က သံလွင်ဆီ ကော်ဖီကို စတင်ရောင်းချတော့မည်




ကမ္ဘာ့ ကော်ဖီဇာတ်ခုံပေါ်တွင် နံပါတ်(၁)နေရာကို ရယူထားသည့် Starbucks သည် သံလွင်ဆီ ပါဝင်သည့် ကော်ဖီများကို နိုဝင်ဘာလဆန်းပိုင်းမှ စတင်ပြီး ရောင်းချတော့မည်ဖြစ်ကြောင်း CNN သတင်းတစ်ရပ်က အောက်တိုဘာ ၃၀ ရက်တွင် ရေးသားဖော်ပြထားသည်။

Starbucks ၏ သံလွင်ဆီကော်ဖီကို နိုဝင်ဘာလဆန်းပိုင်းတွင် အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့၌ ဦးစွာ စမ်းသပ်ရောင်းချပေးမည်ဖြစ်ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။ Starbucks ၏ လက်ရှိ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Brian Niccol သည် လျော့ကျသွားသည့် ဖောက်သည်များ ပြန်လည်ရရှိရေးအတွက် Starbucks မီနူးအသစ်ကို ချပြလိုက်ခြင်းဖြစ်သည်။

လတ်တလောကာလတွင် ကမ္ဘာအရပ်ရပ်၌ လူနေထိုင်မှုစရိတ်များ မြင့်တက်လာခြင်းကြောင့် စားသုံးသူများ၏ ဘတ်ဂျက်များ အခက်ကြုံနေရသဖြင့် Starbucks ကော်ဖီ၏ ရောင်းအားမှာလည်း ကျဆင်းနေရခြင်း ဖြစ်ကြောင်း သိရသည်။

အီတလီ၊ ဂျပန်နှင့် တရုတ်နိုင်ငံတို့ရှိStarbucks ဆိုင်အချို့တွင် Oleato အချိုရည်များကို ရောင်းချနေဆဲဖြစ်ကြောင်း၊ သို့သော် မကြာမီကာလတွင် အမေရိကန်နှင့် ကနေဒါတို့တွင် ရောင်းချမည့် သံလွင်ဆီကော်ဖီကိုလည်း ရောင်းချနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း Brian Niccol က ပြောသည်။

Starbucks ၏ ကမ္ဘာလုံးဆိုင်ရာ ရောင်းအားသည် ၂၀၂၄ ခုနှစ် ဇူလိုင်လမှ စက်တင်ဘာလအတွင်း ယခင်နှစ်ကထက် ၇ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း Brian Niccol က ဝန်ခံထားသည်။ ယင်းအခြေအနေများကို ပြန်လည်ကုစားနိုင်ရန်အတွက် သံလွင်ဆီကော်ဖီဖြင့် ပြန်လည်ထိုးဖောက်ရန် ပြင်ဆင်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သံလွင်ဆီကော်ဖီတွင် အအေးခံထားသော espresso၊ သံလွင်ဆီနှင့် oat နို့ပါသော လတ်တီးတစ်မျိုးတို့ ပါဝင်သည်ဟုဆိုသည်။ Starbucks မှ ဆန်းသစ်လိုက်သည့် သံလွင်ဆီကော်ဖီသည် ကျန်းမာရေးအတွက် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း အမှုဆောင်အရာရှိချုပ်ဖြစ်သူ Brian Niccol က ထပ်လောင်း ပြောဆိုခဲ့သည်။ **Source; CNN**




## လျှပ်စစ်ကားများအပေါ် ဥရောပသမဂ္ဂ၏ စည်းကြပ်ခွန်သတ်မှတ်ချက်ကို တရုတ် လက်သင့်မခံ

တရုတ်နိုင်ငံထုတ် လျှပ်စစ်ကား(EV) များအပေါ် ထပ်တိုး စည်းကြပ်ခွန်များ သတ်မှတ်လိုက်သည့် ဥရောပသမဂ္ဂ၏ ဆုံးဖြတ်ချက်ကို တရုတ်နိုင်ငံအနေဖြင့် သဘောတူလက်ခံခြင်း မရှိကြောင်း အောက်တိုဘာ ၃၀ ရက်တွင် တရုတ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောကြားခဲ့သည်ဟု ဆင်ဟွာသတင်းတစ်ရပ်က ရေးသားဖော်ပြထားသည်။

ဥရောပသမဂ္ဂ၏ တရုတ်လျှပ်စစ်ကားများအား အထောက်အပံ့ရယူမှု တိုက်ဖျက်ရေးဆိုင်ရာ စုံစမ်းစစ်ဆေးမှုသည် လျော်ကန်မှု မရှိသကဲ့သို့ စည်းမျဉ်းနှင့်လည်း မညီကြောင်း၊ ယင်းမှာ ကိုယ်ကျိုးစီးပွား ကာကွယ်ရေး အစီအမံတစ်ခုသာဖြစ်ကြောင်း တရုတ်နိုင်ငံဘက်က တုံ့ပြန်ထားခြင်း ဖြစ်သည်။

တရုတ်နိုင်ငံသည် အဆိုပါကိစ္စရပ်နှင့် ပတ်သက်၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO)၏ အငြင်းပွားမှုဖြေရှင်းရေး ယန္တရားထံ တင်ပြထားပြီးဖြစ်ကြောင်း၊ တရုတ်စီးပွားရေးလုပ်ငန်းများ၏ တရားဝင် အခွင့်အရေးများနှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော အစီအမံအားလုံးကိုလည်း မိမိတို့ဘက်က ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဥရောပသမဂ္ဂသည် တရုတ်နိုင်ငံထုတ် လျှပ်စစ်ကားများနှင့် ပတ်သက်၍ လက်ရှိအချိန်တွင် နှုန်းထားညှိနှိုင်းဖြေရှင်းရေးအတွက် ဆွေးနွေးမှုများ လုပ်ဆောင်လာဖွယ်ရှိနေကြောင်း၊ တရုတ်နိုင်ငံဘက်ကလည်း ကုန်သွယ်ရေးအငြင်းပွားမှုများကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ဖြေရှင်းရန် ကြိုးပမ်းခဲ့ကြောင်း သိရသည်။

ဥရောပသမဂ္ဂအနေဖြင့် လက်တွေ့ကျကျ ကိုင်တွယ်ဆောင်ရွက်ရေး၊ ဟန်ချက်ထိန်းညှိရေး မူဝါဒများကို ကျင့်သုံးခြင်းဖြင့် နှစ်ဖက်ကိစ္စရပ်များကို အပြန်အလှန် ထည့်သွင်းစဉ်းစားပြီး အပြုသဘောဖြင့် လက်တွဲလုပ်ဆောင်ကာ ကုန်သွယ်ရေး ပဋိပက္ခများ အရှိန်မြင့်တက်မလာအောင် တားဆီးရန် နှစ်ဖက်လုံးက လက်ခံနိုင်သော ဖြေရှင်းနည်းတစ်ရပ် မကြာမီကာလတွင် ရရှိနိုင်မည်ကို တရုတ်နိုင်ငံက ယုံကြည်နေကြောင်း တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ပြောခွင့်ရပုဂ္ဂိုလ်က ပြောခဲ့သည်။

**Source; Xinhua**

စိုင်းဗညား - စုစည်းသည်